MOEA

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာဒဏ္ဍာရီများ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အမှာစာ	
၁။	ကချင်ရိုးရာအကများ	၁-၃
၂။	လာချိဒ်ရိုးရာအကများ	၄
၃။	ကရင်ရိုးရာအကများ	၅-၈
၄။	အရှိ(ချင်း)ရိုးရာအကများ	၉-၁၃
၅။	ထားဝယ်ရိုးရာအကများ	၁၄-၁၇
၆။	မွန်ရိုးရာအကများ	၁၈-၂၂
၇။	မွန်ရှေးဟောင်းနှစ်ပါးသွားအက	၂၃
	(၁) မွန်ရိုးရာအကသမိုင်း	၂၃-၂၇
	(၂) မွန်အကအမျိုးအစားများ	၂၇-၂၈
	၂၊ ၁။ မုဒြာလက်ဟန်(၄)မျိုး	၂၉-၃၀
	၂၊ ၂။ ခြေလှုပ်ရှားဟန်(၅)မျိုး	၃၁-၃၃
	၂၊ ၃။ စည်းဝါး(၄)မျိုး	၃၄
	(၃) မွန်ရှေးဟောင်းနှစ်ပါးသွားအက၏ သဘောသဘာဝ	၃၄-၃၇
	(၄) မွန်ရှေးဟောင်းနှစ်ပါးသွား တင်ဆက်ကပြပုံ	၃၇-၄၂
	၄၊ ၁။ တေးသီချင်း	၄၂-၄၅
	၄၊ ၂။ တီးခတ်သော တူရိယာများ	၄၅
	၄၊ ၃။ ကကြိုးကဟန်များ	၄၆-၅၄
	၄၊ ၄။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု	၅၅-၅၆
၈။	ရခိုင်ရိုးရာအကများ	၅၇-၆၅
၉။	ပအိုဝ်းရိုးရာအကများ	၆၆-၆၇
၁၀။	တိုင်းလေရိုးရာအက	၆၈-၆၉
၁၁။	ယင်းကြားရိုးရာအကများ	၇၀-၇၁
၁၂။	ကိုးကန့်ရိုးရာအကများ	၇၂-၇၃
၁၃။	ထနော့ရိုးရာအကများ	၇၄-၇၅
၁၄။	တိုင်းခမ်းတီရိုးရာအကများ	၇၆
၁၅။	တိုင်းရင်းသားများ၏ ရိုးရာအကများနှင့် ပေါ်ပေါက်လာသည့် ကာလအပိုင်းအခြားများအား စုစည်းဖော်ပြထားခြင်း	၇၇-၈၀
	ကျမ်းကိုးစာရင်း	၈၁-၈၃

အမှာစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုများစွာဖြင့် ပေါင်းစုဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၂၂) ပုဒ်မခွဲ(က)ပါ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟူသည့် ပြဋ္ဌာန်းချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ ရည်ရွယ်ချက် ပုဒ်မ(၃) ပုဒ်မခွဲ(ဂ)နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအား ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းဥပဒေပါ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ခေတ်ဟောင်းတေးသီချင်း၊ ဂီတသံစဉ်၊ ရိုးရာအက၊ ရိုးရာတူရိယာများနှင့်စပ်လျဉ်း၍ မှတ်တမ်းစာအုပ်များထုတ်ဝေခြင်း စီမံကိန်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများမှတဆင့် သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း/အဖွဲ့များမှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် အချက်အလက်များအား စုစည်း၍ မှတ်တမ်းစာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်ပါသည်။

ခေတ်ဆက်ဆက် လက်ဆက်ကမ်းထိန်းသိမ်းလာခဲ့ကြသည့် တိုင်းရင်းသားများ၏ ရိုးရာအကများနှင့်စပ်လျဉ်း၍ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ကကွက်၊ ကဟန်များနှင့် ဒေသအလိုက် ကွဲပြားခြားနားကြသည့် ရိုးရာအကများ၏ သဘောသဘာဝများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပေးခြင်းဖြင့် ပိုမိုတိုးတက်ကောင်းမွန်သည့် လူမှုယဉ်ကျေးမှုအသိုက်အဝန်းတစ်ရပ်ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ဤစာအုပ်သည် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာအကများနှင့်စပ်လျဉ်း၍ စုစည်းတင်ပြထားခြင်းဖြစ်သဖြင့် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များအား ရှာဖွေဖော်ထုတ်ထိန်းသိမ်းရာတွင်လည်းကောင်း၊ ယဉ်ကျေးမှုဓလေ့စရိုက်သမိုင်းအမွေအနှစ်ကောင်းများကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ဆောင်ရွက်လိုသည့် နှောင်းခေတ်လူငယ်များအတွက်လည်းကောင်း၊ တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုကို အပြန်အလှန်လေးစားမြတ်နိုးတန်ဖိုးထားတတ်စေရန်အတွက်လည်းကောင်း အထောက်အကူပြုပေးနိုင်မည့် စာအုပ်ဖြစ်စေရန်အလို့ငှာ ရည်ရွယ်၍ ထုတ်ဝေရခြင်း ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန

အပိုင်း(၁)

ကချင်ရိုးရာအကများ

၁။ ကချင်လူမျိုးတို့သည် ကခုန်ခြင်း၊ သီချင်းဆိုခြင်းများတွင် အထူးဝါသနာထုံသော လူမျိုးများဖြစ်သည်။ မင်္ဂလာပွဲများတွင်လည်းကောင်း၊ အသုဘကြုံသည့်အခါ၌လည်းကောင်း၊ အခြားနတ်ပွဲများတွင်လည်းကောင်း အစုလိုက်၊အပြုံလိုက် သီဆိုကခုန်လေ့ရှိကြသည်။ တစ်ယောက်တည်းကပြခြင်းကား နည်းပါးလှသည်။ ယောကျ်ားနှင့်မိန်းမ တွဲဖက်ကကြရာတွင် တစ်ဦးနှင့်တစ်ဦးကိုင်တွယ်ခြင်းမရှိကြချေ။

၂။ အဓိက ဂီတတူရိယာမှာ ၄ မိုင် သို့မဟုတ် ၅ မိုင်အကွာအဝေးအတွင်း ကြားနိုင်သည့် ကျယ်လောင်သောဒရမ်ဖြစ်သည်။ ၎င်းသည် ကျွဲသားရေဖြင့်ပြုလုပ်ထားသည့် နှစ်မျက်နှာရှည် ဗုံးဖြစ်သည်။ ဒရမ်ရှည် သို့မဟုတ် မဟာစည်ဟုခေါ်သည်။ ထို့နောက် ကျွဲဦးချိုကို ထုလုပ်ထားသော "ဒမ်ဘား" ဟုခေါ်သော မောင်းထုကြီးနှင့် ပလွေများရှိပါသည်။ [ကချင်အမျိုးသားအစည်းအရုံးမှ တင်ပြချက်ကို မှီငြမ်းသည်]။ ကချင်လူမျိုးတို့သည် မိရိုးဖလာအားဖြင့် မောင်း၊ လင်းကွင်း၊ ဗုံရှည်နှင့် ပြွေတူရိယာများကို တီးမှုတ်လေ့ရှိကြသည်။ သို့သော် ယခုအခါ၌ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ မြန်မာနိုင်ငံ ပြည်မတို့နှင့် များစွာကူးလူးဆက်ဆံနေပြီဖြစ်သော ကြောင့် ညှိကြိုးတူရိယာများ၊ ဘေးပေါက်ပြွေများ၊ ခရာများကိုလည်း မှုတ်တတ်နေကြပြီဖြစ်သည်။

ကချင်ရိုးရာအကများမှာ-

(၁) မနောအက

(၂) ထောင်ကာအက

(၃) ပိုးပန်းအက

(၄) ဓားအက

(၅) ရိတ်သိမ်းအက

စသည်တို့ဖြစ်သည်။

(၁) မနောအက

ကချင်ပြည်နယ်၌ ထင်ရှားကျော်စောလှသော ပွဲတော်ကြီးတစ်ခုမှာ 'မနောပွဲ' ခေါ် နတ်ပူဇော်ပွဲကြီးပင်ဖြစ်သည်။ စစ်ပွဲများအောင်နိုင်သောအခါ၊ စိုက်ပျိုးထားသော သီးနှံများ အောင်မြင်သောအခါ၊ နတ်များနှင့်ဘိုးဘွားများအား ဂုဏ်ပြုသည့်နည်းလမ်းလည်းဖြစ်သည်။ (ယခုအခါ ခရစ်ယာန်အများစုဖြစ်ကြပြီဖြစ်သဖြင့် နတ်ပူဇော်ခြင်းမပါဝင်ဘဲ ကပြကြသည်) နတ်များကို ပူဇော်ပသသောအလေ့အထမှာ တိုဗက်လူမျိုး

တို့၏ ဓလေ့ထုံးစံများဖြစ်ဟန်တူသည်။ မနောတိုင်ဟုခေါ်သော ဗဟိုတိုင်တဝိုက်တွင် စုဝေးကာ ကခုန်ကြခြင်းဖြစ်သည်။ မနောတိုင်တွင် ကချင်ဗုံကိုတီးကာ ရိုးရာသီချင်းသီဆိုသူများ နေရာယူသည်။

'မနောအက'အား အုပ်စု ၂ ခုဖြင့် ကကြပြီး အုပ်စုတစ်ခုစီကို ဦးဆောင်နေသူ နှစ်ဦးရှိသည်။ ခေါင်းဆောင်များ၏နောက်တွင် မျိုးနွယ်စုအသီးသီးမှ အဖွဲ့ဝင်များ ဖြစ်သည့် Maru, Lacid, Lashi, Azi, Zaiwa, Rvwang, Lisu နှင့် Jinghpaw တို့သည် ရိုးရာဝတ်စုံအပြည့်ဖြင့် လိုက်ပါကြသည်။ နောက်တွင်လိုက်ပါကနေသူအားလုံးမှ ဦးဆောင်နေသူများအားကြည့်ကာ လိုက်လံကကြခြင်းဖြစ်သည်။ မနောအကခေါင်းဆောင်များနှင့် ၎င်းတို့၏ သက်ဆိုင်ရာအဖွဲ့ဝင်များသည် မဏ္ဍာပ်ရှိ ဧည့်သည်များနှင့် မျက်နှာချင်းဆိုင်ကာ အလေးပြုခြင်းဖြင့် အစပြုကြသည်။ ထို့နောက် မနောတိုင်များဆီသို့ လှည့်၍ ဦးညွှတ်ကပြကာ အလေးပြုကြသည်။ တစ်ခါတစ်ရံတွင် ခေါင်းဆောင်များသည် အထူးအကများဖြင့် မနောတိုင်များပေါ်တွင် ရေးဆွဲထားသော ပုံစံများကို ဖန်တီးကြသည်။ မနောအကတွင် အနည်းဆုံး အက ၇ ကွက် မှ ၉ ကွက် အထိ ပါဝင်ပြီး အကသည် အနည်းဆုံး တစ်နာရီမှ သုံးနာရီ၊ အများဆုံး လေးရက်မှ ရှစ်ရက်အထိ ကြာရှည်သည်။ လူမျိုး၊ ဘာသာ၊ အဆင့်အတန်း မခွဲခြားဘဲ မည်သူမဆို ဤရိုးရာအကပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ပြီး ဤအကဖြင့် ချစ်ကြည်ရင်းနှီးမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံအုတ်မြစ်ကိုလည်း ခိုင်မာစေပါသည်။

(၂) ထောင်ကာအက

နောက်ထပ်ကျော်ကြားသော အကတစ်ခုမှာ ထောင်ကာဖြစ်သည်။ ထိုအကတွင် အမျိုးသား၊ အမျိုးသမီးများသည် ဝိုင်းကာ ဓားများ၊ ချည်ထည်များကို လက်ထဲတွင် ကိုင်ဆောင်ကာ အဝင်အထွက်ပြုလုပ်ကြသည်။ ပွဲတော်များတွင် တီးမှုတ်ခြင်းနှင့် ပလွေမှုတ်ခြင်းအတွက် ကချင်လူမျိုးများသည် ကျွဲဦးခေါင်းခွံများဖြင့် တိုင်ပတ်ပတ်လည်တွင် ကပြကြပြီး အကြီးအကဲများက ဦးဆောင်သည်။

(၃) ပိုးပန်းအက

လူမှုရေးပွဲများတွင် ဖျော်ဖြေခြင်းဖြင့် တစ်ဦးချင်းစီသည် မိမိတို့၏ အရည်အချင်းများကို ပြသရန်နှင့် အလားအလာရှိသော လက်တွဲဖော်ကို ဆွဲဆောင်နိုင်ရန်အတွက် ဖြစ်သည်။

(၄) **ဓားအက**

ကချင်လူမျိုးများ၏ ရဲဝံ့စွန့်စားသောသမိုင်းကြောင်းနှင့် စိတ်ဓာတ်ကို ထင်ဟပ်စေသော အကဖြစ်သည်။ သူရဲကောင်းများကို ဂုဏ်ပြုပြီး ရဲစွမ်းသတ္တိရှိသူများကို ဂုဏ်ပြုသည့်အနေဖြင့် ကပြဖျော်ဖြေကြသည်။ စစ်သည်တော်များနှင့် ဗျူဟာကျ တိုက်ခိုက်မှုများကို တုပထားကာ တိုက်ပွဲဖြစ်စဉ်များ၊ ပြင်းထန်သောလုံနှင့် ဒိုင်းများ ကဲ့သို့ လှုပ်ရှားမှုများ အသုံးပြုခြင်းတို့ ပါဝင်နိုင်သည်။ တက်ကြွစွာကပြရသော အကဖြစ်သည်။

(၅) **ရိုတ်သိမ်းအက**

ရိုတ်သိမ်းရာသီနှင့် လယ်ယာလုပ်သားများ၏ အသီးအနှံများကို ဂုဏ်ပြုခြင်းဖြစ်သည်။ အကသည် စိုက်ပျိုးခြင်း၊ ရိုတ်သိမ်းခြင်းနှင့် သီးနှံများကို သိုလှောင်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်ကို ဖော်ဆောင်သည့်လှုပ်ရှားမှုများ ပါဝင်လေ့ရှိသည်။ စည်းချက်ကျကျဖြင့် ဖျော်ဖြေပြီး ရိုတ်သိမ်းခြင်းဆိုင်ရာအချိန်များတွင် ကပြဖျော်ဖြေကြသည်။

ကချင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း(ရှမ်းပြည်နယ်)။

အပိုင်း(၂)

လာချိုဒ်ရိုးရာအကများ

လာချိုဒ်တိုင်းရင်းသားများ၏ ထင်ရှားသော အကများမှာ-

(၁) ဂျန်ခန်ဇွမ်ဂေါအက

(၂) ယွမ်ဝန်ဂျီဂေါအက

(၃) စမ်းဝိတ်ဂေါနွမ့်အက

(၄) ဂေါဘမ်ဂေါအက တို့ဖြစ်ပါသည်။

(၁) ဂျန်ခန်ဇွမ်ဂေါအက

လာချိုဒ်တိုင်းရင်းသားများ၏ ဂျန်ခန်ဇွမ်ဂေါအကသည် ဘီစီ ၁၂၀၀ ဝန်းကျင်မှ စတင်ပေါ်ပေါက်လာခဲ့ပြီး နာမကျန်းဆုတောင်းပွဲ၊ သက်ရှည်ပူဇော်ပွဲ၊ မနောပွဲ၊ ကောက်သစ်စားပွဲများတွင် ကပြဖျော်ဖြေတင်ဆက်လေ့ရှိသော အကဖြစ်ပါသည်။

(၂) ယွမ်ဝန်ဂျီဂေါအက

လာချိုဒ်တိုင်းရင်းသားများ၏ ယွမ်ဝန်ဂျီဂေါအကသည် ဘီစီ ၁၃၀၀ ဝန်းကျင်မှ စတင်ပေါ်ပေါက်လာခဲ့ပြီး အိမ်သစ်တက်မင်္ဂလာပွဲတွင် ကပြဖျော်ဖြေတင်ဆက်လေ့ရှိသော အကဖြစ်ပါသည်။

(၃) စမ်းဝိတ်ဂေါနွမ့်အက

လာချိုဒ်တိုင်းရင်းသားများ၏ စမ်းဝိတ်ဂေါနွမ့်အကသည် ဘီစီ ၁၅၀ ဝန်းကျင်မှ စတင်ပေါ်ပေါက်လာခဲ့ပြီး မနောပွဲ၊ ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲတော်အခမ်းအနားများတွင် ကပြဖျော်ဖြေတင်ဆက်လေ့ရှိသော အကဖြစ်ပါသည်။

(၄) ဂေါဘမ်ဂေါအက

လာချိုဒ်တိုင်းရင်းသားများ၏ ဂေါဘမ်ဂေါအကသည် ဘီစီ ၁၃၀၀ ဝန်းကျင်မှ စတင်ပေါ်ပေါက်လာခဲ့ပြီး အသုဘအခမ်းအနားတွင် ကပြဖျော်ဖြေတင်ဆက်လေ့ရှိသော အကဖြစ်ပါသည်။

အပိုင်း(၃)
ကရင်ရိုးရာအကများ

၁။ ယနေ့အချိန်အထိ မျက်ဝါးထင်ထင်မြင်တွေ့နေကြရသော ကရင်အကများအနက် ဒုံးအကနှင့်ဝါးညှပ်အကများသည် အထင်ရှားဆုံးဖြစ်သည်။ ဧည့်ခံဖျော်ဖြေသော အခမ်းအနားများ၊ ပွဲလမ်းသဘင်ကျင်းပပြုလုပ်ခြင်းများတွင် ဒုံးအကဖြင့် တင်ဆက်ကပြလေ့ရှိ၏။ ဝါးညှပ်အကကိုမူ များသောအားဖြင့် နှစ်သစ်ကူးပွဲပြုလုပ်သောအခါများ၌ ပါဝင်ကခုန်ကြကြောင်း တွေ့ရှိရသည်။ အဆိုပါအကများနှင့်စပ်လျဉ်း၍ တင်ပြရမည်ဆိုပါက-

(၁) ဒုံးအက

ယခင်အချိန်က ဒုံးအကများကိုကရာ၌ ဘာသာရေးဆိုင်ရာဇာတ်လမ်းများကို ပြဇာတ်ဆန်ဆန် သရုပ်ဖော်ကပြသွားကြသည်လည်းရှိ၏။ ဥပမာ - ရွှေသမင်ဒုံး၊ ဆင်ဖြူတော်ဒုံး၊ မျောက်ဒုံး၊ ကျွဲဒုံး၊ မိကျောင်းဒုံးနှင့် လူပြက်ဒုံး စသည်တို့ဖြစ်ကြသည်။ သို့သော် ယနေ့မြင်တွေ့ရသော ဒုံးအကမှာ မောင်ရို့ဒုံး၊ ခေတ်ပြင်တေး "တုံးမောင်ရို့" ပင်ဖြစ်သည်။ ကပြသောအချိန်တွင် အစပြုချိန်နှင့်ပြီးလုနီးချိန်များ၌ သံချပ်ထိုးသကဲ့သို့ "လေလေ့ မောင်ရို့ မောင်ရို့ လေလေ့"ဟူ၍ အပြန်အလှန်အတိုင်အဖောက်ညီစွာဖြင့် သီဆိုကြသောကြောင့် မောင်ရို့ဒုံး ဟု ခေါ်ဝေါ်လာကြခြင်းပင်ဖြစ်သည်။

ဒုံးကရာတွင် ပရိတ်သတ်များအား ဆွဲဆောင်မှုရှိစေရန် ကနည်းကဟန်နှင့် ပတ်သက်သော စည်းကမ်းချက်များရှိကြောင်း တွေ့ရှိရသည်။ အဓိကအရေးကြီးသော အချက်မှာ အမူအရာပင်ဖြစ်၏။ ဒုံးကသူတိုင်း ကနေစဉ် ပြုံးရွှင်သောမျက်နှာရှိရမည်။ ပျော့ပျော့ပါးပါးနှင့် မာန်ပါပါ ကြွကြွရွရွညီညီညာညာရှိစေရမည်။ ကနည်းကဟန်များသည် များသောအားဖြင့် ညာခြေညာလက်၊ ဘယ်ခြေဘယ်လက် ကကွက်များဖြစ်ကြောင်း တွေ့ရှိရသည်။

ယနေ့ ဒုံးအကနှင့်တွဲဖက်၍ အသုံးပြုသော တူရိယာများမှာ ဗုံ ၆ လုံး၊ ပတ်မကြီး၊ နဲ၊ ဘင်၊ သံပတ္တလား၊ လင်းကွင်း၊ ဝါးလက်ခုပ်၊ စည်းနှင့် ဂျပ် များဖြစ်ကြသည်။ "ဘင်"ကို တီးရာတွင် စ၍ မကမီ သီချင်းဆိုနေချိန်တွင် ခြောက်တစ်စည်းဖြင့် တီးကာ သီချင်းကို ကသောအခါတွင် လေးတစ်စည်းဖြင့် တီးရ၏။

ဒုံးကတော့မည်ဆိုလျှင် ရှေးဦးစွာ သီချင်းတစ်ပုဒ်ကို မိမိကိုယ်ကို ပရိတ်သတ်နှင့် မိတ်ဆက်၍သော်လည်းကောင်း၊ နှုတ်ခွန်းဆက်သောအနေဖြင့်သော်လည်းကောင်း သီဆိုလေ့ရှိကြ၏။ သီချင်းဒုတိယအပိုဒ်မှစ၍ သီဆိုသောအခါ၌သာ ဒုံးကို စတင်ကလေ့

ရှိကြောင်းကိုလည်းတွေ့ရှိရသည်။ ဒုံးသီချင်းကပြီး နောက်ဆုံးအပိုဒ်သည် ပရိတ်သတ်ကို နှုတ်ဆက်သော အမှာစကားဖြင့် ပြီးဆုံးသွားမည်ဖြစ်သည်။

ယခုအချိန်တွင်ကသော ဒုံးအကများကို ခေတ်ပေါ်ဒုံးအဖြစ် တီထွင်လာကြ၍ ခေတ်နှင့်အညီ သီချင်းကို ဒုံးဆရာများက ရေးစပ်သီကုံးပြီး ကကြိုးကဟန်သည်လည်း ပရိတ်သတ်များအား ဆွဲဆောင်မှုရှိစေရန် ကနည်းကဟန်နှင့်ပတ်သက်သော စည်းကမ်းချက်များကို ချမှတ်ထားရှိကြောင်းတွေ့ရပြီး အဓိကအရေးကြီးဆုံးသော အချက်မှာ အမူအရာပင်ဖြစ်၏။ ဒုံးကသူတိုင်း ကနေစဉ် ပြုံးရွှင်သောမျက်နှာရှိရမည်။ ပေါ့ပေါ့ပါးပါးနှင့် မာန်ပါပါကြွကြွရွရွ ညီညီညာညာရှိစေရမည်။ ကနည်းကဟန်များသည် များသောအားဖြင့် ညာခြေ ညာလက်၊ ဘယ်ခြေဘယ်လက်နှင့် စတင်ကြ၍ ကကြိုးကဟန်များ၊ ကကွက်ဆန်းများဖြင့် ကကြသည်။

ယခုခေတ်ပေါ်ဒုံး ကပြသည့်အချိန်အခါတွင် အသုံးပြုသော တူရိယာများမှာ-

(က)ဘင် + ဗုံ

(ခ) ဖားစည်

(ဂ) ပုတိုး

(ဃ)စည်း + ဝါး

(c) လင်းကွင်း

(စ) မောင်း

(ဆ)နဲ

စသည့် တူရိယာပစ္စည်းများနှင့် တွဲဖက်ပြီး တီးခတ်၍ ကကြရပါသည်။ ဒုံးအကနှင့် ဒုံးယိမ်းအကသည် မတူပါ။ (ဒုံး)အကသည် အဆို၊ အတီး၊ အက နောက်ထိုင်အဆို အားလုံး ပြည့်စုံခြင်းနှင့် ကပြသည့်အကကို (ဒုံး)အကဟု ခေါ်ပါသည်။ ဒုံးယိမ်းအက ဆိုသည်မှာ အဆိုမပါ၊ အတီးမစုံလင်ဘဲ လူဦးရေမပြည့်စုံခြင်းဖြင့် ကသည်ကို ဒုံးယိမ်းဟု ခေါ်ပါသည်။

(ဒုံး)အကသည် ပြည့်စုံခြင်း၊ (ယိမ်း)အကသည် မပြည့်စုံခြင်း ကိုဆိုလိုပါသည်။ (ဒုံး)ပြိုင်ပွဲကရာတွင် ရှိရသည့် လူဦးရေဖွဲ့စည်းပုံမှာ အများဆုံး အက ကသူများ (၃၂) ယောက်၊ တူရိယာတီးမှုတ်သူ (၇) ယောက်၊ နောက်ထိုင်သီချင်းဆို(ကျား) (၈)ယောက်၊ (မ)(၈)ယောက် တို့ဖြစ်ကြကာ စုစုပေါင်းလူဦးရေ အဆို၊ အက၊ အတီးအမှုတ်အားလုံး (၅၅)ယောက် ရှိရမည်ဖြစ်ပါသည်။

ဒုတိယအတန်းအစားမှာ ကသူ ကျား+မ(၂၄)ယောက်ရှိပြီး အတီး(၇)မျိုး (၇) ယောက်၊ အဆို ကျား(၈)+မ(၈)=(၁၆)ယောက် ၊ စုစုပေါင်း(၄၇)ယောက်တို့ဖြစ်ပါသည်။

တတိယအတန်းအစားမှာ ဒုံးအကကို အနည်းဆုံး ကျား၊ မ စုစုပေါင်း (၁၆) ယောက်ဖြစ်ရမည်။ အတီး(၇)မျိုး(၇)ယောက်၊ အဆိုကျား(၈)+မ(၈)=(၁၆)ယောက်၊ စုစုပေါင်း(၃၉)ယောက် တို့ဖြစ်ကြောင်း တွေ့ရှိရသည်။

ဒုံးအကကို ဒုံးသီချင်းဖြင့် သီဆိုတီးခတ်ကပြနေပုံ

(၂) ဝါးညှပ်အက

ဝါးညှပ်အကမှာမူကား စင်စစ်အားဖြင့် အသုဘရှိသောအခါများ၌ သေဆုံးသူ၏ အိမ်တွင် "တာစီကလီ"နှင့်တကွ အခြားသောပျော်ပွဲရွှင်ပွဲကစားနည်းများ ပြုလုပ်လေ့ရှိပေရာ ဝါးညှပ်အကသည် "တာစီကလီ" ဟုခေါ်သော အစွမ်းပြခြင်း ကစားနည်းတစ်မျိုးမှ စတင်လာကြောင်းတွေ့ရှိရပါသည်။ သေဆုံးသူ၏ နေအိမ်တွင် ကြက်၊ဝက်များ ချက်ပြုတ်စားသောက်ကြသည့်အပြင် ခေါင်ရည်၊ အရက်များကိုလည်း သောက်စားပျော်မြူးတတ်ကြပေရာ ကာလသားတို့သည် "တာစီကလီ"ဟုခေါ်သည့် လျင်မြန်ဖျတ်လတ်မှုစွမ်းရည်ကို ပြသလေ့ရှိကြသည်။

"တာစီကလီ"တွင် အရှည်သုံးလံခန့်ရှိသော ဝါးလုံးကိုယူ၍ ဝါးနှစ်လုံးကို အရှေ့နှင့် အနောက် ချထားပြီး ၎င်းအပေါ်တွင် ကျန်ဝါးနှစ်လုံးအား တောင်နှင့်မြောက် ချထားကာ လူ(၄)ယောက်က အစွန်းဖက်လေးနေရာတွင်နေ၍ ဝါးကို ညှပ်လိုက်ဖွင့်လိုက်နှင့် ပြိုင်တူညှပ်ရ၏။ ထိုအခါ ကာလသားများသည် မိမိတို့ ခြေမညှပ်မိအောင် လူ(၄)ယောက်ညှပ်နေသော ဝါးကွက်ထဲသို့ ထည့်ချေထုတ်ချေ ခုန်ကြရ၏။ ခြေညှပ်မိပါက ကျန်မိတ်ဆွေများက ဝိုင်းရယ်ကြ၏။ အချို့မှာလည်း အဆိုပါဝါးကို လည်ပင်းအမြင့်လောက်တွင် ညှပ်လိုက်ဖွင့်လိုက်နှင့် ပြိုင်တူညှပ်နေစဉ် ဝါးကွက်ထဲသို့ အောက်မှ နေ၍ လက်ထိုးသွင်းလိုက်၊ ခေါင်းထိုးသွင်းလိုက် လျင်မြန်ဖျတ်လတ်မှုကို တပျော်တပါး ပြသ၍ကစားကြ၏။ ထိုကစားနည်းကို "တာတေကော့"ဟု ဆိုကြသည်။

ထိုသို့လျင်မြန်ဖျတ်လတ်မှုရှိကြောင်း အစွမ်းပြနေစဉ် အချို့က ဝါးပလွေ “ပေါ်ဒွား”ကို မှုတ်ကြပျော်ကြနှင့်ပင် သြဘာပေးကြသည်။ အရက်၊ ခေါင်ရည်များ သောက်သုံးကြသည်ဖြစ်ပေရာ ပျော့ပါးပျော်ရွှင်စွာ အစွမ်းပြကစားကြရသော ဓလေ့ တစ်ရပ်ဖြစ်သဖြင့် ကာလသားများအဖို့ ပျော်မဆုံးအောင်ဖြစ်ကြသည်။ ထို့ကြောင့် “တာစီကလီ”ကို အခြေခံ၍ ဝါးညှပ်အက ဟူသော ကနည်းကကွက်ကို တီထွင်လာခဲ့ ကြခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

နေရာဒေသအလိုက် တွေ့ရှိနိုင်သော အကများလည်းရှိသေး၏။ ရှေးအချိန်က ကခုန်ဟန်တစ်မျိုးဖြစ်သော သိုင်းအတတ်ဆိုင်ရာအကများကို ဓားရေး၊ လှံရေးပြ၍ ကကြ၏။ တောင်ပေါ်ဒေသတွင် တောင်ယာစိုက်ပျိုးခြင်းကို သရုပ်ဖော်သော စူးထိုး အကများ၊ ရန်သူများနှင့် စစ်ချီစစ်တက် ဒိုင်းလွှားအကများ၊ သရုပ်ဖော်လက်ခုပ်ဝိုင်းများ အသီးသီးရှိကြသည်။ အချို့သော မြေပြန့်ဒေသများ၌ “လကွန်း”ဟုခေါ်သော ဇာတ်သဘင် အဆင့်တွင် ညလုံးပေါက်ဖျော်ဖြေသည်လည်းရှိကြ၏။ ယင်းပြဇာတ်သည် မြန်မာ ဇာတ်နှင့်အလားတူ တီးမှုတ်ကပြကြမည်ဖြစ်သော်လည်း အစအဆုံး ကရင်ဘာသာ စကားဖြင့်သာ သုံးနှုန်းကြကြောင်းတွေ့ရှိရသည်။ ယနေ့တဆင့်တက်ကာ ကက်ဆက်ခွေ တွင် ဇာတ်လမ်းပမာ၊ တေးသံသွင်း၊ ခေတ်ပေါ်ကရင်သီချင်းများကို ဖြန့်ဖြူးရောင်းချ သည့်အဆင့်သို့ပင် ရောက်ရှိနေပြီဖြစ်လေသည်။

ဝါးညှပ်အကဖြင့် ကပြဖျော်ဖြေနေပုံ

မန်းလင်းမြတ်ကျော် ရေးသားပြုစုသည့် ကရင်ရိုးရာသုတပဒေသာ။
မန်းသင့်နောင် ကော့ဂရိတ်နှင့် ဖူးတောဦး(သရဘူးမူး)။

အပိုင်း(၄)

အရှိ(ချင်း)ရိုးရာအကများ

၁။ အရှိ(ချင်း) အမျိုးသားများ၏ ရိုးရာအကများမှာ-

(၁) အပူကွေလှုံန်လွန်

(၂) ခရာလွန်

(၃) စတူးဆိုလွန်

(၄) တုတ်စယ်အက

(၅) လိုက်ခွေဖွေဆိုအက

(၆) တွီးကွန်အက

(၇) လှော်လွန်အက တို့ဖြစ်ပါသည်။

(၁) **အပူကွေလှုံန်လွန်အကသည်** အရှိ(ချင်း)ရိုးရာနာရေးများတွင် ကပြဖျော်ဖြေကြသည်။ သေဆုံးသွားသော တူတော်မောင်လေးအတွက် ဓလေ့ထုံးတမ်းအရ အကြီးအကဲဖြစ်သော ဦးလေးမှ မကောင်းဆိုးဝါးများအပေါ် ဒေါသအမျက်ထွက်၍ နှင်ထုတ်သော အကဖြစ်သည်။

(၂) **ခရာလွန်အကသည်** အရှိ(ချင်း)ရိုးရာနာရေးများတွင် ကပြဖျော်ဖြေကြသည်။ သရဲ၊ တစ္ဆေများအား လှောင်ပြောင်၍ သရော်ရသော အကဖြစ်ပါသည်။ အရှက်ရဝမ်းနည်းစေပြီး လူကို ဖမ်းမစားအောင်ရည်ရွယ်၍ ကပြခြင်းဖြစ်ပါသည်။

(၃) **စတူးဆိုလွန်အကသည်** အရှိ(ချင်း)ရိုးရာနာရေးများတွင် ကပြဖျော်ဖြေလေ့ရှိပြီး စတူးဆို(စာဌက်ကလေး) ခုန်၍ ခုန်၍ အတောင်ပံဖြန့်ကာ ကသည်ကို အတုယူ၍ ကပြသော ရိုးရာအကဖြစ်ပါသည်။

(၄) **တုတ်စယ်အကသည်** အရှိချင်းရိုးရာသိုင်းအကဖြစ်ပါသည်။ ၎င်းအကကို အိမ်သစ်တက်ပွဲ၊ မိုးကောင်းနတ်ပွဲနှင့် အရှိချင်းရိုးရာမင်္ဂလာဆောင်ပွဲများတွင် အဓိက ကပြကြပြီး ကျန်ရိုးရာပွဲများတွင်လည်း ကပြကြသည်။ တစ်ဦးမှစ၍ အဆင်ပြေသော လူဦးရေအထိ လျင်မြန်ဖျတ်လတ်စွာ မြူးကြွသောတီးကွက်ဖြင့် ကပြရသောအကဖြစ်ပါသည်။

(၅) **လိုက်ခွေဖွေဆိုအကသည်** လူနှစ်ဦး လျင်မြန်ဖျတ်လတ်စွာမြူးကြွသော တီးကွက်ဖြင့် ခေါင်းပေါင်းလုရင်း ကရသောအကဖြစ်ပါသည်။ ရှေးအခါက ရန်သူများလက်တွင် ပါသွားသော နှမငယ်အား ကယ်တင်ရန် ညီအစ်ကို(၇)ယောက် မိမိ၏ အစွမ်းအစများကို ယှဉ်ပြိုင်ပြသကြရသည်။ အနိုင်ရရှိသူကသာလျှင် နှမငယ်ကို သွားရောက်ကယ်တင်ရမည်ဖြစ်သည်။ ညီအစ်ကို(၇)ယောက်သည် မိမိ၏ ဓားရေး၊ လှံရေး၊ လေးပစ် စွမ်းရည်များ

ယှဉ်ပြိုင်ရာတွင် အစ်ကိုအကြီးဖြစ်သော(ဇွန်စို)က စွမ်းရည်အပြည့်နိုင်ဆုံးဖြစ်၍ သူရဲကောင်းဘွဲ့(ဆလိုင်း)ကို ရရှိကာ ရန်သူ့လက်ပါသွားသော နှမငယ်ကိုကယ်ခွင့်ရရှိပါသည်။ ထိုအရာကိုအကြောင်းပြု၍ အရှိုချင်းအမျိုးသားများသည် ရိုးရာပွဲတော်များတွင် မိမိတို့၏ အစွမ်းအစကို ဖော်ထုတ်သောအားဖြင့် လိုက်ခွေဖွေဆို(ခေါ်)ခေါင်းပေါင်းလုအကကို ဖျော်ဖြေကပြခြင်းဖြစ်ပါသည်။

(၆) **တွီးကွန်အကသည်** အရှိုချင်းရိုးရာသူရဲကောင်းရွေးချယ်ပွဲတွင် မိမိ၏ စွမ်းရည်ကို ပြသရန်အတွက် ဖြည်းညင်းသောစည်းချက်နှင့်အညီ ခြေနင်းကွက်နင်းကာ ဟန်ရေးပြရသော အကဖြစ်ပါသည်။ ထို့အပြင် တုတ်စယ်အက ကရန်အတွက် အစပျိုးရသော ကကွက် ဖြစ်ပါသည်။

(၇) **လှော်လွန်အကသည်** အရှိုချင်းရိုးရာသူရဲကောင်းများ ဝါးနှီးဒိုင်းလွှားကိုကိုင်ပြီး ဓားရေး၊ လှံရေးကိုပြရသော အကဖြစ်ပါသည်။ ရန်သူ၏ မြားချက်ကို ဝါးနှီးဒိုင်းဖြင့် ကာကွယ်ပြီး ဓားလှံဖြင့် ပြန်လည်တိုက်ခိုက်ရသော အကဖြစ်ပါသည်။

မှတ်ချက်။ (၁) အပူကွေလှုံန်လွန်၊ ခရာလွန်၊ စတူးဆိုလွန် အကတို့မှာ မကောင်းဆိုးဝါးသရဲ၊ တစ္ဆေတို့ကို ကွဲရဲ့လှောင်ပြောင်သောအနေဖြင့် ကျန်ရစ်သူ မိသားစုအကြီးအကဲမှ ဒေါသထွက်ပေါက်ကွဲသည်ဟူသော အယူအဆဖြင့် ကပြခြင်းဖြစ်ပါသည်။

(၂) လိုက်ခွေဖွေဆိုအက၊ တွီးကွန်အက၊ လှော်လွန်အကတို့မှာ အရှိုချင်းရိုးရာ သူရဲကောင်းရွေးချယ်ပွဲများတွင် ကပြဖျော်ဖြေခြင်းဖြစ်ပါသည်။

၂။ **အရှိ(ချင်း)အမျိုးသမီးများ၏ ရိုးရာအကများမှာ-**

(၁) ပွန်းတောင်ကလိုင်အက

(၂) ကျလုတ်ထီးန်လိုင်အက

(၃) ဝကူလှိုက်လွန်အက

(၄) ယုန်ပေကိုင်အက

(၅) နှကွန်စူးအက

(၆) ဖွယ်ပေါ့အက

(၇) ပွန်မျှော့အက

(၈) အဝေါက်အာစိုအက

(၉) ဆန်ပလုံပုတ်အက

(၁၀) ပွေခလုလုံ(နန်း)ချက်အက

(၁၁) အောင်အော်စောင်ဖလိုက်အက

(၁၂) လိုင်ဖုန်းနွေးအက

(၁၃) ဆောက်ချီသိုက်ဆူး(နန်)အက တို့ဖြစ်ပါသည်။

(၁) **ပွန်းတောင်ကလိုင်အကသည်** အမျိုးသမီးငယ်များ စည်းချက်ဖြင့် လင်းကွင်းတီးကာ ညီညာစွာ ကပြရသော အကဖြစ်ပါသည်။

(၂) **ကျလုတ်ထီးန်လိုင်အကသည်** ကျလုတ်(ပုတ်သင်ညှိ)နှစ်ကောင် သစ်ပင်ကို ကွယ်၍ ချောင်းမြောင်းကျီစယ်နေသည့်ပုံစံ ကပြသော အကဖြစ်ပါသည်။

(၃) **ဝကူလှိုက်လွန်အကသည်** မျောက်လွဲကျော်များ ရှေ့ပြန်နောက်ပြန်လွှဲ၍ လှည့်ပတ်ပျော်မြူးနေပုံကို အတုယူကပြရသော အကဖြစ်ပါသည်။

(၄) **ယုန်ပေကိုင်အကသည်** ဝမ်းနည်းပူဆွေးမှုကို သရုပ်ဖော်၍ ကပြရသော ရိုးရာအကတစ်မျိုးဖြစ်ပါသည်။ အမျိုးသမီးများသာ ကပြရသောအကဖြစ်ပါသည်။ ပူဆွေးသူနှင့်ထပ်တူ ဝမ်းနည်းပူဆွေးရပါကြောင်း ဖော်ကျူးထားသော အကတစ်မျိုးဖြစ်ပါသည်။ လူသားများ ဝမ်းနည်းပူဆွေးလွမ်းဆွတ်သည့်အခါ တောတောင်အတွင်းရှိ တိရစ္ဆာန်များပင် ဝမ်းနည်းပူဆွေးလွမ်းဆွတ်ကူကြောင်း သရုပ်ဖော်ကပြရသော အကတစ်မျိုးဖြစ်ပါသည်။

(၅) **နှကွန်စူးအကသည်** အမျိုးသမီးငယ်များ စည်းချက်ဖြင့် လင်ကွင်းတီးကာ ညီညာစွာ ကပြရသော အကဖြစ်ပါသည်။

(၆) **ဖွယ်ပေါ့အကသည်** တောင်ယာခုတ်သည်မှစ၍ ဝါစိုက်၊ ဝါခူး၊ ဝါကောက်၊ ချည်ငင်၊ ရိုးရာဝတ်စုံများ ရက်လုပ်သည်အထိ ပုံစံကို သရုပ်ဖော်ကာ ကပြရသောအက ဖြစ်ပါသည်။

(၇) **ပွန်မျှော့အကသည်** အရှိချင်းရိုးရာအကတစ်မျိုးဖြစ်ပြီး အမျိုးသမီးများသာ ကပြကြပါသည်။ ပွဲလမ်းသဘင်သွားရန်အတွက် ဝတ်စားဆင်ယင်မှုနှင့် နံ့သာလိမ်းခြယ်မှု ပုံကိုဆောင်၍ ကပြဖျော်ဖြေခြင်းဖြစ်ပါသည်။ အမျိုးသမီးငယ်များ၏ဆင်ယင်ခြယ်သမှု ပုံစံကို ကကွက်များအဖြစ် ဖန်တီးကပြခြင်းဖြစ်ပါသည်။

(၈) **အဝေါက်အာစိုအကသည်** တောကြောင်မှ အိမ်ကြက်ကလေးများကို လိုက်ဖမ်း ကောက်စားပုံကို သရုပ်ဖော်သောအကမျိုးဖြစ်ပါသည်။

(၉) **ဆန်ပလုံပုတ်အကသည်** ချင်းဗုံတစ်လုံးကို ကပြဖျော်ဖြေသူများမှ အလှည့်ကျ လု၍ ကပြရသော အကမျိုးဖြစ်ပါသည်။

(၁၀) **ပွေခလုလုံ(နန်း)ချက်အကသည်** သေဆုံးသူဝိညာဉ် တမလွန်ဘဝခရီးပြုရာ တွင် ကျောက်တံခါးကြီး ဖွင့်လိုက်ပိတ်လိုက်လုပ်နေသည်ကို ဖြတ်ကျော်ရသည့်ပုံစံ ကပြဖျော်ဖြေရသောအကဖြစ်ပါသည်။ ထိုတံခါးကို ကျော်ဖြတ်၍ (မောင်ဆီး) အိမ် (ကောင်းရာဘုံ)သို့ ရောက်ရန် ပို့ဆောင်သည့်အနေဖြင့် ကပြဖျော်ဖြေခြင်းဖြစ်ပါသည်။

(၁၁) **အောင်အော်စောင်ဖလိုက်အကသည်** သေဆုံးသူ၏ ဝိညာဉ်အိမ်သို့ (မောင်ဆီး) သွားရာတွင် တောကျီးကန်းမှ မနှောင့်ယှက်နိုင်ရန် စပါးကို ပက်ဖြန်းကျွေးမွေးရသော အကဖြစ်ပါသည်။

(၁၂) **လိုင်ဖုန်းနွေးအကသည်** ချည်ခင်စွပ်ငှက်မှ တန်ခိုးကြီးသော တောင်တန်းများ ကို တစ်နှစ် နှစ်ကြိမ်လာရောက် ကိုးကွယ်ပူဇော်ခြင်းကို ဖော်ကျူးသည့်အနေဖြင့် ကပြဖျော်ဖြေရသောအကမျိုးဖြစ်ပါသည်။ ရိုးရာအရ သက်ကြီးရွယ်အို၊ ဂုဏ်သရေ ရှိသူများ၊ လူမျိုးစုခေါင်းဆောင်များ၊ ချစ်ခင်ရသူများကို ဂါရဝပြုဖျော်ဖြေရသော အက ဖြစ်ပါသည်။

(၁၃) **ဆောက်ချီသိုက်ဆူး(နန်)အကသည်** မိုးဦးကျအခါတွင် (ကျီ)သားကောင်များ ခုန်ပေါက်ပျော်ရွှင်သည့်ပုံစံမျိုး ကပြဖျော်ဖြေခြင်းဖြစ်ပါသည်။ မိုးဦးကျအခါတွင် အသီးအနှံ

ပေါများခြင်း၊ အစားအစာပေါများခြင်း၊ ရာသီဥတုကောင်းမွန်ခြင်းအတွက် မြူးထူးပျော်ပါးခြင်းဖြစ်ပါသည်။

မှတ်ချက်။ (၁) ပွန်းတောင်ကလိုင်အက၊ ကျလုတ်ထီးန်လိုင်အက၊ ဝကူလှိုက်လွန်အက၊ ယုန်ပေကိုင်အက၊ နှကွန်စူးအက၊ ဖွယ်ပေါ့အကနှင့် ပွန်မျှော့အကများကို ရိုးရာပွဲတော်များတွင် ကပြဖျော်ဖြေကြသည်။

(၂) အဝေါက်အာစိုအက၊ ဆန်ပလုံပုတ်အက၊ ပွေခလုလုံ(နိုး)ချက်အက၊ အောင်အော်စောင်ဖလိုက်အကများကို အရှိုချင်းရိုးရာနာရေးအခမ်းအနားတွင် ကပြဖျော်ဖြေကြသည်။

(၃) လိုင်ဖုန်းနွေးအကကို ရိုးရာအကြီးအကဲ ကန်တော့ပွဲတွင် ကပြဖျော်ဖြေကြသည်။

(၄) ဆောက်ချီသိုက်ဆူး(နိ)အကကို မိုးကောင်းပွဲ၊ ကောက်သစ်စားပွဲများတွင် ကပြဖျော်ဖြေကြသည်။

အရှိ(ချင်း)စာပေနှင့်ယဉ်ကျေးမှုအသင်း(မကွေး)။

အပိုင်း(၅)
ထားဝယ်ရိုးရာအကများ

၁။ ထားဝယ်တိုင်းရင်းသားများ၏ ထင်ရှားသော ရိုးရာအကများမှာ-

(၁) ယန်းအက

(၂) တုံးအက

(၃) ဒိုင်းအက

(၄) ရေအိုးရွက်အက

တို့ဖြစ်ပါသည်။

(၁) ထားဝယ်ရိုးရာယန်းအက

ထားဝယ်ရိုးရာယန်းအကသည် လွန်ခဲ့နှစ်ပေါင်း ၄၀၀ ကျော်ခန့်က စတင်ပေါ်ပေါက်ခဲ့ပြီး အလှူပွဲ၊ ဘုန်းကြီးပျံပွဲ၊ သပိတ်မျှောပွဲအစရှိသော ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များ၊ ကျေးလက်ဒေသပျော်ပွဲရွှင်ပွဲများ၊ ထားဝယ်အမျိုးသားနေ့အခမ်းအနားနှင့် သင်္ကြန်ပွဲတော်များတွင် ကပြဖျော်ဖြေလေ့ရှိပါသည်။ ယန်းအကသည် လက်နှစ်ဖက်ကို ဝှေ့ရမ်း၍ ကပြရသော အကတစ်မျိုးဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကရှိခဲ့သော ယန်းအကတိမ်မြုပ်နေသည်မှာ နှစ်ပေါင်းတစ်ရာနီးပါးရှိပေပြီ။ ၂၀၂၀ ခုနှစ် နောက်ပိုင်းမှ ပြန်လည်ဖော်ထုတ်ထားခြင်းဖြစ်သည်။

ယန်းအကကို ရှေးက အမျိုးသား၊ အမျိုးသမီးများပါ ကခုန်လေ့ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းပြီး ယိမ်းအသွင်ဖြစ်စေ ကပြကြသည်။

ထူးခြားချက်မှာ ယန်းကပြရာတွင် ခြေဖျားများ ထောင်လေ့ကြွလေ့မရှိ၊ ခြေဖျားထောက်ပြီး ဖနောင့်သာကြွသည့်အခါ ကြွသည်။ လက်ဖဝါးကို တစ်ပြန့်တည်းထား၍ စုံယူသည့်အခါကများပြီး ဒိန်းသံတေးသီချင်း၏ အတက်အကျအလိုက် ဖြည်းဖြည်းငြိမ့်ငြိမ့် ဘယ်မှညာ၊ ညာမှဘယ်သို့ လက်နှစ်ဖက်ကို စုံယူလျက် ဒူးညွှတ်ကာ ယိမ်းပြီး ကပြရသောအကတစ်မျိုးဖြစ်သည်။ ယန်းအကတွင် ပထမဦးဆုံးကကွက်မှာ မတ်တတ်ရပ်လျက်အနေအထားမှပင် အစပျိုးပေသည်။

ယန်းအကကို အကြမ်းဖျင်းကြည့်လျှင် လက်နှစ်ဖက်ကိုစုံယူကာ အညီအညွှတ်ရွှေ့ပုံယိမ်းပုံကို အခြေပြု၍ ကရသောကကြိုးနှင့် လက်နှစ်ဖက်ကို လက်ဝါးပြားလိုက်ယူလျှက် အထက်အောက်အနေအထားခွဲကာ ကိုယ်ကိုကော့၍ ယိမ်း၍ ကရသော ကကြိုးဟူ၍ ကကြိုးနှစ်မျိုးကွဲပြားပါသည်။

(၂) ထားဝယ်ရိုးရာတုံးအက

ထားဝယ်နယ်တွင် ရှေးအခါက ဘုန်းကြီးပျံပွဲများတွင် တုံးကိုထမ်း၍ကပြသည့် တုံးအကတစ်မျိုးလည်း ပေါ်ပေါက်ခဲ့ဖူးသည်။ အထူးသဖြင့် လူရွယ်လူလတ်များက တုံးကိုထမ်းကာ တုံးသီချင်းများ သီဆို၍ ကခုန်လေ့ရှိသည်။ ထားဝယ်တုံးအကမှာ အမျိုးသား၊ အမျိုးသမီး စုပေါင်းကသည့်အခါ ကကြပြီး အမျိုးသမီးများ သီးသန့်ကသည့် အခါ ကကြပါသည်။ ကကြိုးကကွက်မှာ နူးညံ့ပျော့ပျောင်းမှုများစွာမရှိဘဲ ခပ်ကြမ်းကြမ်း ဖြင့်ပင် ပြောင်းလဲလှုပ်ရှားကပြကြပါသည်။ တုံးကရာတွင် လူဦးရေအနည်းဆုံး ၆ ယောက် မှ အများဆုံး အယောက် ၂၀ ထိ ကပြလေ့ရှိပါသည်။

(၃) ထားဝယ်ရိုးရာဒိုင်းအက

ထားဝယ်ရိုးရာဒိုင်းအကမှာမူ ယခုအခါ တိမ်မြုပ်ပျောက်ကွယ်လျက်ရှိပါသည်။ ပြန်လည်ဖော်ထုတ်ရန် ကြိုးပမ်းနေဆဲဖြစ်ပါသည်။

(၄) ထားဝယ်ရိုးရာရေအိုးရွက်အက

ထားဝယ်ရိုးရာရေအိုးရွက်အကသည် လွတ်လပ်ရေးရပြီးခေတ်(၁၉၄၈ ဝန်းကျင်ခန့်) တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ကျေးလက်ဒေသပျော်ပွဲရွင်ပွဲများ၊ ထားဝယ်အမျိုးသားနေ့ အခမ်းအနားနှင့် သင်္ကြန်ပွဲတော်များတွင် ကပြဖျော်ဖြေလေ့ရှိပါသည်။ ထားဝယ်သူလေး များ ရေခပ်သွားသည့်ခရေကို ဖော်ညွှန်းထားသောအကပင်ဖြစ်သည်။ ရေအိုးရွက်အက ကို တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ယိမ်းအကပုံစံဖြစ်စေ ကပြကြလေ့ရှိပါသည်။ ထားဝယ် ရိုးရာရေအိုးရွက်အက၏ထူးခြားချက်မှာ ရေအပြည့်ဖြည့်ထားသောရေအိုးကို ခေါင်းပေါ် တွင် မည်သည့်အခုအခံမျှမပါဘဲ ရွက်ကာ လက်ဖြင့်မကိုင်ဘဲ ဟန်ချက်ညီညီ ကပြရခြင်းပင် ဖြစ်သည်။ ရေအိုးကို တစ်လုံးမှငါးလုံးအထိ ရွက်ကာ ကသည်လည်းရှိသည်။ ကျွမ်းကျင် ပိုင်နိုင်မှုအတော်ရှိဖို့ လိုပါသည်။ ရေအိုးရွက်အကကို ဒေသတွင်းပွဲလမ်းသဘင်များ၊ ထားဝယ် အမျိုးသားနေ့အခမ်းအနားများ၊ နိုင်ငံတော်အဆင့်အခမ်းအနားများတွင် တင်ဆက်ကပြ ကြပါသည်။

- ထားဝယ်ဦးကျော်မင်းရေးသားသည့် ထားဝယ်ယဉ်ကျေးမှုအမြုတေစာအုပ်။
- မြန်မာ့အသံရေဒီယို၊ မြန်မာ့ကျေးလက်တေးသံများ။
- ယဉ်ကျေးမှုအထက်တန်းအရာရှိ ဦးမင်းနိုင်ရေးသားသည့် ပြည်ထောင်စုအကပဒေသာစာအုပ်၊

ယန်းအကဖြင့် ဖျော်ဖြေတင်ဆက်နေပုံ

ထားဝယ်ရိုးရာရေအိုးရွက်အကဖြင့် ဖျော်ဖြေတင်ဆက်နေပုံ

ဖားထီးဖားမင်္ဂ ကျင်းပစဉ်အခါက ရှေးထားဝယ်အကဖြင့်
အိုးစည်-ဝိုင်းတော်သားများ ပါဝင်ကပြနေပုံ

၁၉၆၅-ခုနှစ် ထားဝယ်ခရိုင် ကျောင်းသားပွဲတော်မှ
ကျောင်းသူကလေးများ၏ ရွှေဝယ်သူများ ရေခပ်သွားသီချင်း ·
သရုပ်ဖော်ယိမ်း

အပိုင်း(၆)

မွန်ရိုးရာအကများ

၁။ မွန်တို့၏ ရှေးရိုးရာ အဆိုအတီးအကတို့သည် ကျေးလက်ကိုနွယ်၍ ပေါက်ဖွားခဲ့သဖြင့် ချမ်းမြေ့ကြည်နူးဖွယ်ကောင်းသော ကျေးလက်တောရွာဓလေ့များသည် မွန်တေးဂီတနှင့် အကတို့၌ လာ၍ အရောင်ဟပ်နေလေသည်။ လယ်ယာလုပ်ငန်းခွင်နှင့်ပတ်သက်၍ ကသော ကောင်းညှင်းလှေ့အက စသည့်အပြင် စည်းချိန်အက၊ ဝါးလုံးကိုင်အက၊ ပန်းဝိုင်းအက၊ ကျေးလည်ဆံအက၊ စွန်ဝဲအက၊ ခြေစုံရွှေ့အက၊ ကြာဖူးအက၊ တညင်အက၊ ကိန္နရီအက၊ နဂါးလိမ်အက၊ ခရုပတ်အက၊ ရှေးမွန်နှစ်ပါးသွားအက၊ ပေါင်ပေါ်လက်စင်းအက၊ နဂါးပတ်အက၊ စပါးလှေ့အက၊ လက်စုံခတ်အက၊ အာလိန်အက၊ လက်ယပ်ခေါ်အက၊ ရေအိုးရွက်အက၊ ဘုရားဖူးအက၊ ရေဖြန်းအက၊ လက်စင်းအခြေခံအက၊ စိန်ဘီးအက၊ လက်ခုပ်တီးအက၊ ဆွမ်းပို့အက၊ ပန်းခူးအက၊ ကြာဖတ်လှန်အက၊ ဝါးလုံးကိုင်လွတ်အက၊ ဘယ်ခြေညာလှည့်အက၊ ထမ်းပိုးထမ်းအက၊ ညောင်ရွက်ကြွေအက၊ ငှက်ကျားပျံအက၊ လခြမ်းအက၊ နတ်ကန္ဒားအက၊ လက်တွဲခေါ်အက၊ လက်အလှအက၊ ပန်းပစ်အက၊ ကိန္နရီတောင်ပံချိုးအက၊ ဖယောင်းဆီမီးလေ့ှေ့အက၊ ပဝါအက၊ ခြေထပ်အက၊ သမင်လည်ပြန်လျှောက်အက၊ ခြေသွင်းအမှန်သိုင်းကွက်ဟန်အက၊ ငရုံ့ကူးအကစသည့် အမျိုးမျိုးသော ကကြိုးကကွက်များ စုံလင်စွာရှိသည်။

၂။ မွန်တို့တွင် နတ်ချင်း၊ နတ်သံနှင့်နတ်ကန်တော့အကများ၊ ယိမ်းများရှိသည်။ မွန်ရိုးရာ သဘင်တွင် ကကြိုးကဟန်အမျိုးအမည်နှင့်ပတ်သက်၍ (၁၂)မျိုး၊ (၁၂)ခန်းဟု ခွဲခြားသတ်မှတ်ထားပါသည်။ မွန်ရှေးရိုးအကများကိုခြုံ့လိုက်ပါက (၃)မျိုးတွေ့ရှိရသည်။ ယင်းတို့မှာ-

(၁) "ပေါ်ကချိုင်ကသတ်" အငြိမ့်ပွဲ

အငြိမ့်ပွဲအကမှာ နွဲ့နှောင်း၍ နူးညံ့သိမ်မွေ့သည့် ကကြိုးကဟန်ဖြင့် ကကြရသည်။ ယင်းကကြိုးကို ရှေးမွန်နှစ်ပါးသွားအကတွင် တွေ့ရှိရသည်။ ပွဲ=ကချိန်၊ ကသတ်=အကကို အဆိုသည် 'သဂွက်'အကဟူ၍လည်းခေါ်ကြသည်။ ယင်းကကြိုးများ ပါဝင်သည့် ရှေးမွန်နှစ်ပါးသွားမှာ ကျေးလက်ဒေသများ၌ မြေတလင်းပြင်တွင် ကပြလေ့ ရှိသည်။ မွန်မြေဝိုင်းနှစ်ပါးသွား အကပင်ဖြစ်ပြီး ယင်းနှစ်ပါးသွားအကတွင် လူပြက် ဟူ၍ မတွေ့ရ၊ မင်းသားနှင့်မင်းသမီးတို့ အချီအချ အမေးအဖြေသီချင်းများ သီဆိုကာ ကပြခြင်းကြောင့် အဆိုသည်များအကဟုလည်း ခေါ်ဆိုကြခြင်းဖြစ်သည်။

(၂) "ပေါ်ပလ်ဟလာန်"နတ်ကပွဲ

ဤအမျိုးအစားမှာ ပထမခပ်လေးလေး နောက်မှခပ်ရှင်ရှင်သွက်သွက် ဆို၊ တီးကရသည့် အကမျိုးဖြစ်သည်။ တူရိယာတီးဟန်၊ ကဟန်ဆိုဟန်တို့မှာ တမူထူးခြားသော်လည်း သဘောအားဖြင့် ဗမာအိုးစည်အကမျိုးဖြစ်သည်။ ယင်းအကမျိုးကို ဘုရားပွဲ၊ အလှူပွဲ၊ ရှင်လောင်းပွဲနှင့် လယ်ပွဲများတွင် အများဆုံးတွေ့ရှိရသည်။ တစ်ဦးချင်းလည်း ကနိုင်ပြီး အဖွဲ့လိုက်လည်းကနိုင်သည်။ ယင်းအကကို ကြည့်၍ လူတို့စိတ်ဝယ် ကြည်ရွှင်မြူးတူးတက်ကြွစေသည်။ ပေါ်ပလ်ဟလာန်ကို နှစ်မျိုးခွဲခြားထားသည်။ ပထမတစ်မျိုးမှာ ခုန်ဟန်၊ မြူးဟန်ကို အသားပေး၍ကရပြီး ဒုတိယတစ်မျိုးမှာ အလမ္ဘာယ်ကစားဟန်၊ ဆင်ဖမ်းဟန်၊ ကျော့ဟန်စသည့် အကများပါဝင်သည်။

(၃) ပေါ်ဇာတ်

ဇာတ်ပွဲအကဖြစ်သည်။ မွန်ဇာတ်ပွဲအစီအစဉ်မှာ ဗမာသဘင်နည်းအတိုင်းပင်ဖြစ်သည်။ မွန်စကားပြော၊ မွန်သီချင်းဆိုပြီး မွန်ဟန်ဖြင့်ကပြခြင်းသာ ခြားနားသည်။ ဗုဒ္ဓဝင်၊ ရာဇဝင်၊ မဟာဝင်၊ ဇာတ်၊ နိပါတ်၊ သိုက်၊ သမိုင်းများမှ ကောင်းနိုးရာရာတို့အားရွေးချယ်၍ ကပြလေ့ရှိသည့်အပြင် ရာဇဝင်သမိုင်းထိုးဇာတ်များကိုလည်း ကပြကြသည်။

မွန်မြေပိုင်းနှစ်ပါးသွား၊ တပင်တိုင်ယိမ်းစသည့် ရိုးရာအကအားလုံးတွင် အခြေခံကကြိုးကကွက်ဖြစ်သော မွန်(၁၂)ခန်းမှ ကဟန်များ သူ့နေရာနှင့်သူ ပါဝင်လျက်ရှိသည်။ ယင်းအခြေခံကကြိုးကကွက်ဖြစ်သော မွန်(၁၂)ခန်းမှကဟန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

ကျေးငှက်သပြေသီးစားအက။ 'ဂစေမ်စသတ်ကြောင်' ကျေးငှက်များပျံဟန်၊ ဝဲဟန်သပြေသီးတို့ကို လိုက်လံထိုးဆိတ်ဟန်ကို အတုယူ၍ သရုပ်ဖော်သည့် ကကြိုးကကွက်ဖြစ်သည်။

ယပ်တောင်အက ။ 'လော့်လျတ်ပ္ပိုက်' ယပ်တောင်၏ ညီညာပြန့်ကားဟန်ကို ယူ၍ တီထွင်ထားခြင်းဖြစ်ပြီး များသောအားဖြင့် မွန်ယိမ်းများ၌ တွေ့မြင်နိုင်သည်။ မွန်ယိမ်းတွင် ယိမ်းသမတို့ကနေစဉ် အနေအထားကူးပြောင်းပုံများနှင့် လက်ကိုဝှေ့ရမ်းလှုပ်ရှားပုံများတွင် ယပ်တောင်ပုံ၊ ယပ်ခပ်ပုံကဟန်များကို တွေ့ရှိနိုင်သည်။

ပဒုမ္မာကြာဖူးအက ။ 'လော့ပက်ဒကဟ်' ပဒုမ္မာကြာ၏ ဖူးဟန်၊ ငုံဟန်၊ ပွင့်ဟန်များကို မှီး၍ တီထွင်ထားခြင်းဖြစ်သည်။ ကြာဖူးအက ကရာတွင် ကြာဖူးသဏ္ဌာန် လက်ချောင်းလေးများကို စုစည်း၍ ကလေ့ရှိသည်။

ကိန္နရီအက ။ 'လော့ကောန်ခ္ဓောဝ်' ကိန္နရီကိန္နရာတို့ ကိုယ်လက်ကို ညွှတ်၍ ပျံဝဲဟန်၊ တောင်ပံယှက်ကာ ပျော်မြူးဟန်တို့ကို ကပြခြင်းဖြစ်ပြီး ဇာတ်ပွဲများတွင် တွေ့မြင်နေကြ ကိန္နရီကိန္နရာ ကပုံမျိုးဖြစ်သည်။

ကြက်တိန်ညင်အက ။ 'လော့စါင်ချေဝ်' ယင်းအကမှာ ကြက်ဖနင့်ကြက်မ မြူးတူးပျော်ပါးဟန်ကိုယူ၍ ကပြခြင်းဖြစ်သည်။ မင်းသားက မင်းသမီးအား ဝေ့ဝိုက်လှည့်ပတ်၍ ပြေးပြီး ကသည့် ကကြိုးများပါဝင်သည်။

လှေလှော်အက ။ 'လော့ဒုန်ဂျင်' ရှေးဟောင်းမွန်သဘင်ဂီတတို့တွင် မြန်မာ လှေတော်သံကဲ့သို့ လှေတော်သံ၊ ရေကင်းသံ စသည်တို့ ရှိခဲ့ကြသည်။ "ပွဲတော်" ခေါ် ဇာတ်ကွက် ဇာတ်လမ်း ကပြရာတွင် မြစ်၊ ချောင်း၊ ပင်လယ်စသည့် ခရီးလမ်းများကို ဖောင်၊ လှေ စသည်ဖြင့် သွားသည့် အခန်းများတွင် လှေလှော်ဟန်ကသည့် အကများဖြစ်သည်။ ရှေးအခါက ဘုရင့်လှေတော် သို့မဟုတ် ကရဝိတ် ဖောင်တော်ကို ရှေ့မှလှေများက ဆွဲယူရာတွင် သီဆို ကပြလှော်ခတ်ကြပြီး ယခုအခါတွင် ဘုန်းတော်ကြီးများအတွက် လှူဖွယ်ရာများတင်၍ သယ်ဆောင်သည့် လှေများကိုဆွဲသည့်အခါ တူရိယာဝိုင်းမှ မွန်လှေတော်သံကို သီဆိုတီးမှုတ်၍ အမျိုးသမီးများကလည်း လှော်တော်သံအလိုက် ကခုန်ကြသည်။ လှော်တက် ကိုင်ဟန်ယိမ်းနွဲ့ကာ ကပြသည်ကို လှော်တော်အက၊ လှေတော်သံကကြိုး၊ လှော်တော်သံယိမ်းဟူ၍ ခေါ်သည်။

ပန်းကစားအက ။ 'လော့ဝေင်ပက်' ပန်းကစားအကမှာ နတ်ချင်းနတ်သံ အလိုက်ကသည့် ကကြိုးတစ်မျိုးပင်ဖြစ်သည်။ ပန်းကစား

အက ကပြရာ၌ လက်တစ်ဖက်တစ်ချက်တွင် ပန်းစည်းများကိုင်၍ ဘယ်ညာယိမ်းလိုက်၊ နတ်သံ၊ နတ်ဒိုးအလိုက် ကပြခြင်းဖြစ်သည်။ ပန်းကစားအကမှာ ရိုးရာနတ်အကမှ ပေါက်ဖွားလာသည့် အကဖြစ်ပေသည်။ မွန်ကျေးလက် ရိုးရာနတ်အက ကပြရာတွင် အချို့ဝါး သို့မဟုတ် ဓားကို ကိုင်၍ ကလေ့ရှိသည်။ အချို့ကမူ သပြေပန်းကိုကိုင်၍ ကကြသည်။

ဒေဝပဇ္ဇုန်အက ။ 'လော်လွှုဟ်တဲဒေဝတ်' ဒေဝပဇ္ဇုန်မှာ မြန်မာလိုပြန်လျှင် 'မိုးနတ်သား'ဟု အဓိပ္ပါယ်ရသော်လည်း မွန်တို့ကမူ လက်ညှိုးနတ်သားဟု အမည်ပေးထားကြသည်။ ယင်းအကမှာ လက်ညှိုးကို အဓိကထား၍ ပြောင်းလဲကပြ ရသော ကကြိုးတစ်မျိုးဖြစ်သည်။ လက်ညှိုးညွှန်နတ်သား အက ဟုလည်း အချို့ကအမည်ပေးသည်။

အရှေ့တိုင်းအက ။ 'လော်ချုင်ဗုံက်' အရှေ့တိုင်းအကမှာ မန'မ္ဘ' ဂိုဏ်း သီချင်းတီးလုံးဖြင့်သာ ကပြရသောအကဖြစ်သည်။ ကိန္နရီအကနှင့်လည်းဆင်သည်။ ယင်းအက၏ ကကြိုးမှာ ယပ်တောင်ကဟန်ကို အခြေပြုထားသည်။

ဓားရှည်အက ။ 'လော်ဝေင်ဓြင်' ယင်းအကမှာ သိုင်းကွက်နှင့်ကသည့် ကဟန်မျိုးမဟုတ်ချေ။ ဓားနှစ်လက်ကို လက်တစ်ဖက်စီ မြဲမြံစွာဆုပ်ပြီး ခုန်ပေါက်ကာ ကိုယ်ကိုယိမ်း၍ မြင်ရသူတို့ စိတ်တက်ကြွဖွယ်ရာကခုန်သည့် ကကြိုးဖြစ်သည်။ ယင်းဓားအကကို မွန်၏ 'ဇာတိမာန်အက' ဟုလည်း အမည်ပေးကြသည်။ တချို့ကလည်း 'စစ်သူကြီးအက' ဟုခေါ်ကြသည်။

ပန်းဝိုင်းအက ။ 'လော်ဝိုင်ပက်' ပန်းများကို မြတ်စွာဘုရားအား လှူဒါန်းရန် စေတနာထက်သန်စွာ ခူးယူပြီး ဝမ်းသာကြည်နူးဟန်ဖြင့် ကြည့်ရသူတို့ စိတ်နှလုံးဝယ် သဒ္ဓါစိတ်ယိုဖိတ်လာအောင် ပန်းဝိုင်းသဏ္ဌာန်ကပြသည့် ကကြိုးဖြစ်သည်။

နတ်ကတော်အက ။ ‘ပေါ်အခိုက်လ‍ှော်ဒေါင်’ ယင်းအကမှာ တူရိယာသံ၏ အကြီးအငယ်ကိုလိုက်၍ ကရသော အကဖြစ်ပြီး လဆန်းမောင်း(လခြမ်း)တူရိယာနှင့်တွဲဖက်၍ ကရသည်။ ထိုအကကို တစ်ဦးတည်းသာ ကရပြီး နတ်ပွဲများ၌သာ ကလေ့ရှိကြသည်။

- တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(မွန်) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။
- နိုင်ထောပိုင်၏ ဂီတတူရိယာမှတ်စု။

အပိုင်း(၇)

မွန်ရှေးဟောင်းနှစ်ပါးသွားအက

၁။ မွန်ရိုးရာအကသမိုင်း

မွန်အကသမိုင်းအကြောင်းမဖော်ပြမီ ပထမဦးစွာ "မွန်" အမည်ခေါ်တွင်လာပုံကို ရေးသားဖော်ပြပါမည်။ ရာမည ဟူသောအမည်ကို သီဟိုဠ်ရာဇဝင်တွင် ရှေးဦးစွာတွေ့ရပြီး မွန်လူမျိုး၏အမည်ကို ပုဂံခေတ်ထိုး ကျန်စစ်သား၏ နန်းတော်မွန်ကျောက်စာတွင် မေည် ဟူ၍ ရှေးဦးစွာတွေ့ရပြီး "ရမင်း" ဟူ၍ အသံထွက်သည်။ ဟံသာဝတီခေတ်ထိုး မွန်ကျောက်စာများနှင့် ကြေးပြားစာများတွင် မွန်ကို မ(မန်-ရမန်) ဟူ၍ အနည်းငယ်ပြောင်းလဲ လာပြီး "ရမန်"ဟူ၍ အသံထွက်သည်။ ယိုးဒယားနိုင်ငံတွင် မွန်ကို ယနေ့အထိ 'ရမန်'ဟူ၍သာ ခေါ်ဝေါ်လျက်ရှိသည်။ ရာမညဒေသတွင် မန်(မွန်)ဟူ၍ ခေါ်ဝေါ်သည်။[၁]

မွန်တို့သည် ရှေးအခါကတည်းကပင် ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ရပ်တည်ခဲ့ကြသူများ ဖြစ်သည်။ မွန်လူမျိုးတို့သည် ယဉ်ကျေးမှုအနုပညာ၊ ဂီတနှင့် အကတို့တွင်လည်း ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်တူရိယာများဖြင့် ထင်ရှားခဲ့သည်။ မွန်လူမျိုးတို့သည် မြန်မာလူမျိုးများကဲ့သို့ ဗုဒ္ဓ ဘာသာဝင်များဖြစ်ကြပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသူများ ဖြစ်ကြသည်။ မွန်တို့၏ ရှေးရိုးရာအဆို၊ အတီး၊ အကတို့သည် ကျေးလက်ကိုအခြေတည်၍ ပေါက်ဖွားလာခဲ့ခြင်းဖြစ်ရာ ကျေးလက်တောရွာ၏ ချမ်းမြေ့ကြည်နူးဖွယ်ရာအသွင်သည် မွန်တေးဂီတနှင့်အကတို့တွင် ထင်ဟပ်နေပေသည်။[၂]

အေဒီ ၅၀၀ခန့်တွင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယ၊ သီဟိုဠ်စသည့် နိုင်ငံတို့နှင့် ဆက်သွယ်မှုများရှိခဲ့ပြီး ယဉ်ကျေးမှုချင်းဖလှယ်ခဲ့ကြသည်။[၃] အိမ်နီးချင်းနိုင်ငံတို့နှင့် ဆက်ဆံမှု များရှိခဲ့သဖြင့် မွန်ယဉ်ကျေးမှုသုခုမသဘင်ပညာရပ်များတွင် အိန္ဒိယဟန်အချို့ ကူးစက် လွှမ်းမိုးဖွယ်ရာရှိပေသည်။ သို့သော် မွန်တို့သည် ယင်းယဉ်ကျေးမှုများထဲမှ ကောင်းနိုးရာရာ တို့ကို ယူ၍ မိမိတို့၏ရိုးရာ မူဟန်မပျက်စေဘဲ ပေါင်းစပ်တီထွင်ခြင်းဖြင့် မွန်တို့၏ ရိုးရာအက ဟူ၍ သီးခြားပေါ်ထွက်လာခဲ့ပေသည်။[၄]

၅ ရာစု မှ ၁၁ ရာစုနှစ်အထိသည် သုဝဏ္ဏဘူမိ(သထုံခေတ်)ဖြစ်သည်။ ၅ ရာစု မှစ၍ သဘင်ပညာသည် မွန်တို့ဒေသ၌ ထွန်းကားနေပြီဖြစ်သည်။ ထိုခေတ်တွင် ဗုဒ္ဓသာသနာတော်

---

[၁] မြန်မာ့စွယ်စုံကျမ်း၊အတွဲ၁၀ ၊၁၉၆၆၊ ၄၀၉-၄၁၀။

[၂] မင်းနိုင်၊ ဦး၊ ၁၉၅၉၊ ၇၀။

[၃] တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(မွန်) ၊ ၁၉၇၇၊ ၁၉၆။

[၄] မင်းနိုင်၊ ဦး၊ ၁၉၅၉၊၇၀။

နှင့်တကွ အိန္ဒိယယဉ်ကျေးမှုတို့သည်လည်း ရောက်ရှိနေကြပြီဖြစ်သည်။ မွန်တို့၏ ဒေသဖြစ်သော သထုံမြို့၊ ပဲခူးမြို့တစ်ဝိုက်၌ ကမ္ဘည်းကျောက်စာဌာနမှ တူးဖော်ရရှိသော စဉ့်ကွင်းတို့တွင် သီဆို၊ တီးမှုတ်၊ ကခုန်ဟန်အမူအရာတို့ကို အထင်အရှားတွေ့မြင်နိုင်ပါသည်။ ငြင်းမှုတ်သူ၊ စည်တီးသူ၊ စည်းဆုပ်တီးသူတို့၏ အမူအရာတို့ကိုလည်း တွေ့မြင်နိုင်ပါသည်။ ယခုခေတ် ဒိုးပတ်တီးအကအမူအရာများကို တွေ့ရသောကြောင့် ထိုအခါက ပွဲလမ်းသဘင်တို့၌ အရပ်သူ အရပ်သားများ လှည့်လည်သီဆိုကခုန်သော အလေ့အထများ ထွန်းကားခဲ့ပြီဟု ယူဆနိုင်လေသည်။[၂]

ထိုခေတ်အခါခန့်တွင် အိန္ဒိယတိုင်းသားကုန်သည်များသည် သင်္ဘောဆိပ်မြို့များ ဖြစ်ကြသော သုဝဏ္ဏဘူမိ(သထုံ)၊ ဟံသာဝတီ(ပဲခူး)၊ သန်လျင်သို့ ရောက်လာကြသဖြင့် ရာမယဏ္ဏဇာတ်ကို မိမိတို့နှင့်တပါးတည်းယူဆောင်ခဲ့မည်ဟု ခန့်မှန်းရသည်။ အဘယ်ကြောင့်ဆိုသော် ဟံသာဝတီ(ပဲခူး)၊ သန်လျင်တဝိုက်တွင် တူးဖော်ရရှိသော စဉ့်ကွင်းများ၌ ဘီလူးတပ်ချီဟန်အရုပ်များကို တွေ့ရသည်။ ထိုအရုပ်များသည် ရာမမင်း၏ ဟနုမာန်စစ်တပ်နှင့် ဒသဂီရိဘီလူးတပ် စစ်ထိုးဟန်ဖြစ်မည်ဟု ယူဆရပါသည်။

၁၁ ရာစုခန့်တွင် သုဝဏ္ဏဘူမိ(သထုံ)ပြည်ရှိ ယဉ်ကျေးမှု၊ သရေခေတ္တရာရှိ ယဉ်ကျေးမှုတို့သည် ပုဂံသို့ရောက်ရှိလာသဖြင့် မွန်တူရိယာ၊ မွန်သီချင်း၊ မွန်အကနှင့် ပျူတူရိယာ၊ ပျူသီချင်း၊ ပျူယိမ်းအကတို့သည်လည်း ပုဂံ၌ထွန်းကားလာသည်။ ကျန်စစ်သားမင်းကြီး၏ ထီးနန်းအသစ်တည်ဆောက်တော်မူသောအခါ နန်းတည်အခမ်းအနား၌ ပျူနှင့် မွန်တို့၏ အတီးအမှုတ်၊ အကအခုန်များပါသည်ဟု မင်းကြီး၏ နန်းတည်ကျောက်စာ၌ အတိအလင်း ရေးမှတ်ခဲ့သည်။[၁]

မွန်လူမျိုးတို့တွင် တူရိယာပစ္စည်းအမျိုးမျိုးနှင့် ကနည်းကဟန်အမျိုးမျိုးတို့ရှိကြပြီး ရှေးမွန်သီချင်းအမျိုးမျိုးလည်းရှိခဲ့သည်။ မွန်တို့၏ ဂီတနှင့်အကပညာရပ်များ ထွန်းကားခဲ့သည်ကို ပုဂံဘုရားရှိရုပ်ပုံများ၊ အုတ်ခွက်ပုံများ၊ ပန်းချီများ၊ စဉ့်ကွင်းများကို ကြည့်ခြင်းဖြင့် မွန်လူမျိုးတို့၏ အနုပညာအဆင့်အတန်းကို အကဲဖြတ်နိုင်သည်။[၂]

ဟံသာဝတီ(ပဲခူး)၊ သုဝဏ္ဏဘူမိ(သထုံ)တို့၌ မွန်တို့ထွန်းကားစဉ်အခါက ရှေးမွန်သဘင်တို့သည် တခမ်းတနားဖြင့် ဆင်ယင်ကျင်းပမှုများရှိခဲ့သော်လည်း ခေတ်အမျိုးမျိုးပြောင်းလဲ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ မှေးမှိန်ခဲ့သည်နှင့်အမျှ မွန်ယဉ်ကျေးမှုသည်လည်း မှေးမှိန်လာခဲ့ကြသည်။ မွန်ကျေးမှုရိုးရာကျေးလက်ဂီတနှင့် အက၊ အခုန်များကို တောင်ပိုင်းကျေးလက်များတွင်သာ တွေ့မြင်နိုင်တော့သည်။

---

[၂] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ၁၀၊ ၁၉၆၆၊ ၉၉။
[၁] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ၁၀၊ ၁၉၆၆၊ ၉၉။
[၂] တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(မွန်)၊ ၁၉၉၇၊ ၁၉၆။

မွန်ရှေးဟောင်းနှစ်ပါးသွားအကဖြစ်ပေါ်လာပုံမှာ မွန်ရှေးဟောင်းနှစ်ပါးသွားအကသည် သုဝဏ္ဏဘူမိ(သထုံပြည်)ခေတ်ဦးကပင် နန်းတွင်း၌ ကပြဖျော်ဖြေခဲ့သောအကဖြစ်သည်။ နန်းတွင်း၌ ဘုရင်၊ မိဖုရားနှင့် သားတော်၊ သမီးတော်တို့၏ ဘုန်းတော်ဘွဲ့များကို တစ်ပြန်စီ သီဆိုရင်း ကပြခဲ့ကြသည်။ ခေတ်အဆက်ဆက်ပြောင်းလဲလာသောအခါ ထိုမွန်ရှေးဟောင်းနှစ်ပါးသွားအကမှာ မြို့ပြကျေးလက်များအထိ ပျံ့နှံ့လာကြသည်။[1] မွန်ရှေးဟောင်းနှစ်ပါးသွားအကကို မွန်ဘာသာဖြင့် 'သ္ဒာဒွက်'(စမားဝွက်)ဟု ခေါ်ပြီး အဓိပ္ပာယ်မှာ 'အဆိုသည်ပွဲ' ဖြစ်ပါသည်။ မွန်ရှေးဟောင်းနှစ်ပါးသွားအကသည် နန်းတွင်းရှိ မင်းဇကရာဇ်များကို ဖျော်ဖြေတင်ဆက်ရသည့် အကတစ်မျိုးပင်ဖြစ်ပါသည်။ ဟံသာဝတီခေတ်တွင် အလွန်ခေတ်စားခဲ့ပြီး လူကြိုက်များခဲ့သော အကတစ်မျိုးလည်းဖြစ်ခဲ့သည်။[2]

ဤမွန်ရှေးဟောင်းနှစ်ပါးသွားအကသည် သက္ကရာဇ် ၇၁၀ ခုနှစ်၊ ဟံသာဝတီခေတ်၊ ဝါရီရူးမင်း၏(၈)ဆက်မြောက်မင်းဖြစ်သော ဗညားဦးမင်းလက်ထက်၌ စတင်ထင်ရှားလာခဲ့ပါသည်။ ဗညားဦးသည် ဆင်ဖြူရှင်ဘွဲ့ခံ၍ မုတ္တမ၌ နန်းတက်လေသည်။ ဗညားဦးသည် မင်းပြု၍ မကြာမီ မြောက်ဘက်တောသို့ ဆင်ရံ[3] သွားလေသည်။ ဆင်ရံမှအပြန်တွင် ဗြတ်လိုင်းရွာသို့ ရောက်သော် အလွန်ပင်ချောမောလှပသည့် ဗြတ်လိုင်းသူ မွန်ဘာသာဖြင့် မျှော်မဂေါ်သောက်[4] (ဗွိုက်မဂူစွတ်)မည်သော မိန်းမပျိုကို မြင်မြင်ချင်းပင် ကြိုက်နှစ်သက်၍ ဗြတ်လိုင်းသူ မျှော်မဂေါ်သောက်(ဗွိုက်မဂူစွတ်)ကို မုတ္တမသို့ ခေါ်ဆောင်လာခဲ့သည်။[5]

ဗြတ်လိုင်းသူ မျှော်မဂေါ်သောက်(ဗွိုက်မဂူစွတ်)ကို မုတ္တမသို့ ခေါ်ဆောင်လာရာ အပြန်လမ်းခရီးတစ်လျှောက်တွင် ပဲခူးသူ၊ မုတ္တမသူတို့က တန်ဆောင်တိုင်များကို ကိုင်၍ ကြိုဆိုကြသည်။ ကြိုဆိုရာတွင်လည်း ပြည်သူပြည်သားများက စည်ကားသိုက်မြိုက်စွာ သီချင်းများသီဆို၍ အမျိုးသားနှင့် အမျိုးသမီးတို့က အပြန်အလှန်ကခုန်ကြလေသည်။ လမ်းခရီး တစ်လျှောက် သီဆိုကြိုဆိုသော သီချင်းမှာ -

> "...ပ္ကတဲလက်အုပ်၊ ရုပ်နဲ့ဂေါ်လောန်၊ ကောန်ညားဗြာတ်လာင်၊
> သိုမုပ်ပ္ကပ္ဘာင်၊ ဝါင်ဒုင်ကေတ်ဖျ၊ တြဲမုတ္တမ။ ဟိုတ်နဲ့သ္ဒိုက်ဆာန်၊
> သန်ထာန်နန်ဂွိုင်၊ ဌ္ဏီစသိုင်ရ၊ ရုပ်ဂေါ်သ္ဒေဟ်ဟ၊ နာမသ္ကေံခုတ်၊
> ကောန်ဝုတ်ဗြတ်လာင်။..."[6]

ဟူ၍ စည်ကားစွာ သီဆိုကခုန်ကြလေသည်။

---

[1] အောင်ဆန်းဦး၊ **မောင်**၊ ၂၀၁၇-၂၀၁၈၊ ၃၉။

[2] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၉.၈.၂၀၂၃)။

[3] ဆင်ရံ၊ ကြို - တောဆင်ရိုင်းကို ဖမ်းသည်။

[4] မျှော်မဂေါ်သောက် = လှထိပ်ခေါင်။

[5] နိုင်ပန်းလှ၊ ဒေါက်တာ-၊ ၁၉၉၈၊ ၄၇။

[6] နိုင်ပန်းလှ၊ ဒေါက်တာ-၊ ၁၉၉၈၊ ၄၇။

မြန်မာအဓိပ္ပာယ်မှာ -

> "...ရုပ်ရည်အလွန်ချောမောလှသည့် ဗြတ်လိုင်းရွာသူ လှပျိုဖြူကို ကန်တော့ပွဲ ဆီမီးပန်းမန်တို့ဖြင့် ကြာဖူးသဖွယ် လက်အုပ်ချီ၍ မုတ္တမခရီးသို့ ကြိုဆိုခဲ့ပါသည်။ ဗြတ်လိုင်းသူ သမီးပျိုကလေး၊ အလှပဂေးကို အရှင်မင်းကြီး ချစ်ခင်လေးမြတ်သဖြင့် တစ်ပင်တိုင် နန်းအလယ်တွင် စံပယ်စေသည်။ ဗြတ်လိုင်းသူသမီးပျိုခေါင်ချုပ်၏ ရုပ်အဆင်းမှာ ကျော့ရှင်း၍ အလွန်ချစ်စဖွယ်ကောင်းသည့်အတိုင်း ဘွဲ့အမည်နာမ ချီးမြှင့်ရန်သာ ရှိတော့သည်။..."[၂]

ဟူ၍ အဓိပ္ပာယ်ရပါသည်။

ဗညားဦးသည် မုတ္တမသို့ရောက်ပြီးနောက် ဗြတ်လိုင်းသူ မြော်မဂေါ်သောက် (ဗွိုက်မဂူစွတ်)ကို ချစ်မြတ်နိုးသဖြင့် ရာဇာဒေဝီဘွဲ့ခံ၍ မိဖုရားအဖြစ် တင်မြှောက်လေသည်။[၃] ထိုအခမ်းအနားပွဲတွင် အဆိုအကအတီးအမှုတ်များဖြင့် ငြိမ့်ညောင်းသာယာလှသော နှစ်ပါးသွားကဟန်များကို ထည့်သွင်းကပြလျက်ရှိသည်။ ဘုရင်မင်းမြတ်၏ ရှေ့တော်မှောက်တွင် မကခင်၌ မင်းသားနှင့်မင်းသမီးတို့သည် ဒူးထောက်ထိုင်ရ၍ လက်နှစ်ဖက်လုံးထောက်ကာ ကြမ်းပြင်နှင့်ထိထားရပါသည်။ ဦးခေါင်းသည်လည်း အောက်သို့ ငုံ့ထားရပါသည်။ ထိုအနေအထားသည် ဘုရင်မင်းမြတ်အား ဦးချအရိုအသေပေးသည့်ဟန်ပင်ဖြစ်သည်။[၁]

သက္ကရာဇ် ၇၃၁ ခုနှစ်တွင် ဟံသာဝတီတွင် ကျာ်ကုံဗန်(ကျိုက်ကလွန်ဗွန်) ဘုရားဒကာ တိသမင်းလွန်သည်မှစပြီး ဟံသာဝတီတွင် မင်းဆက်ပြတ်နေချိန်ဖြစ်သည်။ ထိုအချိန်တွင် သူ့ရှင်ဗညားဦးသည် ဟံသာဝတီသို့ ပြောင်းရွှေ့၍ နန်းစံလေသည်။ သူ့ရှင်ဗညာဦး လာရောက်မင်းပြုသည့်အချိန်မှစ၍ ဟံသာဝတီတွင် ရာဇဌာနီမင်းနေပြည်တော်ကြီး ဖြစ်လာခဲ့သည်။[၄]

ဤမွန်ရှေးဟောင်းနှစ်ပါးသွားအကသည် သူ့ရှင်ဗညားဦး လက်ထက်မှစ၍ မင်းအဆက်ဆက်၏ မင်းခမ်းမင်းနားပွဲတိုင်းတွင် ကပြအသုံးတော်ခံရသည့်နန်းသုံးတော်ဝင်အကအဖြစ် ထင်ရှားလာခဲ့သည်။ ရာဇာဓိရာဇ်မင်းကြီးလက်ထက်တွင် မွန်ရှေးဟောင်းနှစ်ပါးသွားအကသာမက နန်းတွင်းအကအမျိုးမျိုးကိုလည်း ကပြအသုံးတော်ခံလျက်ရှိခဲ့သည်။ ထို့နောက် နန်းတွင်း၌သာမက ကျေးလက်များတွင်လည်း ကခုန်ကြလျက်ရှိခဲ့သည်။

နောက်ပိုင်းတွင် ဟံသာဝတီပျက်သုဉ်းပြီးနောက် ဟံသာဝတီခေတ်လွန်သောအခါ မွန်အနုပညာရှင်အချို့သည် မွန်ရှေးဟောင်းနှစ်ပါးသွားအကအား ကွယ်ပျောက်သွားမည်

---

[၂] -ယင်း- ၊ ၄၇-၄၈။

[၃] နိုင်ပန်းလှ၊ ဒေါက်တာ-၊ ၁၉၉၈၊ ၄၇-၄၈။

[၁] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊(၉.၈.၂၀၂၃)။

[၄] နိုင်ပန်းလှ၊ ဒေါက်တာ- ၊ ၂၀၀၅၊ ၅၉။

စိုးရိမ်သောကြောင့် ကျေးလက်တောရွာ၌သာ တူရိယာများစုစည်း၍ ဝိုင်းဖွဲ့ကာ ရပ်ရွာရှိ အပျိုနှင့် လူပျို၊ အပျိုနှင့် လူအို၊ အအိုနှင့် လူပျို စသည်တို့ကို မင်းသားနှင့် မင်းသမီးသဖွယ် သဘောထားပြီး မွန်ရှေးဟောင်းနှစ်ပါးသွားအကကို လေ့ကျင့်သင်ကြားပေးကာ လက်ဆင့်ကမ်း ထိန်းသိမ်းကြလေသည်။[၁] မျက်မှောက်ခေတ်တွင်လည်း မွန်ရှေးဟောင်းနှစ်ပါးသွားအကကို ရေးမြို့နယ်၊ ဒူးယားရွာနှင့် မွန်ယဉ်ကျေးမှုအဖွဲ့က ထိန်းသိမ်းလက်ဆင့်ကမ်းလျက်ရှိပါသည်။

၂။ မွန်အကအမျိုးအစားများ

မွန်ရိုးရာအကများတွင် အကအမျိုးအစား(၃)မျိုး ရှိပါသည်။ ယင်းတို့မှာ (က)ပေါ်ကချိုင်ကသတ်(အငြိမ့်ပွဲ)၊ (ခ)ပေါ်ပလ့်ဟလာန်(ပျော်ရွှင်မြူးတူးစွာကရသည့်အက)၊ (ဂ)ပေါ်ဇာတ်(ဇာတ်ပွဲအက)တို့ဖြစ်ပါသည်။

(က) ပေါ်ကချိုင်ကသတ်(အငြိမ့်ပွဲ)

ပေါ်ကချိုင်ကသတ်(အငြိမ့်ပွဲ)အကမှာ နွဲ့နှောင်း၍ နူးညံ့သိမ်မွေ့သည့် ကကြိုးကဟန်ဖြင့် ကကြရသည်။ ယင်းကကြိုးကဟန်ကို ရှေးမွန်နှစ်ပါးသွားအကတွင် တွေ့ရှိရပါသည်။ ၎င်းကို သမာဒွက်(အဆိုသည်)အကဟု ခေါ်ကြသည်။ အချို့ကလည်း ရှေးဟောင်းမွန်မြေဝိုင်းနှစ်ပါးသွားအကဟူ၍လည်း ခေါ်ဝေါ်ကြသည်။ နွဲ့နှောင်း နူးညံ့သိမ်မွေ့သော ကကြိုးများပါဝင်သည့် ရှေးဟောင်းမွန်နှစ်ပါးသွားအကကို ကျေးလက်ဒေသများ၏ မြေတလင်းပြင်တွင် ကပြလေ့ရှိသည်။ ထိုနှစ်ပါးသွားအကတွင် လူပြက်(လူရွှင်တော်)များကို ထည့်သွင်း၍ ကပြခြင်းရှိသကဲ့သို့ လူပြက်(လူရွှင်တော်)များ ပါဝင်ခြင်းမရှိဘဲ ကပြလေ့ရှိပါသည်။ မင်းသားနှင့်မင်းသမီးတို့ အချီအချ၊ အမေးအဖြေ သီချင်းများသီဆိုကာ ကပြခြင်းကြောင့် သမာဒွက်(အဆိုသည်)များအက ဟုခေါ်ဆိုကြခြင်းဖြစ်သည်။[၂] ယခုအခါ မွန်ရှေးဟောင်းနှစ်ပါးသွားအကကို ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ဇင်းကျိုက်နယ်နှင့် ကော့ဗိန်းတိုက်နယ် ကျေးလက်ဒေသအချို့၌သာ အနည်းငယ်မြင်တွေ့နိုင်ပါတော့သည်။[၃] ဤမွန်ရှေးဟောင်းနှစ်ပါးသွားအကသည် ပျောက်ကွယ်လုနီးပါးဖြစ်နေရာ ယခုအခါ ကက်ဆက်ခွေများ၊ ဗွီဒီယိုခွေများ[၄] ၊ စီဒီခတ်ပြား[၅] များဖြင့် မှတ်တမ်းပြုထားပြီး ဝက်ဘ်ဆိုက်[၆] အင်တာနက်စာမျက်နှာများတွင် မှတ်တမ်းတင်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

---

[၁] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊(ဇ.စ.၂၀၂၃)။

[၂] မင်းနိုင်၊ **ဦး**၊ ၁၉၅၉၊ ၇၀။

[၃] ဉာဏာဝံသ၊ **အရှင်**(ကော့ဗိန်း)၊ ၂၀၁၁၊ ၂၃၇။

[၄] Video

[၅] CD -ROM

(ခ) ပေါ်ပလ်ဟလာန် (ပျော်ရွှင်မြူးတူးစွာကသည့်အက)

ဤအကတွင်အနှေးအကနှင့်အမြန်အကဟူ၍ နှစ်ပိုင်းတွေ့ရသည်။ ပထမဦးစွာ ခပ်လေးလေး အနှေးကပြပြီးနောက်တွင်မှ ခပ်ရှင်ရှင်ခပ်သွက်သွက် အဆို၊ အတီးနှင့် ကရသောအကဖြစ်သည်။ တူရိယာတီးဟန်၊ ကဟန်၊ ဆိုဟန်တို့မှာ တစ်မူထူးခြားသော်လည်း ဗမာအိုးစည်အကနှင့် ဆင်တူသည်ကို တွေ့ရပါသည်။ ထိုအကကို ဘုရားပွဲ၊ အလှူပွဲ၊ ရှင်လောင်းပွဲ၊ လယ်ပုံချပွဲများ အစရှိသည့် ပျော်ပွဲရွှင်ပွဲမျိုးများတွင် အများဆုံး ကပြလေ့ရှိသည်။ ကပြသည့်လူဦးရေမှာ တစ်ဦးချင်းလည်းကပြနိုင်ပြီး အဖွဲ့လိုက်လည်း ကပြနိုင်သည်။ ထိုအကကိုကြည့်၍ လူတို့၏ စိတ်နှလုံးကို ပျော်ရွှင်မြူးတူးတက်ကြွစေသည်။ ယင်းအကကို မွန်လူမျိုးတို့နေထိုင်သောဒေသများတွင် ညောင်ရေသွန်းအက အဖြစ် တွေ့မြင်နိုင်ပါသည်။ ပေါ်ပလ်ဟလာန် (ပျော်ရွှင်မြူးတူးစွာကသည့်အက)ကို နှစ်မျိုးခွဲခြားထားသည်။ ပထမတစ်မျိုးမှာ ခုန်ဟန်၊ မြူးဟန်ကို အသားပေး၍ ဒုတိယတစ်မျိုးမှာ အလမ္ဘာယ်ကစားဟန်၊ ဆင်ဖမ်းဟန်စသည့် အကများပါဝင်သည်။

(ဂ) ပေါ်ဇာတ်(ဇာတ်ပွဲအက)

ပေါ်ဇာတ်(ဇာတ်ပွဲအက)မှာ ဇာတ်သဘင်ပွဲတွင် တင်ဆက်ကပြသော အကဖြစ်သည်။ မွန်ဇာတ်ပွဲအစီအစဉ်မှာ ဗမာဇာတ်ပွဲအစီအစဉ်နည်းအတိုင်းပင် ဖြစ်ပါသည်။ ဗုဒ္ဓဝင်၊ ရာဇဝင်၊ မဟာဝင်၊ ဇာတ်နိပါတ်၊ သိုက်သမိုင်းများမှ ကောင်းနိုးရာရာ ရည်ရွယ်ချက်၊ ဦးတည်ချက်၊ ဗဟုသုတသင်ခန်းစာပေးနိုင်သည့်ဇာတ်တို့ကို ရွေးချယ်ကပြလေ့ရှိသည်။ ၎င်းမွန်ဇာတ်ပွဲနှင့် ဗမာဇာတ်ပွဲကွာခြားချက်မှာ မွန်ဇာတ်ပွဲသည် မွန်သီချင်းသီဆို၊ မွန်စကားပြော၍ မွန်ဟန်ဖြင့် ကပြခြင်းသာ ခြားနားသည်။

မွန်ရိုးရာသဘင်တွင် ကကြိုးကဟန် (၁၂) မျိုး (၁၂) ခန်း ဟူ၍ ခွဲခြားသတ်မှတ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ ၎င်းတို့မှာ (၁)ကျေးငှက်သပြေသီးစားအက၊ (၂)ယပ်တောင်အက၊ (၃)ပဒုမ္မာကြာဖူးအက၊ (၄)ကိန္နရီအက၊ (၅)ကြက်တိန်ညင်အက၊ (၆)ပန်းဝိုင်းအက၊ (၇)လေ့လော်အက၊ (၈)ပန်းကစားအက၊ (၉)ဒေဝပဇ္ဇုန်အက၊ (၁၀)အရှေ့တိုင်းအက၊ (၁၁)ဓားရည်အက၊ (၁၂)နတ်ကတော်အကတို့ဖြစ်ပါသည်။[၁]

ထို့ကြောင့် မွန်အကသည် မြန်မာအကကဲ့သို့ပင် အငြိမ့်အက၊ အပျော်အက၊ ဇာတ်တော်များကို ခင်းကျင်းကာကပြသော ဇာတ်ကြီးကပြမှုဟူ၍ တင်ဆက်ကပြခဲ့ကြောင်းလေ့လာသိရှိရပါသည်။ မွန်ရှေးဟောင်းနှစ်ပါးသွားအကမှာမူ ပေါ်ကချိုင်ကသတ် (အငြိမ့်ပွဲ)အမျိုးအစားတွင် ပါဝင်သည်ကို တွေ့ရှိရပါသည်။

---

[၃] Web-Site

[၁] မင်းနိုင်၊ ဦး၊၁၉၅၉၊ ၇၁။

၂၊ ၁။ မုဒြာလက်ဟန်(၄)မျိုး

မွန်အကတွင် အခြေခံအားဖြင့် မွန်ရိုးရာအကများကပြရာတွင် မုဒြာလက်ဟန် အနေအထား (၄)မျိုးကို အဓိကထား၍ အသုံးပြုကြသည်။ ၎င်းတို့မှာ-

(၁) ကိန္နရီကိန္နရာလက်အနေအထားဟန်

(၂) ကျေးဌက်နှုတ်သီးသဏ္ဌာန်လက်အနေအထား

(၃) နဂါးပါးစပ်သဏ္ဌာန်လက်အနေအထား

(၄) ဟသ်ာနှုတ်သီးသဏ္ဌာန်လက်အနေအထားဟန် တို့ဖြစ်သည်။[၁]

(၁) ကိန္နရီကိန္နရာလက်အနေအထားဟန်

၎င်းလက်ဟန်ကို ကြက်ခြေထောက်လက်ဟန်ဟုခေါ်သည်။ လက်ဖဝါးများကို ပြားလျက်ဖြန့်ပြီး လက်မတစ်ချောင်းကိုသာ ရှေ့သို့ထုတ်ကာ ကျန်လက်ချောင်းများသည် အချင်းချင်းပူးကပ်ကာ မတ်လျက်အနေအထားဖြင့် ထောင်ထားရသည့် အနေအထားဖြစ်သည်။[၂]

ပုံ (၁)

ကိန္နရီကိန္နရာလက်ဟန်ပုံ

(၂) ကျေးဌက်နှုတ်သီးသဏ္ဌာန်လက်အနေအထား

လက်ညှိုးနှင့်လက်မတို့ကို ထိကပ်ထားရပြီး ကျန်လက်သုံးချောင်းကို ကော့ထားရမည်။ ယနေ့ထိတိုင် မြန်မာအကများ ကပြရာတွင် ၎င်းလက်ဟန်အနေအထားကို အများဆုံးအသုံးပြုပြီး ကပြလျက်ရှိနေသည်။[၃]

---

[၁] မင်းခိရာဇ်၊ တက္ကသိုလ်- ၊ ၁၉၉၅၊ ၁၂၃။

[၂] ဌ၀ါ၀ါကျော်၊ မ၊ ၂၀၀၁-၂၀၀၂၊ ၁၈-၁၉။

[၃] ဌ၀ါ၀ါကျော်၊ မ၊ ၂၀၀၁-၂၀၀၂၊ ၁၈-၁၉။

ပုံ (၂)

ကျေးငှက်နှုတ်သီးသဏ္ဌာန်လက်ဟန်ပုံ

(၃) နဂါးပါးစပ်သဏ္ဌာန်လက်အနေအထား

လက်ညှိုးကို နှစ်ဆစ်မြောက်ချိုးထားပြီး လက်ညှိုး၏ထောင့်ချိုးမှာ (၉၀)ဒီဂရီ ရှိရမည်။ လက်မသည် ရှေ့ဘက်သို့ကော့ထားရပြီး ကျန်လက်သုံးချောင်းသည် ထောင်လျက်ကော့ထားရမည်။ ၎င်းလက်ဟန်မှာ မြန်မာအကတွင် နဂါးအမောက် လက်ဟန်အနေအထားနှင့် အနည်းငယ်ဆင်တူသည်။[၂]

ပုံ (၃)

နဂါးပါးစပ်သဏ္ဌာန်လက်ပုံ

(၄) ဟင်္သာနှုတ်သီးသဏ္ဌာန်လက်အနေအထားဟန်

၎င်းလက်ဟန်တွင် လက်ညှိုးသည် လက်မနှင့်အပြိုင်သွားပြီးကပ်ထားရမည်။ ကျန် လက်သုံးချောင်းသည် အပေါ်သို့ထောင်လျက် ကော့နိုင်သမျှကော့ထားရသည်။ ၎င်းလက်ဟန်အနေအထားသည် မြန်မာအကတွင် ဒေါင်းအကဟန် လက်အနေအထား နှင့် အနည်းငယ်ဆင်တူသည်။[၃]

ပုံ (၄)

ဟင်္သာနှုတ်သီးသဏ္ဌာန်လက်ပုံ

---

[၂] -ယင်း- ။

[၃] ဌ၀ါ၀ါကျော်၊ **မ**၊ ၂၀၀၁-၂၀၀၂၊ ၁၈-၁၉။

၂၊ ၂။ ခြေလှုပ်ရှားဟန်(၅)မျိုး

ခြေအသွားအလာ လှုပ်ရှားမှုတွင်လည်း မွန်အကာ၌ လှုပ်ရှားမှု(၅)မျိုးအသွင်ဖြင့် ကပြလေ့ရှိကြသည်။ ၎င်းတို့မှာ_

(၁) နှစ်ထပ်ခြေလှုပ်ရှားမှု
(၂) တစ်ထပ်ခြေလှုပ်ရှားမှု
(၃) ထပ်ခြေအရွှေ့လှုပ်ရှားမှု
(၄) ခြေစုံရွှေ့လှုပ်ရှားမှု[၂]
(၅) ခြေပွတ်ရွှေ့လှုပ်ရှားမှု ဟူ၍ဖြစ်ကြသည်။

(၁) နှစ်ထပ်ခြေလှုပ်ရှားမှု

နှစ်ထပ်ခြေလှုပ်ရှားကပြပုံမှာ 'ချင်'ဟူသော ပထမစည်းအနေအထားတွင် ညာဖနောင့်ထိုး၍ 'ဖျောက်'ဟူသော ဒုတိယဝါးအနေအထား၌ မူလကခွင်အတိုင်း ညာဖနောင့်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် ထိုညာဖနောင့်ကိုပင် နောက်သို့ ထဘီနားခတ်ကာ ဒုတိယ'ချင်'ဟူသော စည်းအနေအထားတွင် ဘယ်ဖနောင့်ထိုးရပါသည်။ ထို့နောက် 'ဖျောက်' ဟူသော ဒုတိယဝါးတွင် မူလကခွင်အတိုင်း ဘယ်ဖနောင့်သိမ်းပြီးသည်နှင့်တစ်ပြိုင်နက် နောက်သို့ ထဘီနားခတ်ဟန်ဖြင့် ခြေခတ်ရသည်။[၁]

ပုံ (၅)

နှစ်ထပ်ခြေလှုပ်ရှားမှုပုံ

(၂) တစ်ထပ်ခြေလှုပ်ရှားမှု

တစ်ထပ်ခြေလှုပ်ရှားကပြပုံမှာ ချင်ဟူသော ပထမစည်းတွင် ညာဖနောင့် ထိုးရပြီး ဖျောက်ဟူသော ပထမဝါးတွင် မူလကခွင်အတိုင်း ခြေပြန်သိမ်းရသည်။ ချင်ဟူ

---

[၂] မင်းမိရာဇ်၊ တက္ကသိုလ်- ၊ ၁၉၉၅၊ ၁၂၄။
[၁] မိမြသန်း၊ (မွန်ရိုးရာအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၂၄.၆.၂၀၂၂)။

သော ဒုတိယစည်းတွင် ညာဖနောင့်ထိုးရပြီး ဖျောက်ဟူသော ဒုတိယဝါးတွင် မူလကခွင်အတိုင်း ခြေပြန်သိမ်းရသည်။[၂]

ပုံ (၆)

တစ်ထပ်ခြေလှုပ်ရှားမှုပုံ

(၃) ထပ်ခြေအရွှေ့လှုပ်ရှားမှု

ထပ်ခြေအရွှေ့လှုပ်ရှားကပြပုံမှာ ချင်ဟူသောစည်းအနေအထားတွင် ညာခြေမြှောက်ရပြီး ဝါးဟူသောအနေအထားတွင် မူလကခွင်အတိုင်း ခြေပြန်ချရသည်။ ထိုခြေလှုပ်ရှားမှုအတိုင်း စည်းဝါးအရေအတွက်ပေါ်မူတည်ပြီး ခြေတစ်ဖက်တည်းရွှေ့၍ ကပြရသည်။ ဘယ်ခြေကိုလည်း ထိုနည်းအတိုင်း လှုပ်ရှားကပြရသည်။[၁]

ပုံ (၇)

ထပ်ခြေအရွှေ့လှုပ်ရှားမှုပုံ

(၄) ခြေစုံရွှေ့လှုပ်ရှားမှု

ခြေဖဝါးနှင့်ခြေဖနောင့်တို့အပြိုင်သွား၍ ခြေစုံရွှေ့လှုပ်ရှားကပြရသောကြောင့် ခြေစုံရွှေ့လှုပ်ရှားမှုဟုခေါ်သည်။ ချင်ဟူသော စည်းအနေအထားတွင် ညာခြေနှင့်

---

[၂] -ယင်း-။

[၁] မိမြသန်း၊ (မွန်ရိုးရာအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊(၂၄.၆.၂၀၂၂)။

ဘယ်ခြေတို့သည် ဖနောင့်ဖြင့် ညာဘက်သို့ ပွတ်ရွှေ့ရ၍ ဖျောက်ဟူသော အနေအထားတွင် ဘယ်ဘက်သို့ ပြန်လည်ပွတ်ရွှေ့ရသည်။[၁]

ပုံ (၈)

ခြေစုံရွှေ့လှုပ်ရှားမှုပုံ

(၅) ခြေပွတ်ရွှေ့လှုပ်ရှားမှု

ခြေပွတ်ရွှေ့အကသည် ဘယ်ခြေ၏ ခြေမျက်စိမှ ညာခြေဖနောင့်သည် ၄၅ဒီဂရီ ညာဘက်သို့ မျက်နှာမူထားရမည်။ ထိုအနေအထားမှတစ်ဆင့် ညာဖနောင့် ဘယ်ဘက်သို့ ပွတ်ရပြီး ချင်ဟူသောအနေအထားတွင် ခြေဖနောင့်မှ ဘယ်ဘက်သို့ ပွတ်ရွှေ့လာပြီး ဖျောက်ဟူသော ဝါးအနေအထားတွင် ဘယ်ဘက်သို့ ပွတ်ရွှေ့ရပါသည်။ ဘယ်ခြေ၏ ပွတ်ရွှေ့ရာနောက်သို့ ပွတ်ရွှေ့ရသည်။[၂]

ပုံ (၉)

ခြေပွတ်ရွှေ့လှုပ်ရှားမှုပုံ

နှစ်ထပ်ခြေလှုပ်ရှားမှုကို အမျိုးသမီးများတွင် အသုံးများပြီး တစ်ထပ်ခြေ၊ တစ်ထပ်ခြေအရွှေ့နှင့် ခြေစုံရွှေ့လှုပ်ရှားမှုများကို အမျိုးသားအကများတွင် အများဆုံးတွေ့ရသည်။ ယင်းခြေလှုပ်ရှားမှုများတွင် နှစ်ထပ်ခြေလှုပ်ရှားမှုသည် မွန်ရိုးရာအကများတွင် အဓိက အရေးကြီးသော ခြေအသွားအလာများဖြစ်သည်။ ခြေပွတ်ရွှေ့လှုပ်ရှားမှုသည် မွန်ရှေးဟောင်းနှစ်ပါးသွားတွင် အများဆုံးလှုပ်ရှားကပြသည်ကို တွေ့ရှိရသည်။

---

[၁] မိမြသန်း၊ (မွန်ရိုးရာအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊(၂၄.၆.၂၀၂၂)။

[၂] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၉.၈.၂၀၂၃)။

၂၊ ၃။ စည်းဝါး(၄)မျိုး

မွန်အကကပြရာတွင် စည်းဝါး(၄)မျိုးကို အဓိကထား၍ အသုံးပြုကြသည်။ ၎င်းတို့မှာ-

(၁) ခုတ်စည်း[1]

(၂) နရီစည်း[2]

(၃) ဝါးလတ်စည်း[3]

(၄) စုံစည်း[4] တို့ဖြစ်ကြပါသည်။[5]

ခုတ်စည်းကို ရိုးရာနတ်ကန္တားကသည့်အခါတွင်လည်းကောင်း၊ မွန်ရိုးရာတပင်တိုင်အကနှင့် အချို့သောယိမ်းအကများတွင် အသုံးပြုလေ့ရှိခြင်းနှင့် နရီစည်း၊ ဝါးလတ်စည်း၊ စုံစည်းတို့ကိုလည်း ရိုးရာအဆိုအကများတွင် လိုအပ်သလို အသုံးပြုကြသည်။

မွန်ရှေးဟောင်းနှစ်ပါးသွားအကတွင်မူ ဝါးလတ်စည်းနှင့် စုံစည်းတို့ကို အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

၃။ မွန်ရှေးဟောင်းနှစ်ပါးသွားအက၏ သဘောသဘာဝ

နှစ်ပါးသွားဟူသည် ဇာတ်သဘင်တွင် မင်းသားနှင့်မင်းသမီးချစ်ခန်းကြိုက်ခန်းအမူအရာဖြင့် သီဆိုကခုန်ခြင်းဟူ၍ မြန်မာ့အနုသုခုမာ့အဘိဓာန်တွင် ဖော်ပြထားပါသည်။ မွန်ရှေးဟောင်းနှစ်ပါးသွားအကကို မွန်ဘာသာဖြင့် ပေါ်သမာဒွတ်ဟူ၍ ခေါ်ဆိုကြပြီး အနက်အဓိပ္ပာယ်မှာ ၁။ သမာဒွက် = အဆိုတော်/အဆိုကျော်။ ၂။ ပေါ်ဒွက် = အဆိုပွဲ/အဆိုပညာဖြင့် အဓိကထားသောပွဲဟူ၍ဖြစ်သည်။ ထို့ကြောင့် ပေါ်သမာဒွက်ဟူသည်မှာ အဆိုပညာရှင်များ တေးသီချင်းသီကျူးဖွဲ့ဆိုကပြသည့်ပွဲဟု အဓိပ္ပာယ်ရပါသည်။[6]

မွန်ရှေးဟောင်းနှစ်ပါးသွားအကကို စတင်လေ့ကျင့်သင်ကြားရာတွင် ကခွင်အနေအထားပုံစံသည် လူခန္ဓာကိုယ်မှ သုံးချိုးကို နှစ်ချိုးချိုး၍ 'ကခွင်'ယူရပါသည်။ ခြေအသွားအလာများသည်လည်း စည်းဝါးအနေအထားကိုလိုက်ပြီး ခြေပွတ်ရွှေ့ရပါသည်။ လက်ပုံစံမှာ ရင်ဘတ်ရှေ့၌ ဆန့်ထားရပြီး တံတောင်ဆစ်သည် အဝိုင်းပုံစံထားကာ တံတောင်ဆစ်ပေါ်တွင် ဂုံညှင်းစေ့

---

[1] ခုတ်စည်း၊နေ- ဆိုင်းဝိုင်းသုံးစည်းမျိုး။

[2] နရီစည်း၊နေ- စည်းသုံးချက်ဝါးသုံးချက်ပါသောစည်းဝါးတီးဟန်။

[3] ဝါးလတ်စည်း၊နေ- တစ်ချက်စည်းနှင့်အတူတူ။

[4] စုံစည်း၊နေ- စည်းနှင့်ဝါးပြိုင်တူတီးရသောစည်းမျိုး။

[5] မင်းဓိရာဇ်၊ တက္ကသိုလ်-၊ ၁၉၉၅၊ ၁၂၃။

[6] နိုင်အောင်ပိုင်း၊ ဥက္ကဋ္ဌ(ဗြိမ်း)၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၁၁.၈.၂၀၂၃)။

တင်၍ လေ့ကျင့်ရသည်။ လက်ကောက်ဝတ်များသည် နူးညံ့ပျော့ပျောင်းစွာ ဘယ်လှန် ညာမှောက်ကွေးရပြီး တံတောင်ဆစ်ပေါ်မှ ဂုံညှင်းစေ့မပြုတ်ကျအောင် လေ့ကျင့်ရပါသည်။

ထို့နောက် မင်းသမီးမှ မင်းသားအား အချီအချ၊ အမေးအဖြေများကို တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန်စကားနာထိုးရင်း သီချင်းများသီဆိုကာ ကပြရသည့် အကမျိုးပင် ဖြစ်ပါသည်။ သီချင်းကိုအသားပေး၍ ကပြရသောကြောင့် 'သ္ဘာဒွက်'(စမားဂွက်)ဟု ခေါ်ကြ ခြင်း ဖြစ်ပါသည်။ အဓိပ္ပာယ်မှာမူ 'အဆိုသည်ပွဲ' ဖြစ်ပါသည်။[၁]

ထိုသို့ခေါ်ဆိုရခြင်းမှာ အကြောင်းအရာအမျိုးမျိုးကို ဖွဲ့နွဲ့၍ သီဆိုရသောကြောင့် မြေဝိုင်းနှစ်ပါးသွားအကဟုခေါ်သည်။ မြေဝိုင်းနှစ်ပါးသွားအကဟု ခေါ်ဆိုသော်လည်း အမှန် စင်စစ်အားဖြင့် မင်းသား၊ မင်းသမီးတို့ တကယ်ကခုန်ခြင်းမဟုတ် ဟန်မျှလောက်သာ စခန်းသွားကပြကြသည်။ သို့သော် အချို့ပွဲများတွင် မင်းသား၏ နောက်တော်ပါးအဖြစ် အမျိုးသားတစ်ဦးပါဝင်လျက်ရှိပြီး ၎င်းသည် မင်းသားပြောဆိုသောစကား၊ သီဆိုသောစကား များကို ထောက်ပံ့ပေးရသည်။ မင်းသားနှင့် မင်းသမီးတို့ တစ်ကျော့စီ အချီအချကလေးများ ဖြင့် မေးဖြေသီဆိုရင်း 'စကားရည်လုပွဲ'ဆန်ဆန် အထစ်အငေါ့များဖြင့် သီဆိုကပြသော အကမျိုးဖြစ်သည်။ ၎င်းအကကို နန်းတွင်း၌ တင်ဆက်ရာတွင် ဗုဒ္ဓဝင်၊ နိပါတ်တော်များ အကြောင်းကို ဖွဲ့နွဲ့သီဆိုကပြလေ့ရှိပြီး ကျေးလက်ဒေသများတွင်မူ ကျေးလက်သဘာဝ အကြောင်းကို ဖွဲ့နွဲ့သီဆိုကပြလျက်ရှိသည်။ အနန္တော၊ အနန္တငါးပါးတို့၏ ကြီးမားသော ဂုဏ်ကျေးဇူးတော်တို့ကို ဖော်ကြူးဖွဲ့နွဲ့သီကုံးထားသည့် တေးသီချင်းများကို သီဆိုကပြ လျက်ရှိသည်။ ကျေးလက်ဒေသများတွင် လူပျို၊ အပျိုသဘာဝ ပညာစမ်းသည့်သဘောဖြင့် စကားထာများ၊ စကားလိမ်များဖွက်၍ အစောင်းအချိတ်လေးများဖြင့် ကျေးလက်အကြိုက် သစ္စာထားချစ်စကား ကြိုက်စကားပါသော သီချင်းများဖြင့် သူနိုင်ကိုယ်နိုင်အပြိုင်လုပ်၍ စောင်းချိတ်သီဆိုကပြကြသည်။[၂]

မင်းသားနှင့်မင်းသမီးတို့၏ ကဟန်မှာလည်း နန်းတွင်းမှ ကပြခဲ့သောအကများ ဖြစ်သဖြင့် နူးညံ့သိမ်မွေ့စွာ ကပြရပါသည်။ ဤနှစ်ပါးသွားအကတွင် ကြက်တိန်ညင်အက သည် အလွန်အရေးပါလေသည်။ ကြက်တိန်ညင်အကသည် လူပျိုက အပျိုကို ပိုးပန်းသည့် အခါတွင် ကြက်ဖတစ်ကောင်မှ ကြက်ပျိုမလေးအား လိုက်လံဆွဲဆောင်သကဲ့သို့ အတုယူပြီး ကပြထားသောကကွက်တစ်ခုဖြစ်ပါသည်။ ကပြပုံမှာ မင်းသား၏ လက်တစ်ဖက်ချထားပြီး ကျန်လက်တစ်ဖက်အား အနည်းငယ်ဆန့်ထားကာ မင်းသမီးနားတွင် ရစ်ဝဲဟန်ဖြင့် ကပြရ

---

[၁] မင်းနိုင်၊ ဦး၊၁၉၅၉၊ ၇၁။

[၂] အောင်ဆန်းဦး၊မောင်၊-၂၀၁၇-၂၀၁၈၊၃၉။

သည်။ မင်းသမီးသည် ရစ်ဝဲလာသောမင်းသားအား လက်တစ်ဖက်နှင့် ပုတ်ထုတ်ဟန်ဖြင့် ကပြရသည်။[၁]

ထို့နောက် ငါရုံ့ရေးကူးအကသည်လည်း မွန်မြေပိုင်းနှစ်ပါးသွားတွင် ထင်ရှားသော ကကွက်တစ်ခုဖြစ်ပါသည်။ ဤကကွက်သည် ရေထဲတွင် ငါးရုံ့ရေးကူးနေသကဲ့သို့ လက်နှစ်ဖက်အား ခါးဘေးတွင် ဘယ်ညာဆန့်ကျင်ဘက်လှုပ်ရမ်း၍ နူးညံ့သိမ်မွေ့သောဟန်ဖြင့် စည်းဝါးကျနစွာ ကပြရပါသည်။

ဤမွန်မြေပိုင်းနှစ်ပါးသွားအကတွင် လူရွှင်တော်များလည်းပါဝင်ရသည်။ မင်းသားဘက်မှ လူရွှင်တော်နှင့် မင်းသမီးဘက်မှ လူရွှင်တော်ဟူ၍ အချိုးညီညီပါဝင်သည်။ လူရွှင်တော်များသည် အများဆုံး(၆)ယောက်အထိ ပါဝင်နိုင်သည်။ လူရွှင်တော်၏ လုပ်ကွက်များသည် မင်းသားကမည်သို့ကောင်းကြောင်း၊ မင်းသမီးကမည်သို့တော်ကြောင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အခြေအတင် ဟာသနှောပြီး အမွန်းတင်ပြောဆိုကြရပါသည်။ ထိုသူတို့သည် အောင်သွယ်သဘောပင်ဖြစ်သည်။

စကားပြောသည့်အခါတွင်လည်း ကဗျာလက်ာနှင့် စည်းဝါးဟန်ထားဖြင့် အချိတ်အဆက်မိမိ ပြောရပါသည်။ လက်အမူအရာဖြင့်လည်း မထိတထိဟန်ဖြင့် ကကြရပါသည်။ ဤအကတွင် မိမိပြောလိုသောစကားများကို အချိန်တိုတိုအတွင်း ကဗျာလက်ာများကို သီချင်းဖြစ်အောင် ဖွဲ့နွဲ့သီဆိုရပြီး စည်းဝါးကျနစွာ ပြောဆိုရပါသည်။

နှစ်ဖက်လုံးညီညာစွာ တုံ့ပြန်ချေပနိုင်မှသာလျှင် ကြည့်ကောင်းပေသည်။ ဉာဏ်ရည်ကောင်းသူ၊ ဖြတ်ထိုးဉာဏ်ကောင်းသူနှင့် စူးစမ်းလေ့လာမှုရှိသော လူငယ်အတွဲဖြစ်ပါက 'တဝါးဝါး၊ တဟားဟား'ဖြင့် ပျော်ရွှင်ဖွယ်တင်ဆက်နိုင်သော အကတစ်ပုဒ် ဖြစ်လာနိုင်သည်။

ရှေးဟောင်းမြေပိုင်းနှစ်ပါးသွားအကကို ရိုးရာပွဲတော်ကျင်းပချိန်နှင့် (၁၂)လရာသီပွဲတော်များ၊ အလှူပွဲ၊ ဘုရားပွဲစသည့် နေ့ထူးနေ့မြတ်များတွင် မြေသလင်းပြင်၌ ခင်းကျင်းကပြကြလေသည်။ ဤအကတွင် ရပ်ရွာရှိသူ့ဖက်ကိုယ့်ဖက်၊ သူ့လူကိုယ့်လူနှင့် အားပေးပုံများသည် ကပြသူများအပြင် အားပေးသူပရိသတ်များပါ မျက်နှာထီမျက်နှာထားအမျိုးမျိုးဖြင့် မွန်ကျေးလက်တောရွာတို့တွင် အလွန်ပင်အသက်ဝင်လှပေသည်။[၂]

ထို့ကြောင့် မွန်ရှေးဟောင်းနှစ်ပါးသွားအကသည် မြန်မာမြေပိုင်းနှစ်ပါးသွားအက၏ သဘောသဘာဝနှင့် အနည်းငယ်တူညီသည်ဟု ဆိုရမည်ဖြစ်ပါသည်။ မွန်ရှေးဟောင်းနှစ်ပါးသွား

---

[၁] https://www.facebook.com/100068299329770/videos/300727804500252/?mibextid=Nif5oz (8.8.2023)

[၂] https://www.facebook.com/100068299329770/videos/300727804500252/?mibextid=Nif5oz (8.8.2023)

အကတွင် မင်းသားနှင့်မင်းသမီးသည် တေးသီချင်းသီဆိုလျက် ကကြိုးကကွက်များစွာ မပါဝင်ဘဲ ဟန်အကများသာကပြသည်ကိုတွေ့ရသဖြင့် မြန်မာမြေဝိုင်းနှစ်ပါးသွားနှင့် တူညီသည်ဟု ဆိုခြင်းဖြစ်ပါသည်။ သီဆိုသည့်တေးသီချင်းများတွင် ရေးဖွဲ့သည့်အကြောင်းအရာမှာ မင်းသားနှင့်မင်းသမီးတို့၏ ချစ်ခြင်းမေတ္တာအကြောင်း၊ တောတောင်သာယာပုံများကို ဖွဲ့နွဲ့လေ့ရှိရာ မြန်မာမြေဝိုင်းနှစ်ပါးသွားနှင့် အနည်းငယ်ဆင်တူသည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မွန်ရှေးဟောင်းနှစ်ပါးသွားအကသည် တေးသီချင်းသီဆိုကာ ဟန်အကများဖြင့် ငြိမ့်ညောင်းညင်သာစွာ ကပြရသောအကဖြစ်ကြောင်း တွေ့ရှိရပါသည်။

၄။ မွန်ရှေးဟောင်းနှစ်ပါးသွားတင်ဆက်ကပြပုံ

မွန်ရှေးဟောင်းနှစ်ပါးသွားအက(သို့မဟုတ်) မွန်ရိုးရာမြေဝိုင်းအက ကပြရာတွင် ပွဲဝိုင်း၏ အပြင်အဆင်မှာ ကွင်းကျယ်ကျယ်မြေသလင်းတွင် နေရာယူပြီး သုံးပုံနှစ်ပုံကို ကပြရာနေရာဟု သတ်မှတ်၍ သုံးပုံတစ်ပုံကို ဝိုင်းတော်တီးများအတွက် သတ်မှတ်ထားရသည်။ ကွင်းပြင်ကို အများအားဖြင့် ဘုရားနှင့် ကျောင်းကန်ပတ်ဝန်းကျင်နေရာများတွင် ကပြဖျော်ဖြေလေ့ရှိသည်။ ကွင်းအလယ်ဗဟိုတွင် တိုင်တစ်ချောင်းစိုက်ထူထားပြီး ပွဲခင်း၏ ထောင့်လေးထောင့်တွင်လည်း တိုင်တစ်ချောင်းစီ စိုက်ထူထားသည်။ ၎င်းတိုင်ထိပ်တွင် မီးတိုင်များ စိုက်ထူထားလေ့ရှိသည်။ မီးတိုင်မှာ ဝါးဘိုးဝါးတစ်လုံးကို ထိပ်မှ ခွဲစိတ်ပြီး ရေနံချေးနှင့် ယက္ကန်းစင်မှ ချည်မျှင်အမြှေတ်များထည့်ထားသည့် အင်တုံတစ်လုံးကို ဝါးဖျားတွင် ညှပ်၍ ထွန်းလေ့ရှိသည်။ အလယ်ဗဟိုတိုင်ထိပ်များတွင် သပြေခံများ စည်းနှောင်ထားသည်။ တိုင်ထိပ်အောက် တစ်ထွာခန့်အကွာတွင် ၄က်ပျောသီးများ၊ ကောက်ညှင်းထုပ်များကို ပဒေသာပင်ပမာချိတ်ဆွဲထားသည်။ မင်းသားနှင့်မင်းသမီးများ ပွဲကပြီးလျှင် ချိတ်ဆွဲထားသော ၄က်ပျောသီးများ၊ ကောက်ညှင်းထုပ်များကို ပဒေသာပင်ပမာ ဆွတ်ခူးစားသောက်ကြသည်။[၁]

မွန်မြေဝိုင်းအက ကပြသည့်အပိုင်းတွင် ဆိုင်းအဖွဲ့မှ (၆)ဦး၊ မင်းသား(၂)ဦး၊ မင်းသမီး(၂)ဦး စုစုပေါင်း(၁၀)ဦးခန့်ပါဝင်သည်။ တစ်နယ်မှတစ်နယ်သို့ သွားရောက်ကပြရာတွင် လွန်စွာလွယ်ကူပြီး မိမိတို့၏ပစ္စည်းပစ္စယများကို ထမ်းပိုး၍ ပြောင်းရွှေ့သွားလာနိုင်ကြသည်။ မွန်မြေဝိုင်းအကသည် မွန်ကျေးလက်တောရွာများ၌ နွေရာသီကောက်ရိတ်ပြီးချိန် ဘုရားပွဲ၊ အလှူပွဲများတွင် ယနေ့တိုင် ကပြဖျော်ဖြေတင်ဆက်နေကြသော မွန်ရိုးရာမြေဝိုင်းနှစ်ပါးသွားအက ဖြစ်ပေသည်။[၂]

ကပြပုံအဆင့်ဆင့်မှာ (က)နတ်ပင့်၊ (ခ)ရှေ့ပိုင်းနောက်ပိုင်း၊ (ဂ)ကပွဲအစ၊ (ဃ)ဒုတိယပိုင်း ကကွက်ဟူ၍ ကပြကြပါသည်။

---

[၁] အောင်ဆန်းဦး၊ **မောင်**၊ ၂၀၁၇-၂၀၁၈၊ ၄၀။

[၂] အောင်ဆန်းဦး၊ **မောင်**၊ ၂၀၁၇-၂၀၁၈၊ ၄၀။

(က) နတ်ပင့်

ညဉ့်ဦးယံတွင် ထုံးစံအတိုင်း နတ်ပင့်ကြသည်။ နတ်များအား အတီးဖြင့် ပူဇော်ပသကြပြီးနောက် အတီးဖြင့်ဇည့်ခံကြသည်။ ဇည့်ခံနေစဉ် ပွဲကြည့်ပရိသတ်များသည် သတ်မှတ်ထားသောပွဲခင်းကို ဝိုင်းပတ်၍ နေရာယူကြသည်။ ဆိုင်းဝိုင်းအတွက် ပွဲခံကြသူများက အုန်း၊ ငှက်ပျောပွဲတစ်ပွဲပေးကြရသည်။[၂]

(ခ) ရှေ့ပိုင်းနောက်ပိုင်း

မွန်မြေပိုင်းတွင် တစ်ချို့ဒေသ၌ ရှေ့ပိုင်းနောက်ပိုင်း ၂ ပိုင်း ခွဲ၍ ကပြကြသည်။ ပထမပိုင်းတွင် လူငယ်ကာလသားကြိုက် အထေ့အငေါ့၊ အစောင်းအချိတ်တို့ဖြင့် သီဆိုကပြကြပြီး နောက်ပိုင်းတွင်မူ ဇာတ်နိပါတ်၊ ဗုဒ္ဓဝင်များခင်းကျင်းကပြကြသည်။ ရှေ့ပိုင်းတွင် အစ်ကိုကာလသားများ တက်တက်ကြွကြွ အော်ဟစ်လှောင်ရယ်မော နိုင်ကြသော်လည်း နောက်ပိုင်းတွင်မူ ဇာတ်ဆောင်များ၏ ပြုစားဖမ်းစားချက်များ ကြောင့် ခံစားချက်များကိုယ်စီနှင့် ငြိမ်သက်တိတ်ဆိတ်၍ နေကြတော့သည်။[၃]

(ဂ) ကပွဲအစ

ပွဲစတော့မည်ဆိုလျှင် မင်းသားရောမင်းသမီးပါ နှစ်ဦးယှဉ်တွဲ၍ ထွက်လာကြပြီး ဆိုင်းဝိုင်းကို မျက်နှာမူကာ ထိုင်နေတတ်သည်။ ပထမဦးစွာ ဆိုင်းဝိုင်းမှ အတောခံပေးလိုက်သည်နှင့် မင်းသားရောမင်းသမီးပါ ကိုယ်ကိုယိမ်းနွဲ့ကာ စတင်ကကြတော့သည်။

မင်းသားထိုင်ရာမှ ဖြေးညှင်းစွာထကာ ဆွဲဆွဲငင်ငင်တေးသွားတစ်ပိုဒ်ကို စတင်ကျူးရင့်လိုက်သည်။ "စိန်၏အနှစ်သမျှ ကြည်လင်လှပလွန်းတဲ့နှစ်မခင် နှမသည်ကို မြင်သည့်နေ့မှစ၍ တစ်နေ့တစ်ရက်မှ မေ့မရသည့်အတွက် ခင့်မျက်နှာကလေးကို အမြဲထာဝရ တွေ့မြင်နိုင်လေအောင် မောင့်မေတ္တာကို လက်ခံပါလားခင်ရယ်"[၁]

ဤစာအုပ်အထောက်အထားအရဆိုပါက မင်းသားနှင့်မင်းသမီးသည် ဆိုင်းဝိုင်းကို မျက်နှာမူလျက်ထိုင်သည်ဟု ရေးသားထားရာ မင်းသားနှင့်မင်းသမီးသည် ပရိသတ်ကို နောက်ကျောပေးလျက် ထိုင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆိုင်းဝိုင်းမှာ ကခွင်ဧရိယာ၏ နောက်ဖက်တွင်ထားရှိရခြင်းကြောင့်ဖြစ်သည်။ သို့သော် အများအားဖြင့် မွန်ရှေးဟောင်းနှစ်ပါးသွားကို ကပြသည့်အခါ မင်းသားနှင့်မင်းသမီးသည် ပရိသတ်ကို မျက်နှာမူကာ ကပြရလေသည်။

---

[၂] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၁။

[၃] -ယင်း- ၊ ၂၄၂။

[၁] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၂။

မင်းသမီးသည် မင်းသား၏ ကကြိုးအတိုင်း ညင်သာညက်ညောစွာ ကနေရာမှ ပြန်လည်သီဆိုလိုက်သောတေးသွားကြောင့် အမျိုးသမီးကို ပရိသတ်များမနှောခွေ့ကာ ဝေါကနဲရယ်မော သြဘာပေးလိုက်ကြလေသည်။ "ခင့်အားချစ်ရေးဆိုလာသူကြီးရေ .... ခင့်ရုပ်သွင်ကိုရှုပါ မှို့ဝါဂွမ်းစုံ ပုလဲဥသမ္ဘ ဖြူဖွေးနုနယ် ချစ်စဖွယ်ကလေးကို ရှင်ကဲ့သို့ မွဲညစ်ပေရေ ရွံစရာအသွင်ရှိသော မျောက်ညိုနှင့်တူသူက ရာရာစစ ချစ်ရေးဆိုဝံ့တာ အံ့ပါမှုလေ" ဟူသော သဘောပါသည့် တေးသွားကလေးဖြင့် မဲ့ကာ၊ ရွဲ့ကာ၊ စောင်းကာ၊ ငဲ့ကာနှင့်ချေပလိုက်လေသည်။

မင်းသမီး၏ တေးသွားအဆုံးတွင် အမျိုးသမီးပရိသတ်၏ သြဘာသံသည် အတန်ကြာညံနေတတ်သည်။ အရှိုက်အထိုးခံရသော ကိုယ်ရှေ့မင်းသားနှင့် ယောကျ်ားပရိသတ်များမှာ နေသေးသပဟူသော အသိဖြင့် ခပ်မဆိတ်ပင် ငြိမ်နေကြသည်။ ဆက်လက်၍ မင်းသားသည် လက်နှစ်ချောင်းကို ကွေးကာညွှတ်ကာဖြင့် ပြန်လည်ချေပသောတေးကို သီကြွေးကာ ကြက်တည်ငြိမ်အက ကြက်မကလေးကို ရစ်ဟန်ခုန်ပေါက်လှည့်ပတ်လိုက်သည်။ မင်းသမီးအနီးသို့ ကပ်သွားသောအခါ မင်းသမီးက ဒေါမာန်ပါပါနှင့် လက်ဝါးကလေး ထောင်ပြတတ်လေသည်။ မင်းသားချေပလိုက်သော တေးသွားမှာ "ဥဗျိုင်းမကလေးပမာ ဖြူဖွေးလှပပါတဲ့ နှမငယ်သင်သည်ပုလဲဥကဲ့သို့ နုပျိုသောအဆင်းရှိသည်ကား မှန်၏။ သင်သည် ကံအကြောင်းမလှ၍ မိန်းမတို့ဘဝ မီးယပ်စွဲကပ်လာသည်ရှိသော် မောင်ကြီးကဲ့သို့ မွဲညစ်သောအဆင်းရှိသည့် မျောက်ညိုချေးကို ရေတွင်ဖျော်၍ ဆေးဝါးအဖြစ်သုံးဆောင်ရသည်ကိုလည်း ဆင်ခြင်ပါဦး နှမငယ်" ဟူ၍ဖြစ်သည်။

မင်းသား၏ တေးသွားအဆုံးဝယ် ယောကျ်ားပရိသတ်များသည် လုံမပျိုများ၏ မျက်နှာများကို လှစ်ခနဲကြည့်ကာ လက်ခုပ်လက်ဝါးတီး၍ သြဘာပေးကြတော့သည်။ ထိုအခါ လုံမပျိုတို့က နှုတ်ခမ်းကလေးစူကာ မျက်နှာများငုံ့၍ သွားတော့သည်။[၁]

ရွှေမင်းသမီးများလည်း ညံ့သူမဟုတ်ချေ။ ကွေးကာညွှတ်ကာ ကနေရာမှ မင်းသားအနီးသို့ တိုးကပ်သွားသည်။ ထို့နောက် လက်ညှိုးကလေးငေါက်ငေါက်ထိုးကာ ကက်ကက်လန်ဟန်ဖြင့် အောက်ပါအတိုင်း ချေပပြန်လေသည်။

"အလိုလေးရယ်တော် ရယ်စရာပင်ကောင်းသေးတော့ ကျမသာ အကယ်၍ မီးယပ်ရောဂါစွဲကပ်လျှင် ရွံစရာကောင်းလှတဲ့ မျောက်ညိုချေးကိုတဲ့ ဆေးအဖြစ်

---

[၁] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၂-၂၄၄။

> သုံးဆောင်လိမ့်မည်မဟုတ်ပါ ထန်းလျက်နှင့်အုန်းသီးစားလျှင်လည်း မီးယပ်ရောဂါ ပျောက်တတ်ပါတယ် မောင်ကြီး မျောက်ညိုရယ်”

ဟူ၍ ပြန်လည်ချေပသီဆိုသည်။

ယင်းကဲ့သို့ အချီအချ စကားရည်လုပွဲကဲ့သို့ သီဆိုကပြသော အဆိုသည်ပွဲကို မွန်တစ်မျိုးသားလုံး လွန်စွာနှစ်သက်ကြလေသည်။ တစ်ခါတစ်ရံ တစ်နယ်တစ်ရပ်မှ အဆိုပိုင်၍ ဗဟုသုတကြွယ်သော မင်းသားများနှင့် မိမိဒေသခံမင်းသမီးတို့ကို တွဲဖက်ယှဉ်ပြိုင်စေတတ်သေးသည်။ ထိုပွဲမျိုးတွင် နှစ်ဦးနှစ်ဖက်သော ပညာရှင်များသည် ပညာကုန်ကြဲကြရတော့သည်။ လေးနက်သောဇာတ်နိပါတ်များကို အခြေခံပညာစမ်းကြသည်လည်းရှိသည်။ ဥပမာအားဖြင့် မင်းသားသည် ဇနကမင်းသား သဘော်ပျက်ခန်းကို အောက်ပါတေးသွားဖြင့် စတင်တတ်ပါသည်။ “ဇနကမင်းသားငယ်သည် သဘော်ပျက်၍ ပင်လယ်ထဲ၌ ခုနစ်ရက်တိုင်တိုင် မျောခဲ့ရသည်”။ ထိုအခါဝယ် မင်းသမီးလုပ်သူက မင်းသားအား ကွေ့ကာဝိုက်ကာ ငြိမ့်ညောင်းညင်သာစွာလှည့်၍ ကရင်း အောက်ပါအတိုင်း ပညာစမ်းလိုက်တတ်ပါသည်-

> “အိုဖြစ်ရလေ မင်းသမီးရယ် စာပေကျမ်းဂန်ထဲမှာ ဇနကမင်းသဘော်ပျက်ကာ ရေပြင်ထဲမှာ ခုနစ်ရက်ကြာညောင်းခဲ့တယ်ဆိုထားပါလျက်နဲ့ သင်က ၂ နှစ်ကြာသည်ဟု ဆိုခြင်းသည် ရယ်စရာဖြစ်မနေဘူးလား”[၁]

> “မသေမခြင်းသာမှတ်ပေတော့ ရှေမင်းသား ဇနကမင်း သဘော်ပျက်သော ရက်မှာ သကြီ်နမကျမီ ၂ ရက် သကြီ်နတွင်း ၃ ရက်၊ သကြီ်နလွန် ၂ ရက် ကြာညောင်းခဲ့သည်။ သို့ကြောင့် ဇနကမင်းသားသည် နှစ်ဟောင်းတစ်နှစ်နှင့် နှစ်သစ်တစ်နှစ် ပေါင်း ရေထဲတွင် ၂ နှစ် ကြာခဲ့သည်မဟုတ်လား”

မင်းသမီး၏ အဆိုပိုင်မှုကြောင့် ရှေပွဲလာများသည် ဝေါကနဲ ရယ်မောကြပြီး လက်ခုပ်သြဘာပေးသံများ ပွဲခင်းတစ်ခုဝယ် ဆူညံသွားတတ်ပါသည်။[၂]

ဤအကပိုင်းတွင် မင်းသားနှင့်မင်းသမီးသည် တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့် တစ်ဖက် အနိုင်မခံအရှုံးမပေးဘဲ စကားစစ်ထိုးကာ နောက်ပြောင်ကျီစယ်၍ ကပြခဲ့သည်ကို တွေ့ရှိရပါသည်။ ကြည့်ရှုသူပရိသတ်များသည်လည်း မင်းသားနှင့်မင်းသမီး သီဆိုသော လက်ဘစကားများကို နားထောင်ပြီး မင်းသားကိုအားပေးသောပရိသတ်နှင့် မင်းသမီးကိုအားပေးသောပရိသတ်ဟူ၍ နှစ်ပိုင်းကွဲသွားသည်ကို တွေ့ရပါသည်။

---

[၁] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၅။
[၂] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၅။

ဤအကပိုင်းသည် ကပြသူအတွက်သာမက ကြည့်ရှုသူပရိသတ်အတွက်ပါ ကြည်နူးပျော်ရွှင်စေသော ဟာသရသ ပေးနိုင်သောအကဟု ဆိုရမည်ဖြစ်ပါသည်။

(ဃ) ဒုတိယပိုင်းကကွက်

အထက်တွင်ဖော်ပြခဲ့သော သီချင်းသည်ပွဲသည် တစ်ချို့နယ်များတွင် ရှေ့နောက်ပိုင်း၍ ကပြတတ်ကြသေးသည်။ နောက်ပိုင်းကကွက်များကို ဇာတ်နိပါတ်၊ ဇာတ်လမ်းများကို ကပြတတ်ကြသည်။

သိဒ္ဓတ္ထမင်းတောထွက်ခန်း ကပြမည်ဆိုလျှင် ရှေးဦးစွာမင်းသမီးတစ်ဦး ထွက်ပါသည်။ ညင်သာငြိမ့်ညောင်းစွာကရင်း အောက်ပါအတိုင်း အဆိုဖြင့်ဇာတ်လမ်းဇာတ်ကွက်ဖော်ပါသည်။ သားနှင့်မယားကို မခင်တွယ် တောသို့ထွက်သွားသော မောင်တော်အလောင်းတော်ကို တမ်းတပူဆွေးသောတေးကို ဆိုလိုက်သည်။ တစ်ဖန် တစ်စာစာ ငိုကြွေးနေသော သားတော်ရာဟုလာအား ချော့မြူလိုက်၊ မောင်တော်ကို လွမ်းဟန်ပြုလိုက်ဖြင့် ပူပန်ပုံပေါ်နေသော ယသော်ဓရာအလွမ်းကို တေးသီချင်းဖြင့် သရုပ်ဖော်ထားသည်။ ထိုအချိန်တွင် မြေပိုင်းထောင့်တစ်နေရာမှ မင်းသားသည် ဆန္ဒအမတ်အသွင်ဖြင့်ကရင်း မင်းသမီးအနီးအနားသို့ ဝင်ရောက်လာကာ အောက်ပါတေးသွားကို သီဆိုသည်။[၁]

သိဒ္ဓတ္ထအရှင်သခင်အား တောကြီးအလယ်တွင် တစ်ကိုယ်တော်တည်း ထားပစ်ခဲ့ရပြီး ဖွားဖက်တော်ကဏ္ဍကမှာလည်း ရင်ကွဲနာကျ၍ သေဆုံးရပြန်သည့်အတွက် မိမိတစ်ဦးတည်း နေပြည်တော်သို့ ပြန်ခဲ့ရကြောင်းကို ဖွဲ့နွဲ့စွာသီကျူး၍ သရုပ်ဖော်ကြပါသည်။ တစ်ချို့ဒေသတွင် ယင်းသီချင်းသည်ပွဲကို ညလုံးပေါက်ကပြတတ်ကြပါသည်။[၂]

ရေးမြို့နယ်၊ ဒူးယားရွာရှိ မွန်ရှေးဟောင်းနှစ်ပါးသွား ခင်းကျင်းပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ မြေတလင်းပြင်တွင် ဖျာခင်းကာ မွန်လူမျိုးတို့၏ အထိမ်းအမှတ်ဟင်္သာရုပ်ကို မင်းသားနှင့်မင်းသမီး၏ ဘေးတစ်ဖက်တစ်ချက်စီတွင် ထားရှိသည်။ မင်းသားနှင့်မင်းသမီးနောက်တွင် ဗုံ၊ စည်းဝါး၊ ပလွေ၊ ထောင်တယော၊ မိကျောင်းတူရိယာတို့နှင့်တီးခတ်သော အတီးပညာရှင်များကိုထားရှိသည်။ အခမ်းအနားအပြင်အဆင်မှာ နောက်ခံတွင် မွန်ဟင်္သာရုပ်ပါသော ဖျင်စဝယ်(ကန့်လန့်ကာသေး)ကို နောက်ဘက်၌ ဘယ်၊ ညာချိတ်ဆွဲထားရှိသည်။ ရာဇမတ်ကွက် အဖြူကာရံထားသည်။ ကခွင်ဇရိယာ၏ ထောင့်လေးထောင့်တွင် ဝါးဘိုးဝါး၊ မီးတိုင်များစိုက်ထူ၍ မီးထွန်းထားကာ ကပြလေ့ရှိသည်ကိုတွေ့ရပါသည်။

---

[၁] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၅။
[၂] ကြည်မြလွင်၊ ၁၉၇၆၊ ၂၄၅။
[၂] -ယင်း- ၊ ၂၄၆။

ပုံ (၁၀)

မွန်ရှေးဟောင်းနှစ်ပါးသွားခင်းကျင်းကပြပုံ

၄၊ ၁။ တေးသီချင်း

အောက်ပါတေးသီချင်းစာသားများသည် ရေးမြို့နယ်၊ ဒူးယားရွာတွင် ကပြသော မွန်ရှေးဟောင်းတေးသီချင်းဖြစ်ပါသည်။ ဤသီချင်းတွင် မင်းသားနှင့်မင်းသမီးတို့၏ ချစ်ခြင်းမေတ္တာအကြောင်း၊ မခွဲမခွာချစ်ခင်ပါမည်၊ သစ္စာရှိပါမည်၊ အမျိုးသား၊ အမျိုးသမီးအတူ တွဲ၍လည်း မွန်ရိုးရာယဉ်ကျေးမှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ပါမည် အကြောင်းကို ပထမပိုင်းတွင်ရေးဖွဲ့ထားသည်။

ဒုတိယပိုင်းတွင်မင်းသားနှင့်မင်းသမီးသည် တစ်ဦးနှင့်တစ်ဦး အနိုင်မခံအရှုံးမပေးဘဲ နောက်ပြောင်ကျီစယ်သည့် လက်ဘ်များကို ရွတ်ဆိုကာ ကပြကြသည်။

တတိယပိုင်းတွင်မူ ခရီးသွားရသည့်မင်းသားသည် တောလမ်းခရီးတွင် တွေ့ကြုံသော အဖြစ်အပျက်များ၊ ကျေးငှက်များအကြောင်း၊ ပန်းရောင်စုံ ပန်းပေါင်းစုံတို့ဖြင့် သာယာလှပသော လမ်းခရီးမြင်ကွင်းများကိုကြည့်ပြီး မင်းသမီးကို လွမ်းဆွတ်သတိရမိကြောင်း ရေးဖွဲ့ထားသည်။

စတုတ္ထပိုင်းတွင် အမျိုးသား၊ အမျိုးသမီးနှစ်ဦးတွဲလျက် ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ဆည်းကပ်သင့်ကြောင်း၊ လူမိုက်ကိုရှောင်၊ ပညာရှိကို မှီဝဲဆည်းကပ်သင့်ကြောင်း စသည့် ပရိသတ်အတွက် မှတ်သားလိုက်နာဖွယ်စာသားများကို ရေးဖွဲ့သီဆိုကြသည်ကို တွေ့ရှိရပါသည်။

ညးစါမ့ဲတေဲ (ပေါ်သ္ဘာဒွက်)

နှစ်ပါးသွားအက (အဆိုသည်ပ့ဲ)

၁။ (ဖြ) မွန် - (ယ့ံမာံကောဗှဲ ယဝ်ဒ့ၢ်ချောင်ကာ် အဲဖြဝက်လဝ်)၂

(မ) မြန်မာ - အကိုက ပန်းတစ်ပွင့်ဖြစ်ခ့ဲမယ်ဆိုရင် ညီမခေါင်းမှာ ပန်ထားချင်တယ်။

(ဖြ) မွန် - ယဝ်ဒ့ၢ်ဒွါထဝ် မိဝက်လဝ်တဲ့ မ့ဲတ့ဲဟ့ံခြာ

(မ)မြန်မာ -မခ့ဲမခွာနေရအောင် ညီမရဲ့လည်ပင်းမှာ ရွှေဆွဲကြိုးလေးလို ဆွဲထားချင်တယ်။

(ဖြ)မွန် - ဟိုတ်ညးကွာန်ကှာ အဏာအနင်လေဝ်ဟ့ံမာန် ကိုဒြဟာန် ဆာန်တဲ့စ့ံလဝ် ဆာန်တဲ့စ့ံလဝ်...။

(မ) မြန်မာ - သွားအတူ လာအတူ မခ့ဲမခွာ ညီမနဲ့အတူ အချစ်တွေကို သိမ်းထားမယ်။

၂။ (တြံ) မွန် - (ယ့ံဒေံကောဗှဲ ယဝ်ဒ့ၢ်ချောင်ကာ် ကောဗှဲဝက် လဝ်)၂

(ကျား)မြန်မာ - ညီမလည်း ပန်းတစ်ပွင့်ဖြစ်ခ့ဲမယ်ဆိုရင် အကိုခေါင်းမှာ ပန်ထားချင်တယ်။

(တြံ) မွန် - ယဝ်ဒ့ၢ်ဒွါထဝ် ကောဗှဲဝက်လဝ်တဲ့ မ့ဲတ့ဲဟ့ံခြာ

(ကျား)မြန်မာ- မခ့ဲမခွာနေရအောင် အကိုရဲ့လည်ပင်းမှာ ရွှေဆွဲကြိုးလေး လို ဆွဲထားချင်တယ်။

(တြံ) မွန် - ဟိုတ်ညးကွာန်ကှာ အဏာအနင်လေဝ်ဟ့ံ မာန်ကို ဒြဟာန်ဆာန်တဲ့စ့ံလဝ် ဆာန်တဲ့စ့ံလဝ်...။

(ကျား)မြန်မာ - သွားအတူလာအတူ မခ့ဲမခ့ဲ အကိုနဲ့အတူ အချစ်တွေကို သိမ်းထားမယ်။

၃။ (တြံ+ဖြ) မွန် - {ယေန်သ္ဘာင်လေဝ် ပိုယ်မန်အ့ီ...
ဟေအ်ဏောင်လေဝ်လေဝ်လေဝ် ကော့ာန်ညိကဒ္ဓောတအ်အ့ီ...
(ကော့ာန်ညိကဒ္ဓောတအ်)၂ တ္ဘအ်ညးလေဝ် တ္ဘအ်အဲ အ့ီ...}၂

(ကျား+မ) မြန်မာ - ငါတို့ရဲ့ မွန်ယဉ်ကျေးမှုတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့ အားလုံးပူးပေါင်းပါဝင်ကြပါစို့။

၄။ (ဖြ) မွန် - ဟေအ် နဲ့ဝက်ကလိုက် (စုင်ကိုဒုန်ဖိုက်)၂
နာ ကျ့ိုပ်နဲ့ဝသိုက်စါထာင်...။

(မ) မြန်မာ - ဟေ့ နိုင်သခွပ်ပွင့် ဝါးတုတ်နဲ့ရိုက်လိုက်လို့ ခေါင်းနှစ်ခြမ်း ကွဲသွားမယ်။

(တြဲ) မွန် - ဗ်လေကျုင်ကြန် (ဒးကိုထာင်အကို)၂ နာ ဟ္ဒုံစိုပ် တေသ့ိ အ့ိ...။

(ကျား) မြန်မာ - နင်လာမစွာနဲ့ ရေငန်းပင်ကိုင်းနဲ့ ရိုက်ထုတ်လိုက်လို့ လည်ထွက်ပြီး အိမ်ရောက်သွားမယ်။

(ဖြ)မွန် - ဗ်လေကျုင်ကျာ(ဟဉ့ိုက်ဏာကိုကာ)၂ နာလှဲ့ဲကို အဌာမှာ်မှာ်...။

(မ) မြန်မာ - နင်လေမကြီးနဲ့ ကားနဲ့သယ်သွားပြီး သေတ္တာစုတ်စုတ်နဲ့ လဲလိုက်မယ်။

(တြဲ)မွန် - မိဌောတ်ကို ကောဌောတ် (နနဲ့ကိုပုင်ဟ္ဒတ်)၂
နာ ဌောတ်သ့ိုညးစါအ့ိ...။

(ကျား)မြန်မာ- အကိုနဲ့ညီမက ထမင်းဆုပ်လောက်ပဲရှိတယ် နှစ်ယောက်လုံး သေးသေးလေး။

၅။ (တြဲ) မွန် - နူကိုတ့ိတာရ မိအ့ိ ယဲ့ဲအ့ိ...ဩသတ်ဌေ့ကောန်ကွာင် ဟောအ်လေဝ်လေဝ်လေဝ်... ဩ ထာင်ဌေ့ပပ့ိုက်

(ကျား)မြန်မာ - ထန်းပင်စိုက်ခဲ့တုန်းက အမတို့ရေ၊ သူ့အသီးကို မုန့်လုပ်တယ်၊ ထန်းလက်ကို ယပ်တောင်လုပ်တယ်။

(တြဲ) မွန် - နူကိုတ့ိုဂြိုက် ဂ်ဌေ့ချုန်ခွ အဝ် ဟ္ဒဌေ့ချအ်ဂ့ီ...

(ကျား)မြန်မာ - လဲသီးပင်စိုက်ခဲ့တုန်းက သူ့အပွင့်ကို ဟင်းချက်တယ်၊ သူ့အသီးကို ခေါင်းအုံးလုပ်တယ်။

(တြဲ) မွန် - နူကိုတ့ိုဟအီ အဲမာဒေ်ဖြ ရ်ဟအီ^{ဂ}လေဝ် ပကိုဒ့ဉ်ညိအ့ိ... အင်အ့ိ ... အင်အ့ိ... အင်အ့ိ...

(ကျား) မြန်မာ - သခွားပင်စိုက်ခဲ့တုန်းက အကိုနဲ့ညီမ သခွားသီးလို တစ်လုံးထဲ မဖြစ်စေနဲ့။

(တြဲ) မွန် - ကောဒးအာ အကြာ ချုင်ကွာန် ဌာန်^{ဂ}ကြပ်ရောန် ည၊
အ့ိ ကုဂ့ိ^{ဂ}ပြန် ဇာဒိသ့ိုင် ဂစေ်^{ဂ}ဂ့ိုင်ကိုန့ဲ၊ ဂ်^{ဂ}ဂ့ိုင်ကိုအသာ်၊ အ့ိ မြာ်ထဝ် ဂ်လင်ဇွောဝ်ကွောတ့ိုန် ပ္ဒဲစိုတ်^{ဂ}ဌုံဌုံ ဗ်မကလင် ဟီ အ့ိ...၊ အင်အ့ိ ... အင်အ့ိ... အင်အ့ိ...

(ကျား) မြန်မာ - အကိုက မြို့ရွာတွေကို ခရီးသွားရတယ်။ ခရီးလမ်းတစ်လျှောက်မှာ ကျားက ခြသ့ေ်ကို ဟိန်းဟောက်သံ၊ ငှက်မျိုးစုံနှင့် ပန်းရောင်စုံ၊ ရွှေဥဒေါင်းရဲ့ကဟန်များကို တွေ့ရစဉ် အကိုစိတ်ထဲမှာ ချစ်နှမကို လွမ်းဆွတ်သတိရမိပါတယ်။

(တြဲ့) မွန် - တေဝ်တောတ်ဂ့် တေဝ်တောတ် ဩြောံဂ့်ချုဟ်ကျုင်
ရ ခ့ေုမင်ပဒါဂျ။ အင်အ့ိ ... အင်အ့ိ... အင်အ့ိ...

(ကျား) မြန်မာ - စပါးမှည့်ချိန်တွင် ၄က်ကလေးများ ရောက်ရှိလာပြီး တေးဆိုနေကြသည်။

၆။ (တြဲ့+ဖြ) မွန် - (ဆ့ိကျာ်တော့် ညးကို့လ့ောဝ်လေဝ်၊ ဆ့ိခရ် တော့်ညး ကို့ကလင်)၂

(ကျား+မ) မြန်မာ - ဘုရားကိုမြင်လျှင် ရှိခိုး၊ တရားကိုကြားလျှင် နားဆင်။

(တြဲ့+ဖြ) မွန် - ဆ့ိသင်တော့် ညးကို့ဒါန်၊ ဆ့ိကွာန်တော့် သ္ဒာန်တဲ့ ဒမ်၊ သ့ီလ့ိဂ့် ဝေင်ပါကေ့ံ တ့ုပညာဂ့် ဟဲ့ဟာ်ညိ။

(ကျား+မ) မြန်မာ - သံဃာကိုတွေ့လျှင် ဒါနပြုပါ။ ရွာကိုတွေ့လျှင် မေးစမ်းပြီးတည်းခိုပါ။ လူမိုက်ကိုရှောင် ပညာရှိကိုမှီဝဲဆည်းကပ်ပါ။[၁]

၄၊ ၂။ တီးခတ်သောတူရိယာများ

မွန်ရှေးဟောင်းနှစ်ပါးသွားအကတွင် တွဲဖက်ပြီး တီးမှုတ်ရသော တူရိယာပစ္စည်း (၅)မျိုး ပါဝင်သည်။ ၎င်းတို့မှာ (၁)မိကျောင်းတူရိယာ၊ (၂)ထောင်တယော၊ (၃)ဗုံ(၃)လုံးမှ(၅)လုံး အထိ၊ (၄)ပလွေ၊ (၅)စည်းဝါး တို့ပါဝင်သည်။ ဖော်ပြပါတူရိယာ(၅)မျိုးအပြင် လဆန်း(လခြမ်း) တူရိယာနှင့် ပတ္တလားတူရိယာများကိုလည်း အသုံးပြုတီးခတ်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

စဉ်	မွန်ဘာသာ	မြန်မာဘာသာ	အင်္ဂလိပ်ဘာသာ
၁။	ကျာ့	မိကျောင်း	Crocodile Harp
၂။	ဂြဝ်	ထောင်တယော	Fiddle
၃။	တလောတ်	ပလွေ	Flute
၄။	ထဗိုန်	ဗုံ	Drum
၅။	ခခ့ေုဝ်၊ခ္ဆါပ်	စည်း၊ ဝါး	Timing Cymbal
၆။	ဗာတ်ကိုင်	လဆန်း(လခြမ်း)တူရိယာ	Crescent The Moon Instrument
၇။	ဗာတ်တ့ာ	ပတ္တလား	Bamboo Xylophone

[၁] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊(၉.စ.၂၀၂၃)။

၄၊ ၃။ ကကြိုးကဟန်များ

ဤမွန်ရိုးရာရှေးဟောင်းနှစ်ပါးသွားအကတို၏ ကကြိုးကဟန်များမှာ ဘုရင်တို၏ ရှေ့တော်မှောက်တွင် ကပြရသောအကဖြစ်သဖြင့် နူးညံ့သိမ်မွေ့စွာ လှုပ်ရှားကပြရသည်။ ဤအက ကပြရာတွင် ကြာမြင့်ချိန်မှာ ၄ မိနစ်နှင့် ၃၅ စက္ကန့်ဖြစ်သည်။ သို့သော် ကပြသည့် ပွဲအမျိုးအစားပေါ်မူတည်၍ ကပြချိန် အတိုအရှည်မှာ ကွဲပြားခြားနားသွားသည်။ ကပြချိန် ကြာမြင့်လိုပါက မင်းသားနှင့်မင်းသမီးတို့ အပြန်အလှန် စကားရည်လုပြောကြားသည့် အပိုဒ်များကို အပိုဒ်ရေများများ ထည့်သွင်းသီဆိုကပြရသည်။ ဤအကတွင် 'ကခွင်' အနေအထားမှာ ကိုယ်ခန္ဓာကို သုံးချိုးနှစ်ချိုး ခွင်အနေအထားယူကာ ကပြရသည်။ ခြေလှုပ်ရှားဟန်မှာ နှစ်မျိုးတွေ့ရှိရသည်။ ပထမတစ်မျိုးမှာ ကြမ်းပြင်နှင့်ထိကာ ခြေပွတ်ရွှေ့ကဟန်၊ ဒုတိယတစ်မျိုးမှာ တစ်ထပ်ခြေ ခြေမြှောက်ချကဟန် (ထမိန်နားခတ်ဟန်) နှစ်မျိုးသာတွေ့ရသည်။ လက်ဟန်မှာ ကိန္နရီ၊ ကိန္နရာလက်ဟန်ကို အသုံးပြုကပြထားပါသည်။

ပါဝင်သောကကြိုးကဟန်များမှ (၁)ဘုရင်ကိုအရိုအသေပေးဟန်၊(၂)လက်မှောက်လှန်ကဟန်၊ (၃)လက်ညှိုးထောင်ကဟန်၊ (၄)ယပ်တောင်ခပ်ကဟန်၊ (၅)အာလိန်အက၊ (၆)ဘယ်လှန်ညာမှောက်အက၊ (၇)ငါးရံ့ရေကူးအက၊ (၈)ကြက်တိန်ညင်အက၊ (၉)ဘုရားဖူးအကနှင့် စုစုပေါင်း(၉)ကွက် ရှိ၍ ဟန်အကများနှင့် ပေါင်းစပ်ပါဝင်ကပြလေ့ရှိသည်။

ပထမတီးလုံးအတောတွင် ဘုရင်ကိုအရိုအသေပေးကဟန်ဖြင့် ဒူးထောက်ထိုင်လျက် ခေါင်းငုံ့ထားရသည်။ "ယွံမာံကောဗ္ဘဲ ယဝ်ဒ္ဒျောင်ဂ်.....ဆာန်တုံ့စွံ့လဝ် ဆာန်တုံ့စွံ့လဝ်" သီချင်းပိုဒ်တွင် ဒူးထောက်ထိုင်လျက်အနေအထားဖြင့် လက်မှောက်လှန်ကဟန်ကို စည်းဝါးဟန်ထားအနေဖြင့် (၂)ဝါး ကပြရပြီး နားရွက်နားတွင် မွန်ကဟန် လက်ညှိုးထောင်အကကို (၂)ဝါး ကပြရပါသည်။ ထို့နောက် လည်ပင်းနားမှ ရင်ဘတ်ရှေ့သို့ထုတ်သော မွန်ကဟန် လက်ညှိုးထောင်အကကို စည်းဝါးဟန်ထားအနေဖြင့် (၄)ဝါး ကပြရပါသည်။။ လက်ယပ်ခပ်အကကို ညာဘက်သို့ (၂)ဝါး ၊ အာလိန်အကကို (၂)ဝါး၊ မိမိကိုယ်မိမိ ညွှန်ပြသည့် ဟန်အကအား (၃)ဝါးဟူ၍ ကဟန်(၆)မျိုးဖြင့် ကပြပါသည်။[၁]

ဒုတိယပိုဒ်တွင် အထက်ပါသီချင်းကိုပင် မင်းသားကသီဆိုကာ ပထမပိုဒ်တွင် ကပြခဲ့သော ကကြိုးကဟန်အတိုင်း ကပြရသည်။ သို့သော် ပထမပိုဒ်တွင် ညာဘက်မှ စတင် ကပြရ၍ ဒုတိယပိုဒ်တွင်မူ ဘယ်ဘက်မှ စတင်ကပြရပါသည်။

"ယေန်သ္ဘာင်လေဝ် ပိုယ်မန်အ့ီ..... တ္ဒအ်ညးလေဝ် တ္ဒအ်အဲ အ့ီ" ဟူသော တတိယမြောက်သီချင်းပိုဒ်တွင် ယပ်တောင်ခပ်အကကို ညာဘက်သို့ စည်းဝါးဟန်ထား

---

[၁] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊(၁၂.၁.၂၀၂၂)။

(၅)ဝါးဖြင့် ကပြရပြီး အာလိန်အကဟန်ဖြင့် (၈)ဝါး ကပြသည်။ ထို့နောက် ယပ်တောင်ခပ်အကဖြင့် ဘယ်ဘက်သို့ (၂)ဝါးကပြရပြီး အာလိန်အကဟန်ကို (၄)ဝါးဖြင့် ကပြရပါသည်။ ခန္ဓာကိုယ်ကို ဘယ်ညာယိမ်းနွဲ့၍ ကပြရသည်။

နောက်ထပ်တီးလုံးအတောပိုဒ်တွင် လက်လှန်ညာမှောက်လက်ဟန်ဖြင့် ဖြည်းညှင်းစွာ ထလာရပါသည်။ ထလာရာတွင် မတ်တပ်ရပ်အနေအထား၏ ကခွင်ပုံစံသည် ခန္ဓာကိုယ်ကို သုံးချိုးနှစ်ချိုးအနေအထားပင်ဖြစ်သည်။

မင်းသမီးအဆိုပိုဒ်ဖြစ်သော “ဟေအ် နဘက်ကလိုက် (စုင်ကိုဒုန်ဖိုက်)၂ နာ ကျွဲပ်နဘဲ သိုက်စါထာင်...” ဟူသော သီချင်းပိုဒ်တွင် မင်းသမီးသည် မင်းသားအား လက်ညှိုးထိုးဟန်၊ ရန်တွေ့ဟန်တို့ဖြင့်ကပြရပါသည်။ ထို့နောက် အမျိုးသားအဆိုပိုဒ်ဖြစ်သော “ဗော့်လွကျင်ကြန် (ဒးကိုထာင်အကို)၂ နာ ဟ္ဒုစိုပ်တေသို့ အို...” ဟူသော သီချင်းပိုဒ်တွင် မင်းသားသည် အနိုင်မခံ အရှုံးမပေးဘဲ မင်းသမီးအား လက်ညှိုးထိုး၍ ပြန်လည်ချေပပုံဖြင့် ကပြရပါသည်။[၁]

ထို့နောက် မင်းသမီးအဆိုပိုဒ်ဖြစ်သော “ဗော့်လွကျင်ကျာ (ဟဉ္ဇိုက်ဏာကိုကာ)၂ နာ လှဘဲကို အဌာမှာ်မှာ်...” ဟူသော သီချင်းပိုဒ်တွင် ငါးရံ့ရေကူးနေသကဲ့သို့ လက်နှစ်ဖက်လုံးသည် ဘယ်ညာဆန့်ကျင်ဘက်လက်ယက်၍ ကပြရသောငါးရံ့ရေကူးအကကို စည်းဝါးဟန်ထားအနေဖြင့် (၆)ဝါးကပြရပါသည်။

မင်းသားအဆိုပိုဒ်ဖြစ်သော “မိဆောတ်ကို ကောဆောတ် (နနဲ့ကိုပုင်ဟ္ဒတ်)၂ နာ ဆောတ်သိုဉ်းစါအို...” ဟူသောသီချင်းပိုဒ်တွင် မင်းသားက မင်းသမီးကို ပြန်လည်ချေပဟန်ဖြင့် ပြောဆို၍ မင်းသမီးအား လက်ညှိုးထိုးဟန်၊ မိမိကိုယ်မိမိ ပြန်လည်ညွှန်ပြဟန်တို့ကို ကပြရပါသည်။[၂]

“နူကိုတိုတာရ မိအို ယဘဲအို.....တေဝ်တောတ်ဂ့် တေဝ်တောတ် ဩော်ဂ့် ချုဟ်ကျင်ရ ဌေ့မင်ပဒါဂူ အင်အို အင်အို အင်အို.” ဟူသောသီချင်းပိုဒ်တွင် မင်းသားမှ သီဆို၍ ကပြရပါသည်။ ထိုအပိုဒ်တွင် မင်းသားသည် မိမိလမ်းခရီး တစ်လျှောက် တွေ့ကြုံခဲ့သမျှကို သီချင်းဖွဲ့၍ မင်းသမီးအား ပြောပြနေဟန်ကို သီဆိုပြီး မင်းသမီးကို မည်မျှချစ်မြတ်နိုးကြောင်း၊ မည်သို့လွမ်းဆွတ်သတိရကြောင်း သီဆိုကပြရပါသည်။

ထိုသီချင်း၏ အဆုံးပိုဒ်တိုင်းဖြစ်သော “အင်အို ... အင်အို... အင်အို...” ဟူသော တေးစာသားတွင် မင်းသားသည် မင်းသမီးအား ချစ်ကြည်နူးဟန်၊ စနောက်ဟန်ကို ကြက်တိန်ညင်အကဖြင့် သရုပ်ဖော်ကပြရပါသည်။ ကြက်တိန်ညင်အကကို ကပြရာတွင်

---

[၁] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၁၂.၁.၂၀၂၂။
[၂] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ (၁၂.၁.၂၀၂၂)။

မင်းသားသည် ဘယ်လက်တစ်ဖက်ချရပြီး ညာလက်သည် အနည်းငယ်ကွေး၍ ဆန့်ထားရပါသည်။ ထိုအကကိုကပြရာတွင် မင်းသားက မင်းသမီးဆီကို ပြေးဝိုင်းပတ်၍ မင်းသမီးဘေးသို့ ရောက်သောအခါ ကြက်ဖခွပ်ဟန်ဖြင့် ကပြရပါသည်။ မင်းသမီးကလည်း ကြက်ဖခွပ်ဟန်ဖြင့် ကပြလာသောမင်းသားကို မောင်းထုတ်ဟန်ဖြင့် လက်ဝှေ့ရမ်း၍ ကပြရပါသည်။[၂]

"ဆိုကျ၁်တော့် ညးကိုလော့ာ၀်လေ၀်၊ ဆိုမရ်တော့်ညးကိုကလင်" ဟူသော သီချင်းပိုဒ်တွင် မင်းသားနှင့် မင်းသမီးတို့က ပြိုင်တူသီဆိုရပြီး ကပြသောကဟန်မှာလည်း ဘုရားဖူးအကနှင့် လက်ညှိုးထိုးကဟန်ဖြင့် ကပြရပါသည်။ ယင်းဘုရားဖူးအကကို ကပြရာတွင် စည်း၀ါးဟန်ထားအနေဖြင့် (၂)၀ါးကပြရပါသည်။ ထို့နောက် မွန်ကဟန်ဟု လူသိများသော လက်ညှိုးထိုးကဟန်ကို (၂)၀ါးကပြရပါသည်။ ယင်းသီချင်းကို (၂)ကြိမ် သီဆိုရပြီး အကမှာလည်း (၂)ကြိမ် ကပြရပါသည်။

"ဆိုသင်တော့် ညးကိုဒါန်၊ ဆိုကွာနတော့် သ္ဒာန်တဲ့ဒမ်၊ သိုလိုဂ့် ဝေင်ပါကေ့ံ တ့ပညာဂ့် ဟဲ့ဟာ့ညိ" ဟူသော သီချင်းပိုဒ်တွင် ယပ်တောင်ခပ်ကဟန်ဖြင့် စည်း၀ါးဟန်ထား(၂)၀ါး ကပြရပြီး အာလိန်အကဖြင့် စည်း၀ါးဟန်ထား(၂)၀ါး ကပြရပါသည်။[၃]

နောက်ဆုံးအကအနေဖြင့် အဆုံးသတ်တွင် လက်အုပ်ချီ၍ မတ်တပ်ရပ်အနေအထားမှ ဖြည်းညှင်းစွာ ဒူးထောက်ထိုင်ရပြီး ဘုရင်မင်းမြတ်နှင့် ကြည့်ရှုသူပရိသတ်တို့ကို ဦးချကန်တော့ကာ အကကိုအဆုံးသတ်ရလေသည်။

အတောတီးလုံး -

ပုံ (၁၁)

ဘုရင်ကိုအရှိအသေပေးဟန်

"**(ဖြ) မွန်** - (ယွံမာံကောဗ့ဲ ယ၀ဒ့ခ့ောင်ဂ် အဲဖြ၀ဂ်လ၀်)၂"
(မ) မြန်မာ - အကိုက ပန်းတစ်ပွင့်ဖြစ်ခဲ့မယ်ဆိုရင် ညီမခေါင်းမှာ ပန်ထားချင်တယ်။

---

[၂] -ယင်း- ။

[၃] မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၁၂.၁.၂၀၂၂။

(၁) (၂) (၃) (၄)

(၅) (၆) (၇)

“**(ဖြ) မွန်** - ယဝ်ဒ့်ဒွါထဝ် မိုဝက်လဝ်တဲ့ မွဲတဲ့ဟွံခြာ...”

(မ) မြန်မာ - မခွဲမခွာနေရအောင် ညီမရဲ့လည်ပင်းမှာ ရွှေဆွဲကြိုးလေးလိုဆွဲထားချင်တယ်။

(၁) (၂) (၃) (၄)

“**(ဖြ)မွန်**-ဟိုတ်ညးကွာန်ကှာ အဏာအနင်လေဝ်ဟွံမာန် ကိုဒြဟာန်ဆာန်တဲ့စွံလဝ် ဆာန် တဲ့စွံလဝ်...”

(မ) မြန်မာ - သွားအတူလာအတူ မခွဲမခွာ ညီမနဲ့အတူ အချစ်တွေကို သိမ်းထားမယ်။

(၁) (၂) (၃) (၄)

(၅) (၆) (၇) (၈)

“**(တြဲ+ဖြ)မွန်**-{ယေန်သွာင်လေဝ် ပိုယ်မန်အ့ီ...၊ ဟောအ်ဏောင်လေဝ်လေဝ်လေဝ် ကျောန်ညိုက ဒ္ဒောတအ်အ့ီ...၊(ကျောန်ညိုကဒ္ဒောတအ်)၂ တ္ဒအ်ညးလေဝ် တ္ဒအ်အဲ အ့ီ...}၂”

(ကျား+မ) မြန်မာ - ငါတို့ရဲ့မွန်ယဉ်ကျေးမှုတွေကို ဖွံ့ဖြိုးတိုးတက်စေဖို့ အားလုံးပူးပေါင်းပါဝင်ကြပါစို့

(၁) (၂) (၃) (၄)

(၅) (၆) (၇) (၈)

အတောတီးလုံး -

(၁) (၂) (၃) (၄)

(၅) (၆) (၇) (၈)

“**(ဖြ) မွန်** - ဟောအ် နဲဂ်ကလိုက် (ဓုင်ကို့ဒုန်ဖိုက်)၂ နာ ကျ့ုပ်နဲသိုက်စါထာင်...”

(မ) မြန်မာ - ဟေ့ နိုင်သခွပ်ပွင့် ဝါးတုတ်နဲ့ရိုက်လိုက်လို့ ခေါင်းနှစ်ခြမ်းကွဲသွားမယ်။

(၁) (၂) (၃) (၄)

(၅) (၆) (၇)

“(တြဲ) **မွန်** - ဗော့်လွက္ကျင်ကြန် (ဒေးကိုထာင်အကို)၂ နာ ဟ္ဒုစိုပ် တေသို့ အို...”
(ကျား)မြန်မာ - နင်လာမစွာန့် ရေငန်းပင်ကိုင်းနဲ့ ရိုက်ထုတ်လိုက်လို့ လည်ထွက်ပြီး အိမ်ရောက်သွားမယ်။

(၁) (၂) (၃) (၄)

“(ဖြ) **မွန်** - ဗော့်လွက္ကျင်ကျာ (ဟဋ္ဌိုက်ဏာကိုကာ)၂ နာ လှဘဲကို အဌောမှာ်မှာ်...”
(မ) မြန်မာ - နင်လေမကြီးနဲ့ ကားနဲ့သယ်သွားပြီး သေတ္တာစုတ်စုတ်နဲ့ လဲလိုက်မယ်။

(၁) (၂) (၃) (၄)

(၅) (၆)

“(တြဲ) **မွန်** - မိဆျောတ်ကို ကောဆျောတ် (နနဲ့ကိုပုင်ဟ္ဒတ်)၂ နာ ဆျောတ်သိုဉီးစ၀ါအို...”
(ကျား) မြန်မာ - အကိုနဲ့ညီမက ထမင်းဆုပ်လောက်ပဲရှိတယ်၊ နှစ်ယောက်လုံး သေးသေးလေး။

(၁) (၂) (၃) (၄)

“(တြံ့) **မွန်** - နူကိုတိုတာရ မိအို ယဘဲအို...၊ ဩ သတ်ခ့ေကျောန်ကွာင် ဟောအ်လေဝ်လေဝ် လေဝ်... ဩထာင်ခ့ေပ့ွက်”

(ကျား) မြန်မာ - ထန်းပင်စိုက်ခ့ဲတုန်းက အမတို့ရေ၊ သူ့အသီးကို မုန့်လုပ်တယ်၊ ထန်းလက်ကို ယပ်တောင်လုပ်တယ်။

“(တြံ့) **မွန်** - နူကိုတိုဂြိုက် က်ခ့ေုချန်ခ္ဍ အဝ် ဟ္ဍခ့ေုချအ်ဂ္ဍီ...”

(ကျား) မြန်မာ - လဲသီးပင်စိုက်ခ့ဲတုန်းက သူ့အပွင့်ကို ဟင်းချက်တယ်၊ သူ့အသီးကို ခေါင်းအုံးလုပ်တယ်။

“(တြံ့) **မွန်** - နူကိုတိုဟအီ အဲမာဒေံဖြ ရဟအီဂ့်လေဝ် ပကိုဒ့ညိအို...အင်အို ... အင်အို... အင်အို...”

(ကျား) မြန်မာ - သခ္ဓားပင်စိုက်ခ့ဲတုန်းက အကိုနဲ့ညီမ သခ္ဓားသီးလို တစ်လုံးထဲမဖြစ်စေနဲ့။

(၁) (၂) (၃) (၄)

“(တြံ့) **မွန်** - ကောဒးအာ အကြာ ချင်ကွာန် ဌာန်ဂ့ကြပ်ရောန် ည၊ အို ကုဂ့ပြန် ဇာဒိသိုင် ဂစေံဂ့ဂျင်ကိုန်၊ က်ဂ့ဂျင်ကိုအသာ်၊ အို မြာ်ထဝ် က်လင်ဇွောဝ်ကြောတိုန် ပ္ဆဲစိုတ်ဂ့ချုံချုံ ဗ့ိမကလင် ဟီ အို...၊ အင်အို ... အင်အို... အင်အို...”

(ကျား) မြန်မာ - အကိုက မြို့ရွာတွေကို ခရီးသွားရတယ်။ ခရီးလမ်းတစ်လျှောက်မှာ ကျားက ခြသ့ေကို ဟိန်းဟောက်သံ၊ ဌက်မျိုးစုံနှင့် ပန်းရောင်စုံ၊ ရွှေဥဒေါင်းရဲ့ကဟန်များကို တွေ့ရစဉ် အကိုစိတ်ထဲမှာ ချစ်နှမကို လွမ်းဆွတ်သတိရမိပါတယ်။

(၁) (၂) (၃) (၄)

(၅) (၆)

“(တြဲ) **မွန်** - တေဝ်တောတ်ဂ့်တေဝ်တောတ် သြော်ဂ့်ချုဟ်ကျင်ရ ခ့ုံမင်ပဒါဂူ၊ အင်အ့ီ ... အင်အ့ီ... အင်အ့ီ...”

(ကျား) မြန်မာ - စပါးမှည့်ချိန်တွင် ၄က်ကလေးများရောက်ရှိလာပြီး တေးဆိုနေကြသည်။

“(တြဲ+ဖြ) **မွန်** - (ဆ့ီကျာ်တော့် ညးကဲ့်လ့ောဝ်လေဝ်၊ ဆ့ီဓရ် တော့် ညးကဲ့်ကလင်)၂”

(ကျား+မ) မြန်မာ - ဘုရားကိုမြင်လျှင် ရှိခိုး၊ တရားကိုကြားလျှင် နားဆင်။

(၁) (၂) (၃) (၄)

(၅) (၆) (၇) (၈)

“(တြဲ+ဖြ) **မွန်** - ဆ့ီသင်တော့် ညးကဲ့်ဒါန်၊ ဆ့ီကွာန်တော့် သ္ဒာန်တဲ့ဒမ်၊ သ့ီလ့ီဂ့် ဝေင်ပါကေ့ုံ တ့ုပညာဂ့် ဟဲ့ဟာ့ဲညိ”

(ကျား+မ) မြန်မာ - သံဃာကိုတွေ့လျှင် ဒါနပြုပါ။ ရွာကိုတွေ့လျှင်မေးစမ်းပြီး တည်းခိုပါ။ လူမိုက်ကိုရှောင်၊ ပညာရှိကို မှီဝဲဆည်းကပ်ပါ။

(၁) (၂) (၃) (၄)

(၆)

(၅)

(၁၀)

(၉)

(၈)

(၇)

(၁၂)

(၁၁)

အဆုံးသတ်ကဟန် -

(၄)

(၃)

(၂)

(၁)

(၈)

(၇)

(၆)

(၅)

၄၊ ၄။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

ရေးမြို့နယ်၊ ဒူးယားရွာရှိ မွန်ရှေးဟောင်းနှစ်ပါးသွားအကၜ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံမှာ ဟံသာဝတီခေတ် မွန်ဘုရင်ၜ၏ ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်ဆင်ထားခြင်းဖြစ်ပါသည်။ မွန်ဘုရင်ၜ၏ ဝတ်ဆင်ပုံကို တုပ၍ အသုံးပြုထားခြင်းဖြစ်သည်။ ဟံသာဝတီခေတ်တွင် ခေါင်းပေါင်း၊ သိုရင်းအင်္ကျီနှင့် တောင်ရှည်များကို ဝတ်ဆင်သည်။

မွန်မင်းသားၜ၏ဝတ်စုံမှာ ခေါင်းပေါင်း၊ သိုရင်းအင်္ကျီအဖြူ၊ တောင်ရှည်၊ ပုလဲပုတီးများကို ဝတ်ဆင်လေ့ရှိပါသည်။ ဦးခေါင်းပိုင်းထိပ်တည့်တည့်တွင် ယောင်ထုံးထုံးထားပြီး ဆံထိုးထိုးထားရသည်။ ထိုဆံပင်ပေါ်တွင် ခေါင်းပေါင်းစကို ပတ်ပေါင်းပေါင်းထားရသည်။ ခေါင်းပေါင်းစမှာ ညာဘက်နားရွက်အောက်ချထားရသည်။ ခေါင်းပေါင်းစအရောင်ကို ကြိုက်နှစ်သက်ရာရွေးချယ်ရသကဲ့သို့ ပဝါအရောင်မှာလည်း မိမိနှစ်သက်ရာ ဝတ်ဆင်အသုံးပြုနိုင်ပါသည်။ ခေါင်းပေါင်းပေါင်းရာတွင် အဝတ်စကို ပတ်ပေါင်း ပေါင်းရပြီး ပဝါစကို ညာဘက်တွင်ထောင်ထားရသည်။ ခေါင်းပေါင်းစမှာ ညာဘက်နားရွက်အောက်ထိ ချထားရသည်။ သိုရင်းအင်္ကျီမှာ ခါးအောက် ဒူးထိ ရှည်သော အနို့ပါသည့် သိုရင်းအင်္ကျီရှည်ဖြစ်သည်။ ဘော်ကြယ်များတပ်ဆင်ထားခြင်းမပြုရပေ။ သိုရင်းအင်္ကျီသည် အဖြူရောင်နှင့် ဆင်စွယ်ရောင်ကို အသုံးပြုဝတ်ဆင်ကြသည်။ ပုဆိုးမှာမူ အကွက်အဆင်တောင်ရှည်ပုံသဏ္ဌာန်ဝတ်ရသည်။ မိမိနှစ်သက်ရာအရောင်ကို ရွေးချယ်ဝတ်ဆင်နိုင်သည်။ မျက်မှောက်ခေတ်တွင် မွန်ရိုးရာလုံချည်ကို တောင်ရှည်အဖြစ် ဝတ်လာကြသည်ကိုလည်းတွေ့ရှိရသည်။ ပဝါကိုရင်ဘက်ရှေ့တွင် စုံချပြီး ဇာပဝါကိုအသုံးပြုရသည်။ ပဝါနှင့်ခေါင်းပေါင်းမှာ အရောင်တူဝတ်ဆင်ကြလေ့ရှိသကဲ့သို့ အရောင်ကွဲဝတ်ဆင်မှုလည်း ရှိကြသည်။ ပဝါစကို ပျော့ပြောင်းသောအသားကိုသာ အသုံးပြုကြသည်။ အများအားဖြင့် ဇာပဝါကို အသုံးပြုကြသည်။[၁] ရှေးခေတ်နန်းတွင်းအကဖြစ်သည့်အတွက် ခြေအိတ်ဝတ်ဆင်ခြင်းမပြုရပေ။ သို့သော် မျက်မှောက်ခေတ်တွင်မူ ကပြသည့်ပွဲအနေအထားပေါ်မူတည်၍ ခြေအိတ်များဝတ်ဆင်လာသည်ကိုတွေ့ရသည်။

မွန်မင်းသမီးၜ၏ဝတ်စားဆင်ယင်ပုံမှာ ဦးခေါင်းပိုင်းတွင် ဆံပင်အပြောင်သိမ်းကာ မွန်ဆံထုံးထုံးကြသည်။ နားနောက်တွင် ဆံကောက်တပ်ဆင်သည်။ ရှေးယခင်က တောပန်းနှင့် သဇင်ပန်းများပန်ကြသည်။ မျက်မှောက်ခေတ်တွင်မူ မွန်ဆံထုံး၊ ဆံထိုး၊ ဘီးတန်းကို ထိုးစိုက်ကာ ဆံထုံးပတ်ပတ်လည်တွင် မွန်ပန်းအဖြူများ ရစ်ခွေလျက် ပန်ကြလေ့ရှိသည်။ အင်္ကျီမှာ သိုရင်းအဖြူနှင့်ဆင်စွယ်စသည်ဖြင့် မင်းသားနှင့်ဆင်တူဝတ်ရသည်။ ရင်ခံမှာမူ အနက်ရောင်ဝတ်ဆင်ရသည်။ ပဝါသည်လည်း မင်းသားနှင့်ဆင်တူ ဇာပဝါကိုဝတ်ဆင်ကြသည်။ နန်းတွင်းကပြစဉ် ဦးခေါင်းတွင် သဇင်ပန်းသာပန်ကြပြီး ကျေးလက်ဒေသရောက်ရှိမှသာ

---

[၁] မိမိုးမိုးအေး၊(Monland)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၁၂.၁.၂၀၂၂။

တောပန်းကို ပန်ဆင်ကြသည်ကိုတွေ့ရှိရသည်။ ထဘီမှာ ရေသီနားအရှည်နှစ်တောင့်တစ်ထွာ ချည်သားအဖြူရောင်ကို တပ်ဆင်ထားသည်။ ဖဲသားကို အသုံးမပြုရပေ။ ချိတ်အဆင်မှာ မုဒုံချိတ်ကိုအသုံးပြုခဲ့ကြပြီး မျက်မှောက်ခေတ်တွင်မူ မုဒုံချိတ်သာမက ရိုးရာအဆင်ကိုလည်း ဝတ်ဆင်ကြသည်။ ထဘီကို ဘယ်ဘက်သို့ဖုံးသည်။ လက်ဝတ်ရတနာများမှာ ပုလဲကုံး အတိုအရှည်များ၊ သစ်စေ့များကိုလည်း သီ၍ ဝတ်ဆင်သည်ကိုတွေ့ရှိရသည်။ ကျောက်မျက်ရတနာများအသုံးမပြုပေ။ မျက်မှောက်ခေတ်တွင် ကျောက်မျက်ရတနာအဆင်တန်ဆာများ အသုံးပြုလာကြသည်ကို တွေ့ရှိရသည်။ ပုလဲကုံးများကို အတိုအရှည်ဝတ်ဆင်လေ့ရှိသည်။[၁]

ထို့ကြောင့် မွန်ရှေးဟောင်းနှစ်ပါးသွားအက၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ဟံသာဝတီခေတ်၏ ဝတ်စားဆင်ယင်ပုံကို တုပကာဝတ်ဆင်ထားခြင်းဖြစ်သည်ကို တွေ့ရသည်။ သို့သော် မျက်မှောက်ခေတ်တွင် ကပြသည့်နေရာဒေသ၊ ပွဲအမျိုးအစားပေါ် မူတည်၍လည်း ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ ကွဲပြားသည်များလည်းရှိသည်။ ရေးမြို့နယ်အကဖွဲ့သည် ခေါင်းပေါင်းကို ပတ်ပေါင်းပေါင်းကာ သိုရင်းအဖြူ သို့မဟုတ် မိမိစိတ်ကြိုက်အရောင်ရွေးချယ်၍ ပုဆိုးအကွက်တောင်ရှည်နှင့် ကပြကြသော်လည်း အချို့အဖွဲ့များကမူ မြန်မာမင်းသားများကဲ့သို့ မင်းသားခေါင်းပေါင်း၊ ခါးတောင်အကျီ၊ မင်းသားတောင်ရှည်နှင့်ဝတ်ကာ မင်းသမီးကမူ ခါးတောင်မပါသော မွန်ရိုးရာအကျီနှင့် ထဘီအနားတပ်ထားသော မွန်ရိုးရာထဘီကိုသာ ဝတ်ဆင်ကြသည်ကိုလည်းတွေ့ရပါသည်။ ဝတ်စားဆင်ယင်မှုမှာ ရှေးမူဟန်မကျဘဲ ခေတ်ဟန်သက်ရောက်နေသည်ဟုထင်မြင်မိပါသည်။ မွန်ရှေးဟောင်းအက ကပြမည်ဆိုပါက ထိုအကပေါ်ပေါက်ခဲ့သည့် ခေတ်၏ဝတ်စားဆင်ယင်မှုအတိုင်း ဝတ်ဆင်ပါက ပိုမိုကောင်းမွန်သော မွန်ရှေးဟောင်းနှစ်ပါးသွားအကဖြစ်လာမည်ဟု ယူဆမိပါသည်။

(၁) (၂)

ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

[၁] မိမိုးမိုးအေး၊(Monland)နှင့်တွေ့ဆုံမေးမြန်းခြင်း၊ ၁၂.၁.၂၀၂၂။

အပိုင်း(၈)
ရခိုင်ရိုးရာအကများ

မေကြီးသျှင် စုစည်းတင်ပြသည်

ရခိုင်ရိုးရာအကနှင့်ပတ်သက်၍ မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးတွင် ထွင်းထုထားသော ရုပ်ကြွများ၊ ရုပ်လုံးများကို ကြည့်ရှုခြင်းဖြင့် ကဟန်ကကွက်များကို တွေ့နိုင်ပါသည်။

ရခိုင်ရိုးရာအကများကို အမည်နာမများဖြင့် ဖေါ်ပြရပါက -

၁။ ဒုံးကြမ်းအက ၊

၂။ ဒုံးယိမ်းအက ၊

၃။ ပင့်ကူအက(ခေါ်)ရှေးဇာတ်နိပါတ်များကို ကပြခြင်းများ ၊

၄။ ငစည်အက ၊

၅။ ကြိုးတန်းလျှောက်တိုင်တက်အက (စကြော့စု အစို့သားများက ကကြသည်) ၊

၆။ နဂါးအက ၊

၇။ တိုးအက ၊

၈။ ဆံတောက်ပိုးအက ၊

၉။ ရှေးသူရုပ်ကြီးများအက ၊

၁၀။ ရုပ်သေးအက ၊

၁၁။ နတ်အက ၊

၁၂။ ဆယ့်နှစ်ရာသီ သဘင်များ ၊

၁၃။ ကိန္နရာအက ၊

၁၄။ သိုင်းအက ၊

၁၅။ ဟန်အက၊

၁၆။ တလားအက ၊

၁၇။ ဗျာလအက ၊

၁၈။ ဆီမီးခွက်အက ၊

၁၉။ ပေါင်တုတ်ကေအက ၊

၂၀။ လျှာထုတ်ကေအက ၊

၂၁။ ယင်အက စသည်တို့ ဖြစ်ကြပါသည်။

၁။ ဒုံးကြမ်းအက

ဒုံးကြမ်းအကဆိုသည်မှာ လူလတ်တန်းအရွယ်များတို့သည် အနည်းဆုံး ၂၅ ယောက်မှ အများဆုံး ၄၀၊ ၅၀ ထိ ၄ ယောက်တန်းစီ စီကာ ဇာတ်တော်ကြီး၊ နိပါတ်တော်ကြီး၏

အဖြစ်အပျက်များ၊ ရာဇဝင်ရေးရာ အဖြစ်အပျက်များ၊ ဒဏ္ဍာရီပုံပြင်အဖြစ်အပျက်များကို စာဆိုတော်တစ်ဦးဦးကဖြစ်စေ၊ ကဗျာလင်္ကာစီကုံးရေးသားတတ်သူတစ်ဦးကဖြစ်စေ၊ စီကုံးရေးသားပြီး ခေါင်းဆောင်ပြုလုပ်ကာ တူရိယာအစုံတို့ဖြင့် ကွက်စုံနင်း၍ ကပြကြသည်။ အတက်အဆင်းကခြင်း၊ ကပြသောဝတ္ထုမှာပါသည့်အတိုင်း ထီးနန်းပုံ၊ သစ်ပင်ပုံတို့ကို ပုံပေါ်အောင် ရုပ်လုံးဖော်ကခြင်း၊ ယင်းကကွက်တို့တွင် သီဆိုသောအသံနှင့်ကိုက်ညီအောင် သရုပ်ဖော်၍ ရှေးအခါကပင် အစဉ်အဆက်ကလာကြသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်လောက်ကစ၍ ဒုံးကြမ်းအကကိုထက် ဒုံးယိမ်းအကကို ကလာကြသည်သာ များပြားလာသည်။ အဘယ်ကြောင့်ဆိုသော် ဒုံးကြမ်းမှာ ခြေနင်းတစ်ကွက်၊ လက်ခုပ်တစ်ချက်စီမြောက်၍ ကနေရာမှ ကုန်း၍ လက်ခုပ်တီးကရသည်။ ထို့ကြောင့် ပင်ပန်းသည်၊ ခက်ခဲသည်၊ ညောင်းညာသည်။ ယခုအခါတွင် သင်ကြားကပြမည့် ဆရာလည်းနည်းပါးလာမှုကြောင့် ကပြခြင်းနည်းပါးလာကြသည်။ ၄င်းပြင် ယင်းဒုံးယိမ်းမျိုးကို ဘုန်းကြီးပျံ၊ စျာပနပွဲတော်တို့မှတပါး အခြားပွဲလမ်းသဘင်တို့၌ မကကြရချေ။ ဤအကမျိုးကို သက္ကရာဇ် ၈၉၀ ကျော်တွင် ဆရာတော်အဂ္ဂသိဒ္ဓေယျ စျာပနပွဲတော်မှအစပြု၍ ကလာကြသည်။ ယင်းအခါတွင် ရှေးရာဇဝင်အရ မာရယုမင်း၏ ဝတ္ထုဒုံးခြင်းကို သီဆိုကခုန်ကြသည်။ ထို့ထက် ရှေးရှေးတွင် ဒုံးခြင်းသီဆိုကကြသည်ဟူ၍ မတွေ့ရသေး။ တွေ့ကောင်းတွေ့နိုင်မည်လောဟူ၍ စုံစမ်းနေဆဲဖြစ်သည်။ ဘုရင်များ၊ မိဖုရားများ၊ နတ်ရှာစံလွန်ပွဲတို့တွင် စတင်ကပြနိုင်သည်။ စစ်ချီစစ်တိုက်၍ စစ်စည်သံညံလျက် ကပြနိုင်ရာသည်။ ထိုကအစပြုခဲ့မည်ဟု ယူဆကြသည်။

၂။ ဒုံးယိမ်းအက

ဤအကမျိုးသည် ဒုံးကြမ်းနှင့် အတူတူပင် ပေါ်ပေါက်လာခဲ့သည်။ ဇာတ်နိပါတ်၊ ရာဇဝင်အစရှိသည်တို့နှင့် နိုင်ငံရေးရာအဖြစ်အပျက်တို့ကိုလည်း ပါဝင်စီကုံးကြသည်။ ကကွက်တို့မှာ ဒုံးကြမ်းကဲ့သို့ မဟုတ်ဘဲ အကွက်အနင်းအက၊ အတက်အဆင်းအက၊ အန္တဲ့အကဟူ၍ အမျိုးမျိုးကကြရသည်။ အဆိုတွင်လည်း အကနှင့်လိုက်လျောညီထွေဖြစ်အောင် တေးသံစဉ်များ ခွဲခြား၍ သီဆိုရသည်။ အကတစ်ခုနှင့်တစ်ခုအဆုံးတွင်ဖြစ်စေ၊ အပိုဒ်အချိုးတစ်ခုအဆုံးတွင်ဖြစ်စေ၊ ဒုံးဆရာခေါ် ယိမ်းခေါင်းဆောင်က ဦးဆောင်သီဆိုပေးသည့် အတိုင်အဖေါက်များဖြင့် သံပြိုင်သံချပ်အမျိုးမျိုးတို့ကို သီဆိုရသည်။ ဒုံးဆရာသည် ယိမ်းအဖွဲ့ကနေစဉ်အတွင်း အဝင်အထွက်များဖြင့် သီးခြားကခုန်သီဆိုဦးဆောင်ပေးရရာ ဒုံးဆရာ၏ ဦးဆောင်နိုင်မှု စွမ်းရည်တော်လျင်တော်သည့်အလျောက် ထိုယိမ်းအကမှာ အလွန်ကြည့်ပျော်ရှုပျော် ရှိလှပေသည်။ ရှေးအခါကစ၍ ယနေ့ထိတိုင်အောင် ကခုန်ကြသေးသည်။ ဤအကမျိုးကို ဘုန်းကြီးပျံပွဲတွင်ဖြစ်စေ၊ အပျော်တမ်းကပွဲများတွင်ဖြစ်စေ ကနိုင်သည်။ ပါဝင်သောသူများကား ၂၀ မှ ၄၀၊ ၅၀ ယောက်ထိ ကနိုင်သည်။

၃။ ပင့်ကူအကကဲ့သို့ ရှေးဇာတ်နိပါတ်များကို ကပြခြင်းအကများ

ပင့်ကူအကမျိုးမှာ ဇာတ်တော်များ၊ နိပါတ်တော်များနှင့် တခြားဝတ္ထုများကိုလည်း ကပြကြသည်။ ရှေးခေတ်နန်းတွင်းအကသဘင်တစ်မျိုးဖြစ်လေသည်။ များသောအားဖြင့် ပင့်ကူအကကို ဘယကုမ္ဘာဇာတ်၊ ကော်ကာနုဇာတ်တို့အဖြစ် ကခုန်ကြသည်။ အစုံအလင် အပြည့်အဝ ကပြမည်ဆိုလျင် အကသမားပေါင်း ၄၀ ကျော်ခန့် ပါဝင်ကပြကြရပေသည်။ ပထမ ကမ္ဘာစစ်ကြီးအပြီးမှစ၍ ဘယကုမ္ဘာဇာတ်ခေါ် ပင့်ကူအကတစ်ခုကိုသာလျှင် အများအပြား ကကြသဖြင့် ပင့်ကူကိုအစွဲပြုကာ ပင့်ကူအကဟူ၍ ခေါ်တွင်သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ကာလများတွင်မူ လူအနည်းငယ်လောက်ဖြင့်သာ မစုံမလင် ကခုန်ကြရပေသည်။ ကကွက်၊ တီးကွက်တို့မှာ နန်းတွင်းဇာတ်တော်ကြီးတို့ကို ကပြဘိသကဲ့သို့ သူ့နေရာနှင့်သူ အခန်းစုံ၊ ကကွက်စုံ၊ တူရိယာစုံ ကခုန်တီးမှုတ်ရသည်။ ရခိုင်ပြည်အတွင်းတွင် လူအနည်းငယ်ဖြင့် ကခုန်ကြသော်လည်း ရခိုင်အမျိုးသားနှင့် သွေးတူသားချင်းဖြစ်သော်လည်း တစ်ဖက်နယ်နိမိတ်ထဲ ဖြစ်နေသော မြို့ပြည်၊ သက်ပြည်၊ ဗိုလ်မင်းထောင်၊ ဖလန်ထောင်ဒေသတို့၌ကား ဝတ်စုံအပြည့် လူစုံတက်စုံဖြင့် ယနေ့ထိ မြိုင်မြိုင်ဆိုင်ဆိုင် ကခုန်လျက်ရှိနေကြသေးသည်။ ပင့်ကူအက ခေါ် ဘယကုမ္ဘာဇာတ်လမ်းကို အစမှအဆုံးတိုင် အပြည့်အစုံကမည်ဆိုလျင် ၂ ည ကပြမှသာ ပြီးဆုံးသည်။

သာသနာတော် ၂၅၀၀ ပြည့် ဗုဒ္ဓနေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ယခုချင်းဝိသေသတိုင်း ပလက်ဝစီရင်စု၊ ဒလက်မြေရွာတွင် ဘယကုမ္ဘာဇာတ်ကို အစုံအလင်ကခုန်ခဲ့ကြသည်။ တူရိယာ များလည်း အစုံအလင်တီးမှုတ်သီဆိုကြသည်။ ယင်းနည်းတူ တခြားဇာတ်တော်ကြီးများကိုလည်း ကခုန်ကြသည်။ ဤအကမျိုးကို ဝေသာလီခေတ် စန္ဒြားမင်းဆက်မှစ၍ ပေါ်ပေါက်လာသည် ဟူ၍ စကားအစဉ်အဆက်ရှိပေသည်။

၄။ ငစည်အက

ငစည်အက ဟူ၍ ခေါ်တွင်သည့် ငစည်အကဇာတ်ကွက်ဆိုသည်မှာ ပန်းတျားစည်သံ တီးကွက်ဖြင့် ကရသောအကဖြစ်သည်။ ငပြေမငါး တက်သက်သံဟန်ဆို၍ ကရသောအက ဖြစ်သည်။ တံငါသည်က မြစ်ချောင်းအင်းအိုင်တကာတွင် ငါးငစည်(ငရှည်)ကို ရှာဖွေဖမ်းဆီး ရပုံ သရုပ်ဖော်ဇာတ်လမ်းဖြစ်ပေသည်။

သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် မြောက်ဦးနန်းတော်၌ နန်းတွင်းသား ဂကုသလနှင့် ပတ်သက်သည့် နန်းတွင်းအရှုပ်အထွေးများကို အသိပေးစေလိုသောဌာ စာဆိုတော် ပညာရှိကြီး ဦးဒိုးဝေက ရက္ခိုင်ဒဏ္ဍာရီများ (Folk Dance)တို့ကို ရပ်ရွာတိုင်းရှိ ကလေးသူငယ်တို့ကို သီဆို ကပြစေသည်။ ထိုအခါ မိဖုရား နတ်ရှင်မယ်က အမျက်တော်ရှသဖြင့် စာဆိုတော်ကြီး ဦးဒိုးဝေ

အား ဖမ်းဆီးစေသည်။ စာဆိုတော်ကြီးသည် ရမ္ဘာဝတီမြို့သို့ ရောင်တိမ်းထွက်ပြေးကာ ထိုအရပ်မှနေ၍ ဝေည်ခြင်း ခေါ် ဝေည်တေးသီချင်းကို တစ်ညလုံး ကပြနိုင်သည့် ဇာတ်လမ်းရှည် ကကွက်ကြီးတစ်ခုအဖြစ် အကျယ်ချဲ့ဖန်တီးကာ သီဆိုကပြစေလေသည်။ ယင်းအခါကစ၍ ပေါ်ပေါက်ကပြလာကြသည်မှာ ယနေ့တိုင်အောင်ဖြစ်ပေသည်။

သို့သော် ၁၁၄၆ ခုနှစ် နောက်ပိုင်းမှစ၍ လူများစွာ ပါဝင်မကပြနိုင်ဘဲ တစ်ယောက်တည်း တစ်ကိုယ်တော် လုံးချင်းသာလျှင် ကပြနိုင်လေသည်။ ကနည်းမှာ အဆိုနှင့်အက နှစ်ခုပါပြီး အတီးအလွတ်အကမျိုး ဖြစ်လေသည်။ သို့သော် မူလက ကလေးများသီဆိုသော ပတ္တြာခြင်းတွင် စည်တော်များ၊ တီးကွက်များကို တီးနိုင်သည်။

ဇာတ်တော်ကြီး၏ အဓိကကြောရိုးမှာ ဝေည်ငါးဖမ်းခြင်းကိုအကြောင်းပြု၍ နန်းတွင်း အရှုပ်အထွေးများ ဖြစ်ပျက်နေခြင်းအကြောင်းကို နှုတ်ပြောရော၊ အကသရုပ်ဖော်ဖြင့်ပါ သွယ်ဝိုက်ထုတ်ဖော် သတင်းပေးလိုခြင်းအပေါ် တစ်ကိုယ်တော် ကပြရခြင်းဖြစ်ပေရာ အကသမားသည် အဆိုရော အပြောရော သရုပ်ဆောင်မှုတွင်ပါ ဘက်စုံကျွမ်းကျင်မှုများစွာ လိုအပ်ခြင်းကြောင့် ထိုတစ်ကိုယ်တော်အကသမားတို့မှာ ဝေည်ဆရာဟူသောဂုဏ်ပုဒ်ဖြင့် မျက်နှာပွင့်လန်းထင်ရှားကျော်ကြားလှပြီး ရခိုင်မြို့ရွာအနှံ့တို့က ပင့်ဖိတ်၍ကပြစေရသည်အထိ လူကြိုက်များလှလေသည်။

၅။ ကြိုးတန်းလျှောက်တိုင်တက်အက

ရှေးက ဤအကမျိုးကို စကြ်ာအက ဟုဆိုသည်။ ယခုကာလ ဆပ်ကပ်ကပြပွဲတို့၌ ပြသသကဲ့သို့ ကြိုးတန်းလျှောက်ပြခြင်း၊ ဝါးတစ်လုံးတည်းကို လူတစ်ယောက်ထူထား၍ ယင်းဝါးလုံးထက် ကျွမ်းထိုးခြင်း၊ ကခြင်း၊ လွှဲခြင်းတို့ဖြင့် ကပြနေစဉ် အောက်၌ အများဝိုင်းအုံ၍ သီဆို တီးမှုတ်ကခုန်ကြသည်။ မျက်လှည့်ပြပွဲနှင့်လည်း ဆင်တူသည်။ အခင်ငြေးဖြင့် အစွမ်းပြကပြကြသည်။ တစ်ဦးတစ်ယောက်က ကျွမ်းကျင်နားလည်သော ပုဂ္ဂိုလ်တို့ကို စုရုန်းကာ မြို့တကာ ရွာတကာလှည့်လည်၍ ကပြကြခြင်းဖြစ်သည်။ ယခု ဤအကမျိုးကို ကပြလေ့ မရှိကြပြီ။

၆။ နဂါးအက

နဂါးအကမျိုးကို ဝါကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ ဝက်ပါပွဲတော်တို့နှင့် မင်းကြီး၊ စိုးကြီး၊ လူကြီး၊ သူကြီးတို့အား ကြိုဆိုပွဲတို့တွင် ကပြကြသည်။ ဘုရားပွဲတော်တို့တွင်လည်း အခါအခွင့်သင့်လျှင် ကပြကြသည်။ ကပုံကနည်းမှာ ပါးလွှားလှသော အဝတ်ကို ပေ ၁၀၀၊ ၂၀၀ခန့်ရှည်သော နဂါးရုပ်ကြီးပြုလုပ်သည်။ ဦးခေါင်းပိုင်းတွင် ပျဉ်ပြားတို့ဖြင့် နဂါးဦးခေါင်းနှင့်တူအောင် ပြုလုပ်သည်။ ဖျင်နှင့်ပြုလုပ်ထားသော အလယ်ဝမ်းဗိုက်တွင်

ဝါးခွေများ သွင်းထားသည်။ အခွေတစ်ခွေတွင် မီးထွန်းစရာတစ်ခုစီထား၍ မီးထွန်းသည်။ ၄င်းကို ဒေါက်များထောက်သည်။ ဒေါက်တစ်ဒေါက်လျှင် လူတစ်ယောက်စီ ကိုင်တွယ်ရသည်။ ဦးခေါင်းပိုင်းကို ခွန်အားကြီးမား၍ အကမ္ဘကို ကျွမ်းကျင်သောလူတစ်ဦးသာ ကိုင်ရသည်။ ဦးခေါင်းမှာ မြင့်ချီ၊ နိမ့်ချီ ပြေးလွှားနေရသည်။ ယင်းလူသည် ပုတီးကိုလွယ်၊ ဒေါက်ချာကို ဆောင်းလျက် အလမ္ဘာယ်သမား၊ ရသေ့ဇော်ဂျီအသွင် ဝတ်ဆင်ကာ အမြီးပိုင်းကို ကိုယ်၌ တစ်ပတ်ပတ်၍ နဂါးကြီးကိုထိန်းသိမ်းစောင့်ရှောက်လျက် ကခုန်ရသည်။ ထိုရောခါ ဝမ်းအလယ် အဆစ်တို့၌ ညအချိန်တွင် မီးထွန်းထားသည်။ ယင်းမီးတွင် အောက်မှနေ၍ ဇော်ဂျီအဝတ် တို့ဖြင့် ဝတ်ဆင်လျက်ရှိသော အလမ္ဘာယ်တစ်ဦးက ဝါးခြမ်းရှည်ကြီးကို လက်တစ်ဖက်ဖြင့် ကိုင်ကာ အခြားလက်တစ်ဘက်မှ (ပွဲလျက်)မှုန့်ကို နဂါးပါးစပ်တွင်းရှိ မီးကွင်းသို့ကျအောင် ပစ်ချလိုက်သောအခါ တစ်လံနှစ်လံမျှရှိသော နဂါးမီးလျှံသည် ဟုန်းဟုန်းတောက်လောင်လာ၏။ ဤကဲ့သို့ နဂါးမီးလျှံတောက်၍ကရာတွင် အိုးစည်၊ဗုံမောင်းတို့ဖြင့် တစ်ပြိုင်တည်းတီးမှုတ်ကာ နဂါးနှင့်စပ်လျဉ်းသော သံချပ်ကြီးကို သီဆိုရ၏။ ယင်းနဂါးကြီးကို ကၜ၍ အကောက်တစ်ထောင် ရှိသော ဝက်ပါပွဲတော်ကြီးကို လှည့်လည်ပြီးမှ ဝက်ပါကွင်းအလည်တွင်ရှိသော မြတ်စွာဘုရား ရုပ်ပွားတော်ကြီးကို နောက်ဆုံးရှိခိုးရသည်။ များသောအားဖြင့် ညပိုင်းတို့တွင် ကကြသည်။ ယနေ့တိုင်အောင် ကခုန်ကြသေး၏။

၇။ တိုးအက

တိုးအကဆိုရာ၌ တိုးနယားရုပ်စုံကို တူအောင်ပြုလုပ်ပြီးလျှင် အတွင်း၌လူဝင်ကာ ကကြသည်။ တိုးသတ္တဝါ အဖို အမ တစ်စုံစီပြုလုပ်၍ ကကြသည်။ အဆိုမှာ သံချပ်ကြီးကို ဖြစ်စေ၊ တခြားကဗျာတစ်ခုကိုဖြစ်စေ တိုးနှင့်စပ်ဆိုင်အောင် သီကုံး၍ဆိုရသည်။ တိုးရုပ်တို့မှာ ပါးစပ်နှင့် နားရွက်တို့တွင် အတွင်းကြိုးတပ်ကာ ပါးစပ်ကို ဟချည်ပိတ်ချည် နားရွက်ကိုလည်း လှုပ်ကာလှုပ်ကာကကြသည်။ အတီးအမှုတ်တို့မှာ အိုးစည်နှင့် သံချပ်ကြီး ဘွဲ့ကြီးတို့ကို သီဆိုတီးမှုတ်သည်။ များသောအားဖြင့် ဘုရားပွဲတော်တို့၌သာ ကပြကြသည်။

၈။ ဆံတောက်ပိုးအက

ဆံတောက်ပိုးအကဟူသည်မှာ လူတစ်ယောက်ကို မိန်းမပျိုသဖွယ်ဝတ်ဆင်စေကာ ၄င်း၏ရင်ဘတ်မှာ သစ်သားဖြင့်ပြုလုပ်သော အဘိုးကြီးရုပ်တစ်ခုကို ကပ်ထားသည်။ နောက်ကျော တင်သားမှာ မိန်းမတင်အုံတစ်ခုကို တင်ထားသည်။ ရှေ့ပိုင်းခါးမှာ မိန်းမခြေထောက်နှစ်ခု ထွက်ပြီးလျှင် အဘိုးကြီးကထမ်းထားရသည်။ စေ့စေ့ကြည့်မှသာ မိန်းမနှင့် အဘိုးကြီး ခွဲခြား၍ သိနိုင်သည်။ ဖြုတ်ချည်းကြည့်သော် အဘိုးကြီးတစ်ဦးက မိန်းမပျိုကို ထမ်း၍ ကနေသည်ဟု မြင်ရသည်။ အိုးစည်ဗုံဗောင်းတို့ကို တီးလျက် အဘိုးကြီးနှင့် မိန်းမပျိုအကြောင်း စပ်လျဉ်းသော

ရီစရာ သီချင်း၊ သံချပ် တို့ကို သီဆိုတီးမှုတ် ကခုန်ကြသည်။ ယနေ့တိုင်အောင် ပျော်ပွဲရွှင်ပွဲ များ၌ ကခုန်ကြသည်။

၉။ ရှေးသူရုပ်ကြီးများအက

ဤအကမျိုးမှာ ရှေးဟောင်းအဘိုးအိုနှင့် အဘွားအိုအရုပ်ကြီးများကို နှီးဖြင့် ရက်လုပ်ပြီး အပြင်၌ အဘိုးအိုနှင့်တူအောင် ဝတ်စားပြီးလျှင် အတွင်း၌ လူဝင်ကာ ကကြသည်။ နောက်က အိုးစည်ဗုံမောင်းတီးပေးကာ ရပ်ကွက်များကို လှည့်လည်ကပြကြသည်။ အဘိုးအို၊ အဘွားအို တို့ကို ရီစရာနှောထားသော သီချင်းနှင့်သံချပ်ကြီးများကိုပင် သီဆိုကြသည်။ များသောအားဖြင့် ရခိုင်တို့၏ ဆယ့်နှစ်ရာသီပွဲတော်အတွင်း တပို့တွဲလရထားဆွဲပွဲတော်တွင် ကကြသည်။ ရံဖန်ရံခါ ဘုရားပွဲတော်၊ ပျော်ပွဲရွှင်ပွဲ၌လည်း ကကြသည်။ ယနေ့တိုင် လူကြိုက်များဆဲ ကနေ ကြဆဲပင် ရှိပေသေးသည်။

၁၀။ ရုပ်သေးအက

ယမင်း(ညမင်း)ရုပ်က အစပြု၍ ရုပ်သေးအက စတင်အခြေခံလာရင်းဖြစ်သည်။ သက္ကရာဇ် ၉၀၀ ကျော်တွင် မြောက်ဦးမင်းဆက်၌ မင်းဖလောင်းကြီးသည် ဦးရာဇ်တောင် စေတီကြီးကို တည်ထားရာတွင် ယင်းဘုရားပွဲတော်၌ ပြသရန်အလို့ငှာ ဇာတ်တော်ကြီး ဆယ်ဘွဲ့နှင့် ငါးရာ့ငါးဆယ်နိပါတ်တော်လာဇာတ်တော်ကို ပန်းပုဆရာတို့အား ထုလုပ်စေပြီး လျှင် ဖြစ်ဟန်ပျက်ဟန်တို့ကို ကပြစေသည်။ ယင်းအခါကစ၍ ရုပ်သေးဟူ၍ ဖြစ်ထွန်းလာ သည်။ ရခိုင်ထီးနန်းပြတ်ပြီးနောက်မှစပြီးလျှင် မြန်မာနိုင်ငံမှ ရုပ်သေးများသာလျှင် လာရောက် ကပြသည်။ ရခိုင်၌ မရှိပြီ။

၁၁။ နတ်အက

လေးကျွန်းတစ်မြင်းမိုရ် ကမ္ဘာကြီးတည်ဟန် နတ်ဗြဟ္မာများသက်ကျလာဟန်၊ ကမ္ဘာ လောက၌ လူများဖြစ်ထွန်းလာဟန်မှစ၍ နတ်ဒေဝတာများကို ပူဇော်လာခဲ့ရခြင်းများကို သရုပ်ဖော်ကပြသော အကဖြစ်သည်။

နတ်အကသည် ရှေးရှေးဘုရင်မင်းမြတ်တို့၏ တစ်နှစ် တစ်ကြိမ် ဗလိနတ်စာပူဇော်ပွဲ များတွင်လည်းကောင်း၊ မြို့ရှင်၊ ရွာရှင်၊ ကျွန်းရှင်၊ အိမ်ရှင်တို့ကို ပသပွဲ၊ ပူဇော်ပွဲတို့တွင် လည်းကောင်း ကခုန်ကြသည်။ နတ်ကတော် ၃၀၊ ၄၀ မှအစ အများဆုံးတိုင်အောင် မိမိတို့၏ နတ်ပွဲနှင့်လိုက်လျောညီစွာ ဖွဲ့နွဲ့သီဆိုကြသည်။ ယင်းအခါ ပန်းတျားဆရာတို့က နတ်စည် ပန်းတျားတို့ကို လည်ပင်းမှာဆွဲကာ နိမိတ်တဘောင်ဆန်သော နတ်နှင့်ပတ်သက်သည့် စကား၊ ကဗျာတို့ကို သီဆိုလျက် တီးကြသည်။ ပန်းတျား ဟု ခေါ်တွင်သည့် စည်ရှည်ကြီး တစ်မျိုးကို အလွန်မာသော ပတ်စာတို့ဖြင့် တင်၍တီးကြသည်။ ပိတောက်သားကို ထွင်းထား

သော ပန်းတျားတွင် ဆိတ်အရေကိုကြက်၍ တီးမှသာလျှင် ပန်းတျားအသံ ကောင်းကောင်း မြည်၏။ စိတ်နှလုံးကို အလွန်ဆွဲဆောင်နိုင်စွမ်းရှိသော ပန်းတျားမျိုးဖြစ်သည့်အတွက် ယင်းနတ်ပန်းတျားတီးခတ်သံကို ကြားရသည်နှင့်ပင်လျှင် နတ်ကတော်တို့သည် ထိုင်၍ မနေနိုင်လောက်အောင် ထကကြရလေသည်။ ပွဲကြည့်ပရိသတ်များကပင် စိတ်မထိန်းနိုင်ဘဲ ဝင်ရောက်ကလေ့ရှိကြသည်။ ယနေ့တိုင်အောင် နေရာအနှံ့အပြားတို့၌ အကြီးအကျယ် တီးမှုတ်ကခုန်နေကြဆဲ ဖြစ်ပေသည်။

၁၂။ ၁၂ ရာသီ ပွဲတော်အကများ

(၁) **တန်ခူးလ** အတာသင်္ကြန်၊ ရေသွန်းပွဲ၊ ဘုရားရေသပွာယ်ပွဲ၊ လှေပြိုင်ပွဲ

(၂) **ကဆုန်လ** ညောင်ရေပွဲ

(၃) **နယုန်လ** မဟာပိန္ဆနတ်ပွဲနှင့် ကိန္နရီဖိုမကပွဲ၊ ဗလိနတ်စာကျွေးပွဲ၊ ရွာရှင်၊ အိမ်ရှင်၊ ကျွန်းရှင်၊ နတ်တက်ပွဲ

(၄) **ဝါဆိုလ** ပဋ္ဌင်းခံပွဲ၊ ဓမ္မစကြာရွတ်ပွဲ

(၅) **ဝါခေါင်လ** စာရေးတံဆွမ်းပွဲ

(၆) **တော်သလင်းလ** လှေပြိုင်ပွဲ၊ ရေနန်းသဘင်ပွဲ၊ ကရဝိက်ဖောင်တော်အက

(၇) **ဝါကျွတ်လ** သက်ကြီးပူဇော်ပွဲ၊ ဆီမီးမြင့်မိုရ်ပွဲ၊ တာဝတိံသာပွဲ၊ စူဠာမဏိပွဲ၊ ထမင်းထောင်၊ ဟင်းထောင်၊ ပန်းထောင်၊ ဆီးမီးထောင်ပွဲ

(၈) **တန်ဆောင်မုန်းလ** ကထိန်ပွဲ၊ မေတ္တာယျသုတ်တက်ပွဲ၊ ကောင်းကင်ဆီမီးညှိပွဲ၊

(၉) **နတ်တော်လ** ဆင်ခင်းသဘင်ပွဲ၊ မြင်းခင်းသဘင်ပွဲ

(၁၀) **ပြာသိုလ** မီးပုံးကြာသွတ်အိုးပွဲ

(၁၁) **တပို့တွဲလ** ရထားဝင်ပွဲ၊ ရာဂုပွဲ၊ မီးပွဲ

(၁၂) **တပေါင်းလ** သဲပုံစေတီပွဲ၊ ပင်လယ်ပွဲ၊ ဘုရားပွဲတော်များ၊ လှေပြိုင်ပွဲ

ဤ၁၂ရာသီပွဲတော်တို့တွင် နယုန်လ၌ ကိန္နရီဖိုမ ကပွဲဟူသည်ကား ကိန္နရာ ကိန္နရီ တို့၏ ဇာတ်တော်လာအဖြစ်အပျက်တို့ကို ကခုန်ကြသည်။ သဘင်ပွဲတော်အတွင်း ဆင်၊ မြင်း တို့ကို စီးလျက် သိုင်းအက၊ ကျိုင်းအက တို့ကို ကပြကြသည်။ ထိုမှတစ်ပါး ကြွင်းသောလ တို့တွင် ပွဲတော်နှင့်လိုက်လျောညီစွာ ဆင်ယင်ကျင်းပကခုန်ကြသည်။ အခြားအကအခုန်များ ကိုလည်း ယနေ့တိုင်အောင် သုသေသနလေ့လာခြင်းဖြင့် ဆန်းစစ်ရှာဖွေနေကြရဆဲဖြစ်သည်။

ကဟန်ခုန်ဟန်များကို ရှေးဟောင်းပုထိုးတော်ကြီးများအတွင်း ရုပ်လုံးရုပ်ကြွတို့ကို ကြည့်ရှုခြင်း အားဖြင့် သက်သေယူတွေ့ရသည်။ တူရိယာအမျိုးမျိုးတို့ကိုလည်း ယင်းဂူကြီးအတွင်းတို့၌ ပင်ရှိသည်။

၁၃။ ကိန္နရာအက

မင်းသားနှင့်မင်းသမီးလက်တွင် ကိန္နရာအတောင်ပံပုံတပ်၊ ခေါင်းတွင် ကိန္နရာခေါင်းပုံ သျှောင်ဆောင်းပြီး စုံတွဲနှစ်ပါးယှဉ်ကာ ကရသောအကဖြစ်ပါသည်။

၁၄။ သိုင်းအက

သိုင်းကွက်နင်း၍ ကရသော အကဖြစ်၍ သိုင်းအက ဟုခေါ်တွင်သည်။ ဘုန်းကြီးပျံပွဲ၊ လူဂုဏ်တံများ၏ အသုဘများတွင် ကလေ့ရှိသည်။

၁၅။ ဟန်အက(၀ါ)ယိမ်းအက

ကိုယ်ဟန်အနေအထားကို ဟန်ရေးပြ ယိမ်းယိုင်၍ နွဲ့နွဲ့နှောင်းနှောင်း ကရသော အကဖြစ်၍ ဟန်အက(၀ါ)ယိမ်းအကတွင် အဇိန်ဇိတ်ကေယိမ်းအက၊ အယသမဂီယိမ်းအက၊ ရထားပန်းယိုင်ယိမ်းအက၊ ရခိုင်ရိုးရာသင်္ကြန်သရုပ်ဖော်ယိမ်းအက အစရှိသည့် ယိမ်းအက အမျိုးမျိုးကကွက်စုံလင်စွာရှိပြီး အမျိုးသမီးများသာမက အမျိုးသားနှင့်အမျိုးသမီးများ ရောနှော ပါဝင်ကပြလေ့ရှိသည့် အကမျိုးဖြစ်သည်။ ဘုရားပွဲ၊ ဘုန်းတော်ကြီးပျံပွဲများတွင် ကပြလေ့ရှိ သည်။

၁၆။ တလားအက

ရခိုင်ရိုးရာတလားအကကို ရခိုင်ပြည်နယ်ရှိ ကျောင်းထိုင်ဆရာတော်ကြီးများ ပျံလွန်တော်မူ၍ ဘုန်းကြီးပျံပွဲကျင်းပသည့်အခါ၊ ပြည်သူလူထုက လေးစားကြည်ညိုသော လူပုဂ္ဂိုလ်များ သေဆုံးသည့်အခါ အသုဘ မသင်္ဂြိုဟ်မီ ၎င်း၏ အလောင်းအား အလှပြင်ဆင်ထားသော ခေါင်းတလားတွင်ထည့်၍ ဝါးလုံးများနှင့်ရက်လုပ်ထားသော ဝါးထမ်းစင်ပေါ်တွင် ချည်နှောင်ပြီး အမျိုးသား၊ အမျိုးသမီးများ ထမ်းကာ ပျံလွန်တော်မူသွားသည့် ဆရာတော်ကြီးနှင့် သေဆုံးသူ၏ ကောင်းကျိုးပြုလုပ်ခဲ့ခြင်းများကို သံချပ်စပ်ဆို၍ အမျိုးသားယိမ်း၊ အမျိုးသမီးယိမ်းအဖွဲ့ များက ညီညီညာညာ လှုပ်ရှားခုန်ပေါက်ကကြသည့် အကဖြစ်ပါသည်။

၁၇။ ဗျာလအက

နဝရူပဗျာလဟူ၍ အထင်အရ သတ္တဝါ ၉ မျိုး၏ အရေးပါသော ကိုယ်အစိတ်အပိုင်း များဖြင့် စိတ်ကူးပုံဖော်ကာ ရခိုင်အမျိုးသားများ၏ လာဘ်ကောင်အဖြစ် သတ်မှတ်ကြသော ဗျာလသတ္တဝါ၏ ကဟန်များဖြင့် သရုပ်ဖော်ကပြသီဆိုကြသော အကဖြစ်ပါသည်။

၁၈။ ဆီမီးခွက်အက

ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ဆီမီးပူဇော်ခြင်း သရုပ်ဖော်ကပြခြင်း ဖြစ်ပါသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာဂုဏ်တော်၊ မိဘဂုဏ်တော်နှင့် ဆရာဂုဏ်တော် ၅ ပါးတို့ကို ယိမ်းသူယိမ်းသားများက လက်ဝါးနှစ်ဘက်တွင် ဆီမီးခွက်အစစ်တို့ကို တင်ကာ ငြိမ့်ငြောင်းသာယာစွာ သီဆိုကခုန်ကြခြင်းဖြစ်ပါသည်။

၁၉။ ပေါင်တုတ်ကေအက

လူဝကြီးအရုပ်ခေါင်းအတွင်း ဝင်၍သော်လည်းကောင်း၊ တကယ့်လူဝကြီးတစ်ဦးကသော်လည်းကောင်း ကလေးသူငယ်များကို ရယ်ရွှင်ပျော်မြူးဘွယ်အမူအရာများဖြင့် ကပြကြသော အကဖြစ်ပါသည်။

၂၀။ လျှာထုတ်ကေအက

မြို့ရွာရပ်ကွက် သာရေးနာရေးပွဲများတွင် ကလေးသူငယ်များပျော်ရွှင်စေရန် လျှာကို ပြူတစ်ပြူတစ် လုပ်ပြခြင်းအပါအဝင် မျက်နှာအမူအရာအမျိုးမျိုးဖြင့် ရီစရာကပြသော ကကွက်မျိုးဖြစ်ပါသည်။ ဗျာလသတ္တဝါကိုလည်း လျှာထုတ်ကေ ဟု ခေါ်ဝေါ်ကြသဖြင့် ဗျာလအကကိုလည်း လျှာထုတ်ကေအကဟု ခေါ်ဝေါ်လေ့ရှိကြပါသည်။

၂၁။ ယင်အက

ကျားနှင့်ယင် ယှဉ်ပြိုင်ကြရာမှ ကျင် ခေါ် ကိုယ်ခံပညာအားကစား ပေါ်ပေါက်လာသည်ဟု ဆိုစကားနှင့်အညီ ယင်ကောင်၏ လှုပ်ရှားပုံကို သရုပ်ဖော်သော အကဖြစ်ပါသည်။

ရခိုင်အလင်းပြကျမ်း (ဦးရွှေဇံ B.Sc, B.C.S)၊ ၂၀၁၁ ခုနှစ်)။
ရခိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ (ရခိုင်သားကြီးစာပေ)အတွဲ(၁)၊(၂)ပါဆောင်းပါးများမှ ကောက်နုတ်ထားခြင်း။
ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)။

အပိုင်း(၉)

ပအိုဝ်းရိုးရာအကများ

၁။ ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာအကအမျိုးမျိုး လေ့လာမည်ဆိုပါက (၆)မျိုးဖြင့် ဖော်ပြနိုင်ပါသည်။ ၎င်းတို့မှာ (က)မောင်းမှူးအက (ခ)မောင်းဆိုင်းအက (ဂ)ထုံထွိုင်းအက (ဃ)တီးရီးရီးချော့အက (င)သိန်းလားခံ.ဗီးအက(သနပ်ဖက်ခူးအက) (စ)လက်ဖက်ခူးအက တို့ဖြစ်ကြသည်။

(က) မောင်းမှူးအက

မောင်းမှူးအကကို မောင်းကြီးဆိုင်းအက ဟုလည်းခေါ်သည်။ မောင်းမှူးအကသည် အသက်အရွယ်ရပြီး လူကြီးပိုင်းများ ကပြလေ့ရှိသော ရိုးရာအလှူပဒေသာပင်ကို ထမ်းပြီး ကပြရသော လူစုလူဝေးအကဖြစ်သည်။

(ခ) မောင်းဆိုင်းအက

ပအိုဝ်းရိုးရာမောင်းဆိုင်းအကသည် ပအိုဝ်းရိုးရာအကများထဲတွင် ထင်ရှားသော အကတစ်ခုဖြစ်သည်။ ဤအကသည် အိုးစည်ရှည်၊ မောင်း(၅)လုံးမှ (၇)လုံးအထိကို တစ်ဦးလျှင်တစ်လုံးကျစီဖြင့် စည်းချက်ညီညာစွာ တီးခတ်ကြရသဖြင့် စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်သော အကတစ်ခုဖြစ်သည်။

(ဂ) ထုံလွိုင်းအက

ပအိုဝ်းရိုးရာအကများတွင် ထုံထွိုင်းအကသည် တစ်မျိုးတစ်ဘာသာ ဆန်းသစ်ထင်ရှားသော အကတစ်မျိုးဖြစ်သည်။ ထုံထွိုင်းအကသည် အိုးစည်တို့ဖြင့် စည်းချက်သည် အမြန်လည်းမဟုတ်၊ အနှေးလည်းမဟုတ် စည်းချက်ဟန်တစ်မျိုးဖြင့် ကပြရသော အကတစ်မျိုးဖြစ်သည်။ ဤအကသည် ပအိုဝ်းရိုးရာ ညာသံ(ဟွေး-နယ်-ဟွေး) တို့ဖြင့် ပျော်ရွှင်စွာ သီဆိုကပြလေ့ရှိသည်။

(ဃ) တီးရီးရီးဂျော့အက

တီးရီးရီးဂျော့အကနှင့်သီချင်းသည် ပအိုဝ်းအမျိုးသားများ၏ ရှင်ပြု၊ ရဟန်းခံ အလှူ မင်္ဂလာပွဲများတွင် မပါမပြီး တီးခတ်သီဆိုကပြရလေ့ရှိသော အက တစ်မျိုးပင်ဖြစ်ပါသည်။

(င) သိန်းလားခံ.ဗီး (သနပ်ဖက်ခူးအက)

ပအိုဝ်းတိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများတွင် သနပ်ဖက်လုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်သည်။ သနပ်ဖက်လုပ်ငန်းမှာ ကြီးမားကျယ်ပြန့်သော ခြံလုပ်ငန်းတစ်ခုဖြစ်သည်။ ယင်းသဘာဝသနပ်ဖက်လုပ်ငန်းအခြေအနေပေါ်မူတည်၍

ဂီတနှင့်အနုပညာအလင်္ကာ တန်ဆာဆင်လျက် ပအိုဝ်းလှပျိုဖြူကလေးများက သနပ်ဖက်ခူးအကကို သိန်းလားခံ.ဗီး(ရွှေသနပ်ဖက်)ဆိုသည့် သီချင်းသံသာဖြင့် ဖော်ကျူးတင်ဆက်ကပြသည့်အကဖြစ်သည်။

(စ) လက်ဖက်ခူးအက

ပအိုဝ်းတိုင်းရင်းသားများ၏ မိရိုးဖလာလုပ်ငန်းများတွင် လက်ဖက်လုပ်ငန်းသည် ထင်ရှားသော ရိုးရာလုပ်ငန်းတစ်ခုဖြစ်သည်။ ထို့ကြောင့် လက်ဖက်ခူးအကသည် ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာလုပ်ငန်းတစ်ခုဖြစ်သော လက်ဖက်လုပ်ငန်း ပြုလုပ်ပုံ အဆင့်ဆင့်၏ တစ်စိတ်တစ်ဒေသကို ဖော်ပြသော အကတစ်ခုဖြစ်သည်။ ဖော်ပြပါ ပအိုဝ်းတိုင်းရင်းသားများ၏ ရိုးရာအကများကို အခမ်းအနားပွဲများ၊ နေ့ထူးနေ့မြတ်များ၊ အလှူပွဲများ၊ ပအိုဝ်းအမျိုးသားနေ့ပွဲတော်များ၊ ရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာပွဲများ၊ ရိုးရာပွဲတော်များ၊ဘာသာရေးနှင့် လူမှုရေးပွဲတော်အခမ်းအနားတွင် ရိုးရာတိုင်းရင်းသား အကများမပျောက်ပျက်အောင် ယခုထိတိုင် သီဆိုဖော်ကျူး ကပြလေ့ရှိပါသည်။

ပြည်ထောင်စုထဲက ပအိုဝ်း(ထုတ်လုပ်မှုတာဝန်ခံ- ဦးခွန်ထွန်းလှိုင်)

အပိုင်း(၁၀)

တိုင်းလေရိုးရာအက

၁။ အိုးစည်အက (ခေါ်) ကာ့ဟန်ဂေါင်

တိုင်းလေလူမျိုးတို့၏ "အိုးစည်အက (ခေါ်) ကာ့ဟန်ဂေါင်" အကသည် ထင်ရှားသည့် ယဉ်ကျေးမှု အကအလှများဖြစ်သည်။ တိုင်းလေအိုးစည်အကကို လွန်ခဲ့သော AD-1396 ခုနှစ်တွင် မိန်းမောင်းလုံဟု ခေါ်သော ရှမ်းမြို့ဒေသ၏ Sao Sur Kham Fha(စဝ်ဆောခန်ဖ) ဘုရင်လက်ထက်မှ စတင်ကပြခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ သိရှိရပါသည်။ တိုင်းလေရိုးရာအိုးစည်အက (ခေါ်) ကာ့ဟန်ဂေါင်အကကို နေ့ထူးနေ့မြတ်ပွဲတော်များ၊ ဘာသာရေးပွဲတော်၊ အောင်မြင်ခြင်းအထိမ်းအမှတ်ပွဲတော်များတွင် ကပြဖျော်ဖြေလေ့ရှိသည်။

တိုင်းလေရိုးရာအိုးစည်အက "ကာ့ဟန်ဂေါင်" ကပြနေပုံ

ဗုံ၊ အိုးစည်ကို ရှမ်းများက **"ဂေါင်"** Kong ဟု ခေါ်ပါသည်။ အိုးစည်ကို ကောင်းသော သားရေ သို့မဟုတ် တင်းကြပ်စွာ ဆွဲဆန့်သော အလွှာ (အမြေးပါး)တစ်ခုဖြင့် ဖုံးအုပ်ထားပြီး ထုလုံးရှည်ပုံရှိသော အခေါင်းပေါက်သစ်သားတစ်ခုဖြင့် ပြုလုပ်ထားပါသည်။ အိုးစည်(Kong) သည် တိုင်းလေလူမျိုးတို့အတွက် အဓိကအရေးပါသော ရိုးရာဓလေ့ဆိုင်ရာ ဂီတတူရိယာ တစ်မျိုးဖြစ်သည်။

တိုင်းလေအိုးစည်အကသည် ကြက်ဖခွပ်ကကွက်၊ ကြက်ယက်ကကွက်၊ ဒေါင်းအလှ ကကွက်စသည့် ကကွက်(၁၂)မျိုးခန့်ရှိကြောင်းသိရသည်။ ထိုကကွက်(၁၂)မျိုးကို ကပြနိုင်ရန်အတွက် သန်မာသော အမျိုးသားတစ်ဦး၊ လင်းကွင်းတီးရန် လျင်မြန်ဖျတ်လတ်သော အမျိုးသား(သို့မဟုတ်)အမျိုးသမီးတစ်ဦးနှင့် ကြေးမောင်းတီးရန် အမျိုးသားနှစ်ဦး(သို့) သုံးဦး လိုအပ်မည်ဖြစ်ပါသည်။ တိုင်းလေလူမျိုး၏ ရိုးရာအကတွင် အိုးစည်နှင့် လင်းကွင်းဖြင့်သာ

ကကြသော ကကွက်များသည် တစ်ခြားရှမ်းများ၏ အကနှင့်မတူဘဲ ထူးခြားသောကကွက်များအဖြစ် ယခုအချိန်ထိ ထိန်းသိမ်းထားလျက်ရှိပါသည်။

ၜင်းတိုင်းလေရိုးရာအိုးစည်အကကို ဘာသာရေးပွဲတော်အခမ်းအနားများ၊ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများနှင့် အောင်မြင်ခြင်းအထိမ်းအမှတ်အခမ်းအနားပွဲများတွင် ကပြဖျော်ဖြေလေ့ရှိပါသည်။

တိုင်းလေရိုးရာအိုးစည်အက "ကဒ့ဟန်ဂေါင်" ကပြနေပုံ

ကချင်ပြည်နယ်၊ တိုင်းလေစာပေနှင့်ယဉ်ကျေးမှုကော်မတီ၏ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) သို့ တင်သွင်းသည့်စာတမ်း။

အပိုင်း(၁၁)

ယင်းကြားရိုးရာအကများ

၁။ ယင်းကြားလူမျိုးများ၏ ရိုးရာအကများနှင့် တူရိယာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)"ရွှေဟိုင်း" ဝိုင်းဖွဲ့အက

(၂) တိုးအက (ဝါကျွတ်ပွဲတွင် ကပြသည်။)

(၃) သိုင်းအက

(၄) ဗုံမောင်းအက တို့ဖြစ်ပါသည်။

ရိုးရာတူရိယာများမှာ-

(၁) ဗုံ၊ မောင်း၊ လင်းကွင်း

(၂) ဗုံပလွေ၊ ဝါးပလွေ၊ သင်္ဘောတောင့်ပလွေ၊ နဲ့ကြိုးသုံးချောင်း၊ တပ်စောင်း၊ ဘင်ကျို၊ မီးရှူး ပလွေ၊ ဝါးလက်ခုပ်၊ ဝါးလုံးစောင်း (ကွာဝါး၊ ကွာသံ)

မှတ်ချက်။ ကွာဝါး=ယင်းကြားအခေါ်=ကုန်ကွေ့ဝါး ကုန်ကွေ့သံ

(၁) ရွှေဟိုင်းအက

ယင်းကြားရိုးရာ အခေါ် "ရွှေဟိုင်း"အဆိုအကသည် အနည်းဆုံး ကျား(၃)ယောက် မ(၃)ယောက်တို့ဖြင့် ကကြသည်။ ကျားက သီချင်းစစပ်ဆိုပြီး မက ဆက်၍ ကာရန်နှင့် ဆိုသည့် ကျားတစ်ပြန် မတစ်ပြန် တစ်ပုဒ်ဆုံးအောင် သီဆိုသွားသည်။ သီချင်းတစ်ပုဒ် ဆုံးပြီးလျှင် နောက်တစ်ပုဒ်ဆက်ဆိုသည်။ သီဆိုသောအဓိပ္ပာယ်မှာ အချစ်ရေးရာ အကြောင်း၊ အိမ်ထောင်ခြင်းရေးရာကြောင်း၊ စီးပွားရေးဖြစ်ထွန်းလာစေရန်နှင့် စိုက်ပျိုး သီးနှံအောင်မြင်ဖြစ်ထွန်းလာစေရန်တို့ဖြစ်သည်။ မိန်းခလေးများမှာ လက်ဆွဲချိတ်ဆက်ပြီး ရှေ့ ၃ လမ်း နောက် ၃ လမ်းလုပ်ပြီး ဝိုင်းဖွဲ့ကကြသည်။ သို့သော် ယောကျ်ားလေးမှာ လက်ဆွဲခြင်းမရှိဘဲ ထိုနည်းတူပဲ သီဆိုကကြသည်။ လူပို့များလေလေ ကကွက်ပိုလှသည်။

မှတ်ချက်။ "ရွှေဟိုင်း" ရွှေကို ရကောက်ပါ၌ အသံထွက်ရမည်။

(၂) တိုးအက

ယင်းကြားရိုးရာတိုးအကသည် သီတင်းကျွတ်လပြည့်ကျော် လဆုတ်ပိုင်း ညစဉ်ညတိုင်း ရွာစဉ်ရွာတိုင်း၌ ဝါးပိုးဝါးလုံးအရှည်ကိုခြမ်းပြီး နှီးနဲ့စည်းကာ ဖယောင်းတိုင်

အဖြစ် ဘုရားကျောင်း၊ စေတီတွင် မြေကြီးကျင်းတူးပြီး ထောင်ကာ မီးညှိထွန်းပါသည်။ ဤဝါးဖယောင်းတိုင်ကြီးသည် ဘုန်းကြီးကျောင်း၊ စေတီတို့ကို အဖွဲ့နှင့်ထမ်းလှည့်ပြီးမှ မီးပူဇော်ထွန်းညှိသည်။ ဤဝါးဖယောင်းတိုင်ထွန်းညှိခြင်း၏အကြောင်းမှာ ရွာတွင်းရွာပြင် ကျောင်းတွင်းကျောင်းပြင် ဂြိုလ်၊ဇာတာမကောင်းခြင်းဖြစ်လျှင် ကောင်းအောင်ပြန်ပြုပြင်ခြင်းသဘောဖြစ်သည်။ ဤသီတင်းကျွတ်ပွဲတွင် တိုးအကလည်း အပါအဝင်ဖြစ်သည်။ တိုးအကသည် ဘုရားစေတီတွင်သာ ကပြကြသည်။ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်းများတွင် မကပြရ။ ကျောင်းခိုက်တတ်သည်ဟုဆိုသည်။ တိုးအကောင်သည် ဝါးကိုခြမ်းပြီး အရိုးစုပြုလုပ်ကာ အရေခွံကို ၄က်ပျောဖက်ဖြင့် ဖုံးအုပ်လိုက်သည်။ ၄က်ရုပ်နှင့်လည်း ကကြသည်။ (မှတ်ချက်-ကိန္နရာ၊ ကိန္နရီမဟုတ်) တိုးအကသည် အုပ်ထိန်းသူ၊အုပ်ထိန်းသားပါရှိသည်။ အုပ်ထိန်းသူမှာ (၃)ယောက် (၄)ယောက်ပါရှိတတ်သည်။ အုပ်ထိန်းသူအရုပ်ကိုလည်း ဝါးနဲ့ပြုလုပ်ပြီး ၄က်ပျောဖက်ဖြင့် ဖုံးအုပ်သည်။ ခေါင်းခွံမှာ ဝါးဖက်နဲ့ပြုလုပ်ပြီး အမဲရောင်မှင်ရည်ဖြင့် မျက်လုံး၊ နှာခေါင်း၊ ပါးစပ်၊ သွား စသည်ဖြင့် ပုံဆွဲသည်။ ညအချိန်တွင် ဗုံမောင်း၊ လင်းကွင်းနဲ့ တီးပြီး ဖျော်ဖြေကပြကြသည်။

(၃) သိုင်းအက

ယင်းကြားရိုးရာသိုင်းအကသည် အလှူအတန်း၊ ပွဲ၊ ရက်ကြီးရက်မြတ်၌ ဗုံတို၊ ဗုံရှည်၊ ရှမ်းအိုးစည် စသည်များနှင့်တီးပြီး ဝင်ရောက်ကပြဖျော်ဖြေခဲ့သည်။ သိုင်းအကများမှာ-

(က) လက်ဗလာသိုင်းကွက်အက

(ခ) ဓားသိုင်းကွက်အက

(ဂ) လုံသိုင်းကွက်အက

(ဃ) တုတ်သိုင်းကွက်အကတို့ ဖြစ်သည်။

(၄) ဗုံမောင်းအက

ဗုံမောင်းအကမှာ ဗုံတို၊ ဗုံရှည်၊ မောင်း၊ လင်းကွင်းကို အဖွဲ့အလိုက်တီးပြီး ကကြသည်။

ယင်းကြားတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း။

အပိုင်း(၁၂)

ကိုးကန့်ရိုးရာအကများ

၁။ ကိုးကန့်တိုင်းရင်းသားလူမျိုးတို့၏ ပွဲအလိုက်ကကြသော စုပေါင်းအကမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) မင်္ဂလာဆောင်အက

(၂) နှစ်သစ်ကူးအက(သို့မဟုတ်) မုန့်စားပွဲတော်အက

(၃) လူပျို/အပျိုလှည့် အက

(၄) အိမ်သစ်တက်ပွဲအက

(၁) မင်္ဂလာဆောင်အက

ကိုးကန့်တိုင်းရင်းသားများသည် မင်္ဂလာပွဲတွင် သတို့သား၊ သတို့သမီးတို့၏ မင်္ဂလာအရောင်ဖြစ်သော အနီရောင်ကို အသုံးပြုကြပါသည်။ မင်္ဂလာပွဲသို့ လာရောက်ကြသူအများစုမှာ ကိုးကန့်တိုင်းရင်းသားရိုးရာဝတ်စုံကို ဝတ်ဆင်ကြပြီး အချို့မှာ ခေတ်ပေါ်ဝတ်စုံကိုဝတ်ဆင်ကြပါသည်။ မင်္ဂလာပွဲသို့လာရောက်ကြသော ဧည့်ပရိတ်သတ်များသည် မင်္ဂလာသတို့သား၊ သတို့သမီးတို့အား ကျန်းမာချမ်းသာကြစေရန် ရည်ရွယ်ပြီး မင်္ဂလာပွဲကျင်းပသည့် နေရာအပေါ်မူတည်၍ လူဦးရေ(၂၀)မှ (၄၀)အထိ သီချင်းများသီဆိုပြီး စုပေါင်းကပြကြပါသည်။ စုပေါင်းသီဆိုသည့် သီချင်းမှာ “သတို့သား၊ သတို့သမီးတို့သည် ကျန်းမာချမ်းသာကြပါစေ၊ စီးပွားတိုးတက်ပါစေ၊ သားသမီးကောင်းရတနာများတိုးပွားပါစေ”ဟု ဆုမွန်ကောင်းတောင်းပေးသည့် သီချင်းများကို ဂုဏ်ပြုသီဆိုပေးကြပါသည်။ မင်္ဂလာပွဲကို (၁)ရက်မှ (၃)ရက်အထိ ကျင်းပလေ့ရှိကြပါသည်။

(၂) နှစ်သစ်ကူးအက (သို့မဟုတ်) မုန့်စားပွဲတော်အက

ကိုးကန့်တိုင်းရင်းသားတို့သည် နှစ်စဉ် ဖေဖော်ဝါရီလ လဆန်းပိုင်းတွင် နှစ်သစ်ကူးအထိမ်းအမှတ် နှစ်သစ်ကူးအက (သို့မဟုတ်) မုန့်စားပွဲတော်အကကို (၅)ရက်မှ (၇)ရက်အထိ ကလေ့ရှိကြပါသည်။ ထိုသို့မုန့်စားပွဲတော်ကို ကျင်းပရခြင်းမှာ စပါးရိတ်သိမ်းပြီးချိန်၊ တောင်ယာသိမ်းပြီးဖြစ်ပါ၍ နှစ်သစ်ကို ကြိုဆိုသောအားဖြင့် စုပေါင်းကကြခြင်းဖြစ်ပါသည်။ နှစ်သစ်ကူးအက (သို့မဟုတ်) မုန့်စားပွဲတော်၌ ကျား/မ၊ လူကြီး/လူငယ်မရွေး စုပေါင်းကကြပါသည်။ အကကသည့်ဟန်မှာ အမျိုးသားများသည် ရိုးရာဂစ်တာများကိုတီးခတ်ပြီး အမျိုးသားသည် ညာဘက်၊ အမျိုးသမီးသည် ဘယ်ဘက်

တွင် နေရာယူ၍ စုံတွဲအလိုက် သီချင်းသံစဉ်ကို စည်းဝါးလိုက်ပြီး ဘယ်ခြေ၊ ညာလက် စသည်ဖြင့် ကကြပါသည်။ မီးပုံဖို၍လည်း စုပေါင်းပြီး ကကြပါသည်။ မုန့်စားပွဲတော် တွင် ကိုးကန့်ရိုးရာမုန့်အမျိုးမျိုးကို လုပ်စားကြပြီး ငွေကြေးတတ်နိုင်သူများက အိမ်သို့ လာရောက်သူများကို ကိုးကန့်အခေါ် အန်ပေါင်း (သို့မဟုတ်) နှစ်သစ်ကူးလက်ဆောင် ပြန်ပေးခြင်းများ ပြုလုပ်လေ့ရှိကြပါသည်။

(၃) လူပျို/အပျိုလှည့်ခြင်း

ကိုးကန့်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သော လူပျို/အပျိုလှည့် အကသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကိုးကန့်တိုင်းရင်းသားတို့သည် တောင်ယာရိတ်သိမ်းပြီး ပွင့်လင်းရာသီရောက်သည့်အချိန်တွင် လူပျိုများမှအပျိုများကို ပိုးပန်းကြပါသည်။ မိမိသဘောကျသည့် မိန်းကလေးအား စနောက်သည့်စကား ပြောဆို ကြခြင်း၊ လက်ဆောင်ပစ္စည်းများပေးခြင်းများဖြင့် ချစ်ရေးဆိုကြသည့်ဓလေ့ရှိပါသည်။

(၄) အိမ်သစ်တက်ပွဲအက

ကိုးကန့်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သော အိမ်သစ်တက်ပွဲ ပြုလုပ်သည့်အချိန်တွင် ဖိတ်ကြားထားသော ဧည့်သည်တော်များကို အကကပေးရန် အိမ်ရှင်မှ တောင်းဆိုပါကစုပေါင်းကကြသည့်ဓလေ့ထုံးစံတစ်ခုရှိပါသည်။ ရိုးရာအက ကသည့်ဟန်မှာ သီချင်းသံစဉ်ကိုလိုက်ပြီး ဟန်ချက်ညီညီစုပေါင်းကကြပြီး အိမ်ရှင် အား လာဘ်လာဘများ ကြီးပွားတိုးပွားစေ၊ ဥစ္စာပစ္စည်းများတိုးပွားပါစေ၊ ကျန်းမာ ချမ်းသာကြပါစေဟု ဆုမွန်ကောင်းများတောင်းပေးကြပါသည်။ အိမ်ရှင်များမှလည်း လက်ဆောင်ပြန်ပေးကြသည့် ဓလေ့ရှိပါသည်။

ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း။

အပိုင်း(၁၃)

ထနော့ရိုးရာအကများ

၁။ ထနော့ရိုးရာအကနှင့်ပတ်သက်၍ ယနေ့ခေတ်အထိ လက်ဆင့်ကမ်း၍ ကလျက်ရှိသော ကဟန်၊ ကကွက်များကို ကြည့်ရှုခြင်းဖြင့် တွေ့နိုင်ပါသည်။

ထနော့ရိုးရာအကများကို အမည်နာမများဖြင့် ဖော်ပြရပါက

(၁) အိုးစည်ကြီးအက

(၂) အိုးစည်ငယ်အက

(၃) သိုင်းအက

(၄) ယိမ်းအက (သို့မဟုတ်) စုပေါင်းအက

စသည်တို့ဖြစ်ပါသည်။

(၁) အိုးစည်ကြီးအက

အိုးစည်ကြီးအကဆိုသည်မှာ ထနော့တူရိယာဖြစ်သော အိုးစည်ကြီး၊ မောင်းကြီးနှင့် လင်းကွင်းကြီးကို တီးခတ်၍ စည်းချက်အတိုင်း ကရသောအကဖြစ်သည်။ အိုးစည်ကြီးအကသည် တစ်ကွက်ခြင်း အနှေးကရသောအကဖြစ်သည်။ ထိုအကတွင် လူငယ်နှင့်လူလတ်ပိုင်းအရွယ်များကသာ ပါဝင်ကပြကြသည်။ အိုးစည်ကြီးအကကို နှစ်စဉ်ပွဲနှင့် ထနော့တိုင်းရင်းသားတို့၏ နေ့ထူးနေ့မြတ်များတွင် တီးခတ်ကပြလေ့ရှိသည်။

(၂) အိုးစည်ငယ်အက

ဤအကသည် ထနော့လူမျိုးများကျင်းပသော ပွဲတော်တိုင်းလိုလိုတွင် မပါမဖြစ်သော အကဖြစ်သည်။ လူငယ်လူရွယ်များအပြင် သက်ကြီးရွယ်အိုများအထိ ကလေ့ရှိသောအကဖြစ်သည်။ မြေပြင်ပေါ်တွင်တန်းစီ၍လည်းကောင်း၊ အဝိုင်းပတ်၍လည်းကောင်း ကလေ့ရှိပါသည်။ တခါတရံ စင်မြင့်ထက်သို့ ဖျော်ဖြေရာတွင်လည်းကောင်း ကလေ့ရှိပါသည်။

(၃) သိုင်းအက

သိုင်းကွက်နင်း၍ ကရသောအကဖြစ်သည်။ အလွတ်သိုင်းအကအပြင် ဓါးသိုင်းနှင့် တုတ်သိုင်းများကလည်း ကကြသည်။

(၄) ယိမ်းအက (သို့မဟုတ်) စုပေါင်းအက

ထနော့ရိုးရာတေးသီချင်းများဖြင့် ကိုယ်ဟန်အနေအထားကို ဟန်ရေးပြ ယိမ်းယိုင်၍ နွဲ့နွဲ့နှောင်းနှောင်း ကရသောအကဖြစ်သည်။ လူငယ်လူရွယ်များနှင့် လူလတ်တန်းအရွယ် အမျိုးသမီးများသာမက အမျိုးသားများလည်း ပါဝင်၍ ကပြလေ့ရှိပါသည်။

ထနော့တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း။

အပိုင်း(၁၄)

တိုင်းခမ်းတီ ရိုးရာအကများ

၁။ တိုင်းခမ်းတီ တိုင်းရင်းသားများ၏ ထင်ရှားသည့် ရိုးရာအကများမှာ-

(၁) တော်ဝင်ကြက်ဖခွပ်အက

(၂) စစ်သူကြီးအက

(၃) ပန်းကလာပ်အက တို့ဖြစ်ပါသည်။

(၁) တော်ဝင်ကြက်ဖခွပ်အက

တော်ဝင်ကြက်ဖခွပ်အကသည် အေဒီ ၁၂ရာစု အစောပိုင်းကာလတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ရှင်ပြုအလှူမင်္ဂလာ၊ ကြိုဆိုရေး၊ အထိမ်းအမှတ်ပွဲများတွင် ကပြဖျော်ဖြေလေ့ရှိသည်။

(၂) စစ်သူကြီးအက

စစ်သူကြီးအကသည် အေဒီ ၁၃ ရာစုတွင် စတင်ပေါ်ပေါက်ခဲ့ပြီး စစ်အောင်နိုင်၍ ကခုန်သောအကဖြစ်သည်။

(၃) ပန်းကလာပ်အက

ပန်းကလာပ်အကသည် ၂၁ ရာစုတွင် စတင်ပေါ်ပေါက်ခဲ့ပြီး ဘုရားပွဲ၊ ပွဲလမ်းသဘင်၊ ပျော်ပွဲရွှင်ပွဲများတွင် ကပြဖျော်ဖြေလေ့ရှိသည်။

တိုင်းခမ်းတီဗဟိုစာပေနှင့်ယဉ်ကျေးမှုအသင်း(မြစ်ကြီးနား)။

အပိုင်း (၁၅)
တိုင်းရင်းသားများ၏ ရိုးရာအကများနှင့် စတင်ပေါ်ပေါက်လာသည့် ကာလအပိုင်းအခြားများအား စုစည်းဖော်ပြထားခြင်း

၁။ ကချင်တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	အကအမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	ဗန်းမော်အက	-	ပျော်ပွဲရွှင်ပွဲများတွင် ကပြသည်
၂။	မနောအက	-	ပျော်ပွဲရွှင်ပွဲများတွင် ကပြသည်
၃။	ဇိုင်ဝါးအက	-	ပျော်ပွဲရွှင်ပွဲများတွင် ကပြသည်
၄။	ကောက်သစ်ကျေးဇူး	-	ပျော်ပွဲရွှင်ပွဲများတွင် ကပြသည်
၅။	ကောက်သစ်မနောအက	-	ပျော်ပွဲရွှင်ပွဲများတွင် ကပြသည်

၂။ ကယားတိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	မည်သည့်အက အမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား(ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	ကယားအမျိုးသားတို့၏ အခဲ့ဒိုပေါ်မီအက	ဘိုးဘွားစဉ်ဆက်ကတည်းက အသုံးပြုခဲ့သည်	အခဲ့ဒို(ခေါ်)ဒီးကူပွဲတော် တွင် အသုံးပြုသည်
၂။	ကယားဖားစည်သံ (ဒေါ်ညေးခူကျေးရွာ)	-	ပျော်ပွဲရွှင်ပွဲအခမ်းအနား များတွင် အသုံးပြုသည်
၃။	ဒီးဆ(ထမင်းထောင်း) တေးသရုပ်ဖော်အက	ဘိုးဘွားစဉ်ဆက်ကတည်းက အသုံးပြုခဲ့သည်	-

၃။ စကောကရင်တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	မည်သည့်အက အမျိုးအစား	စတင်အသုံးပြုခဲ့ သည့် ကာလ အပိုင်းအခြား(ခုနှစ်)	တင်ဆက်ကပြသည့်နေရာ
၁။	ပဲခူးရိုးမအက	၂၀၁၄	ပဲခူးတိုင်းအနောက်ခြမ်းကျောက်ဖြူရွာ
၂။	လျှာလေး	၂၀၁၇	MRTV
၃။	လူငယ်ဇင်ယော်အက	၂၀၁၄	ပဲခူးတိုင်းအနောက်ခြမ်းကျောက်ဖြူရွာ

၄။ အနောက်ပိုးကရင်တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	မည်သည့်အက အမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများ တွင် အသုံးပြုသည်
၁။	ပန်းတနော်ယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး
၂။	ပုသိမ်ယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး
၃။	ကျောင်းကုန်းယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး
၄။	ကန်ကြီးထောင့်ယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး

၅။ အရှေ့ပိုးကရင်တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	မည်သည့်အက အကအမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	ကော့ကရိတ်ယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး
၂။	ဘားအံယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး
၃။	ရသေ့ပျံဒုံးအဖွဲ့	-	-
၄။	ကော့ပရံယဉ်ကျေးမှုဒုံးအက	၂၀၁၇	ပြိုင်ပွဲဒုံး

၆။ ချိုး(ချင်း)တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	မည်သည့်အက အကအမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	ချင်းရိုးရာတီးလုံးအက (K'hting K'being'Lamm)	ဘိုးဘွားစဉ်ဆက် ကတည်းက အသုံးပြုခဲ့သည်	ဗုံမောင်းနဲ့အကဆိုရင် လုံးယူပွဲ၊ သားကောင်ရပွဲ၊ နှစ်သစ်ကူးပွဲ၊ အသုဘ အခမ်းအနားစသော သာရေးနာရေးများတွင် အသုံးပြုသည်။

၇။ မွန်တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	အက အမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလ အပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	တို့တာဝန်အက (ရန်ကုန်တိုင်းဒေသကြီး)	-	မွန်အမျိုးသားနေ့ပွဲတော်
၂။	တို့တာဝန်အက (မန္တလေးတိုင်းဒေသကြီး)	-	မွန်အမျိုးသားနေ့ပွဲတော်
၃။	တို့တာဝန်အက (ကရင်ပြည်နယ်)	-	မွန်အမျိုးသားနေ့ပွဲတော်
၄။	တို့တာဝန်အက (မကွေးတိုင်းဒေသကြီး)	-	မွန်အမျိုးသားနေ့ပွဲတော်
၅။	တို့တာဝန်အက (ကချင်ပြည်နယ်)	-	မွန်အမျိုးသားနေ့ပွဲတော်
၆။	တို့တာဝန်အက (မွန်ပြည်နယ်)	-	မွန်အမျိုးသားနေ့ပွဲတော်
၇။	သွေးချင်းတို့ဌာနေ မြန်မာပြည် (တိုင်းရင်းသားအက)	-	-
၈။	သွေးချင်းတို့ဌာနေ မြန်မာပြည် (တိုင်းရင်းသားအက)	-	-

၈။ ရခိုင်တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	အက အမျိုးအစား	စတင်အသုံးပြုသည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	ဗုဒ္ဓပူဇနိယ	၁၉၆၆	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၂။	သျှင်ဒိုင်	၁၉၆၆	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၃။	အဇိန်ဇိတ်ကော	၁၉၆၇	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၄။	ရထားပန်းယိုင်	၁၉၆၉	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၅။	ရခိုင်ရိုးရာသင်္ကြန်	၁၉၆၉	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၆။	ပိုးဝါဘွဲ့	၁၉၇၆	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၇။	ရခိုင်ဒုံးယိမ်း	ရှေ့ခေတ်အဆက်ဆက်	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၈။	ထွန်ကားခလီ ဝေသာလီ	၁၉၈၀	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ

စဉ်	အကအမျိုးအစား	စတင်အသုံးပြုသည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၉။	ပျော်စရာစုံညီ ရခိုင်ပြည်က လေးရာသီ	၁၉၈၂	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ
၁၀။	နဝရူပဗျာလ	၂၀၀၅	ယဉ်ကျေးမှုနှင့်လူမှုရေးပွဲများ

၉။ ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	အက အမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	တောင်ကြီးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အက	၂၀၁၇	နှစ်သစ်ကူးပွဲတော်
၂။	တောင်ကြီးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အက	၂၀၁၇	နှစ်သစ်ကူးပွဲတော်
၃။	ခမ်းတီးစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အက	-	-
၄။	နမ့်လန်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အက	၂၀၁၆	နှစ်သစ်ကူးပွဲတော်

၁၀။ “ဝ”တိုင်းရင်းသားများ၏ ရိုးရာအကများ

စဉ်	“ဝ” အကအမျိုးအစား	စတင်အသုံးပြုခဲ့သည့် ကာလအပိုင်းအခြား (ခုနှစ်)	မည်သည့်ပွဲတော်/ အခမ်းအနားများတွင် အသုံးပြုသည်
၁။	ကျိုင်းတုံ “ဝ” စာပေနှင့် ယဉ်ကျေးမှုအဖွဲ့အက	-	နှစ်သစ်ကူးပွဲတော်
၂။	လားရှိုး “ဝ” စာပေနှင့် ယဉ်ကျေးမှု အဖွဲ့အက	-	နှစ်သစ်ကူးပွဲတော်
၃။	“ဝ” တို့ရိုးရာ အေးဟာဟာ၊ ဂျာလင်းစေးအက	-	နှစ်သစ်ကူးပွဲတော်

ကျမ်းကိုးစာရင်းများ

- ❖ ကချင်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း(ရှမ်းပြည်နယ်)မှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ❖ လာချိဒ်စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီမှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ❖ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်း(ပဲခူး)မှ ရေးသားပြုစုလာသည့် အချက်အလက်များ
  (မန်းလင်းမြတ်ကျော် ရေးသားပြုစုသည့် ကရင်ရိုးရာသုတပဒေသာ၊
  မန်းသင့်နောင် ကော့ဂရိတ်နှင့် ဖူးတောဦး(သရဘူးမူး))
- ❖ အရှိ(ချင်း)စာပေနှင့်ယဉ်ကျေးမှုအသင်း(မကွေး)မှ ပြုစုပေးပို့လာသည့်အချက်အလက်များ
- ❖ ထားဝယ်လူမျိုးစုစည်းမှုကော်မတီ(ဗဟို)မှ ပြုစုပေးပို့လာသည့် အချက်အလက်များ
  (ထားဝယ်ဦးကျော်မင်းရေးသားသည့် ထားဝယ်ယဉ်ကျေးမှုအမြုတေစာအုပ်၊
  မြန်မာ့အသံရေဒီယို၊ မြန်မာ့ကျေးလက်တေးသံများ၊
  ယဉ်ကျေးမှုအထက်တန်းအရာရှိ ဦးမင်းနိုင်ရေးသားသည့် ပြည်ထောင်စုအကပဒေသာ
  စာအုပ်)
- ❖ မွန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ (ပဲခူးတိုင်းဒေသကြီး)မှ ပြုစုပေးပို့လာသည့် အချက်အလက်များ
  (တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(မွန်) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊
  နိုင်ထောပိုင်၏ ဂီတတူရိယာမှတ်စု)
- ❖ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ သဘင်ပညာဌာနမှ ဒေါ်မိုးမိုးကြည်(ကထိက)၏ စာတမ်းအား တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ မွန်ပြည်နယ် ညွှန်ကြားရေးမှူးမှတဆင့် ကူးယူဖော်ပြထားခြင်း
  (ကြည်မြလွင်။ (၁၉၇၆)။ မွန်ဘဝဓလေ့နိဒါန်း။ မော်လမြိုင်မြို့၊ ရာမညစာပေတိုက်။
  ဌဝါဝါကျော်မ။(၂၀၀၁-၂၀၀၂)။ မွန်ရိုးရာအက၊ ယိမ်းနှစ်ပါးသွားလေ့လာချက်ဘွဲ့ယူစာတမ်း။
  အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)။
  ဉာဏာဝံသ၊အရှင်(ကော့ဗိန်း)။(၂၀၁၁)။ မွန်လူမျိုးတို့၏ စာပေယဉ်ကျေးမှုနှင့်ဘာသာတရား။
  ရန်ကုန်မြို့၊သာသနာရေးဝန်ကြီးဌာန။
  မင်းမိရာဇ၊ တက္ကသိုလ်-။ (၁၉၉၅ခုနှစ်၊ဖေဖော်ဝါရီလ)။ လွှိဟံသာမဂ္ဂဇင်း၊ အမှတ်(၅)။
  မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)။
  မင်းနိုင်ဦး။ (၁၉၅၉)။ ပြည်ထောင်စုအကပဒေသာ။ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်။
  မြန်မာစာလုံးပေါင်းသတ်ပုံ။(၂၀၁၃)။ရန်ကုန်မြို့၊ သာလွန်စာအုပ်တိုက်။
  မြန်မာ့စွယ်စုံကျမ်းအတွဲ-၁၀။ (၁၉၆၆)။ ।ရန်ကုန်မြို့၊စာပေဗိမာန်ပုံနှိပ်တိုက်။
  မြန်မာ့အနုသုခုမအဘိဓာန်။(၂၀၀၁)။ရန်ကုန်မြို့၊စာပေဗိမာန်ပုံနှိပ်တိုက်။

တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ(မွန်)။(၁၉၇၇)။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီဗဟိုကော်မတီဌာနချုပ်၊ ပါတီမော်ကွန်းတိုက်။
နိုင်ပန်းလှ၊ဒေါက်တာ။(၁၉၉၈)။ရာဇဝင်ရာဇ်အရေးတော်ပုံကျမ်း။ရန်ကုန်မြို့၊ မြဝတီစာတိုက်။
နိုင်ပန်းလှ။(၂၀၀၅)။ရာဇဝင်ရာဇ်အရေးတော်ပုံကျမ်း။ အင္ဒမအကြိမ်၊ ရန်ကုန်မြို့၊ အားမာန်သစ်စာပေ။
အောင်ဆန်းဦး၊မောင်။(၂၀၁၇-၂၀၁၈)။
ရှေးခေတ်ဟောင်းမွန်နှစ်ပါးသွားအကအားလေ့လာခြင်း။
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)။
အင်တာနက်အကိုးအကားများ
(https://www.facebook.com/100068299329770/videos/300727804500252/?mibextid=Nif5oz (8.8.2023)
https://m.facebook.com/story.php?story_fbid=pfbid033ctn8oxkxuwWN6iXLP4zceKEGuD7pLXRS39eoB8FixebHTTXGdReFfxDA4aRzKTkl&id=101884147869120&mibextid=Nif5oz (13.8.2023))
တွေ့ဆုံမေးမြန်းသူ
(မိမြသန်း၊ (မွန်ရိုးရာအကပညာရှင်)၊ (၂၄.၆.၂၀၂၂)။
မိကွန်းဟဒိ၊(မွန်ရှေးဟောင်းနှစ်ပါးသွားအကပညာရှင်)၊ (၉.၈.၂၀၂၃)။
နိုင်အောင်ပိုင်း၊ ဥက္ကဋ္ဌ(ငြိမ်း)၊ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)၊ (၁၁.၈.၂၀၂၃)။
မိမိုးမိုးအေး၊ (Monland)၊ မွန်ရိုးရာဝတ်စုံ၊(၁၂.၁.၂၀၂၂)။)

- ရခိုင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)
  (ရခိုင်အလင်းပြကျမ်း (ဦးရွှေ၀ B.Sc, B.C.S)၊ ၂၀၁၁ ခုနှစ်။
  ရခိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ (ရခိုင်သားကြီးစာပေ)အတွဲ(၁)၊ (၂)ပါ ဆောင်းပါးများမှ မေကြီးသျှင်ကောက်နုတ်စုစည်းတင်ပြသည်။)
- ပအိုဝ်းတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ(ပဲခူးတိုင်းဒေသကြီး)
  (ပြည်ထောင်စုထဲက ပအိုဝ်း (ထုတ်လုပ်မှုတာ၀နှ်ခံ- ဦးခွန်ထွန်းလှိုင်)
- တိုင်းလေစာပေနှင့်ယဉ်ကျေးမှုကော်မတီ(မြစ်ကြီးနား)
  (ကချင်ပြည်နယ်၊ တိုင်းလေစာပေနှင့်ယဉ်ကျေးမှုကော်မတီ၏ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး)သို့ တင်သွင်းသည့်စာတမ်း။)
- ယင်းကြားတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ကိုးကန့်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ထနော့တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းမှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ

- ❖ တိုင်းခမ်းတီဗဟိုစာပေနှင့်ယဉ်ကျေးမှုအသင်း(မြစ်ကြီးနား)မှ ရေးသားပြုစုပေးပို့လာသည့် အချက်အလက်များ
- ❖ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အချက်အလက်များ

MOEA

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

MOEA

တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ စုစည်းထုတ်ဝေပါသည်။